www.burmeseclassic.com

# ပါးလခင်ခင်

ရင်ခွင်နွေးနွေး

ပေး...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ပါးလဝင်ဝင်

ရင်ခွင်နွေးနွေး... ဝေး...



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း



တမူခွင့်ပြုချက်အမှတ် ၅၀၀၉၉၇၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၂၉၀၆၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၁ ၂၁၃၅၄ ။

ပထမအကြိမ်-၂၀၀၇ ခုနှစ် ၊ (မေလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၁၆၀)ကျပ်



BURMESE CLASSIC .com

## အပိုင်း (၁)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

"တန်. . . တန်"

သံစုံတီးလုံး ဖုန်းမြည်သံကြောင့် ဆက်တီပေါ်တွင် အနားယူနေသော မင်းထွဋ်၏မျက်လုံးများ မဖွင့်ချင်ဖွင့်ချင်ဖြင့် ဖုန်းစကင်ပေါ်မှာ ပေါ်လွင်နေသော နံပါတ်ကို ဖတ်ကြည့်ရာ 'မြသစ်လွှာ' ဆိုသော အမျိုးသမီးဆီက ဖြစ်ပေသည်။ သူ ဘယ်လိုမှ ရှောင်ပုန်းမရနိုင်သော ဖုန်းခေါ်သံကြောင့် စိတ်မပါလက်မပါ ပြန်ထူးလိုက်ရသည်။

"အင်း. . . ကျွန်တော်ပါ မမ"

"ထွဋ်. . . ခေါ်ရတာ ကြာလိုက်တာကွာ"

"ကျွန်တော် အိပ်ပျော်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . ထွင့် ချက်ချင်း ဖုန်းမကိုင်လို့ စိတ်ပူနေရတာ၊ ညနေမှာ ဧည့်ခံပွဲ ရှိတယ်နော်၊ မနဲ့ ထွင့်အတွက် စီးပွားကွက်အသစ် ရှိလို့ မဖြစ်မနေ သွားရမှာမို့ မ, လာခေါ်မယ်၊ အဆင်သင့် ပြင်ထားနော်၊ ဒါပဲနော် ဘိုင့်"

ပြောပြောပြီးပြီး ဖုန်းချသွားချေပြီ။

"ဟူး"

စိတ်ပျက်လက်ပျက် ဖုန်းခလုတ် ပိတ်လိုက်သူက မင်းထွင့် ဖြစ်သည်။

မြသစ်လွှာ. . . ။

သူမ၏အလှအပကို မြင်ရသူတိုင်းက နောက်တစ်ဖန်ပြန်မကြည့်ရ မနေနိုင်အောင် လှပစိုပြေသော အသားအရည်အပြင် သူမ၏ဦးခေါင်း ဆံကေသာမှ ခန္ဓာအိမ် ဟိုးခြေဖျားဆုံးထိ တယုတယ ဂရုတစိုက်ဖြင့် လှပကျော့ရှင်းမှုကို အလေးထားခြယ်မှုန်းတတ်သူ။

ဝတ်စားဆင်ယင်မှုမှာ ခေတ်နှင့် လျော်ညီသော ရယ်ဒီမိတ်များက သူမ ကိုယ်လုံးလေးနှင့် လိုက်လျောညီထွေ ဝတ်စားတတ်သည်။

တကယ်ဆို မြသစ်လွှာအသက်က ရှိရင်းစွဲထက် ပိုမိုနုပျိုအောင် အလှအပများဖြင့် ကျားကန်ထားရပေမယ့် သူမထက်ငယ်ရွယ်သူများနှင့် ယှဉ်လျှင် သူမ၏ အသားအရည် ကောင်း





ခြင်း၊ စိုပြေလှပခြင်း၊ ခေတ်မီ အလှပ ခြယ်မှုန်းပစ္စည်းတို့ဖြင့်ဆင်ယင် ထုံးဖွဲ့ထားသဖြင့် မြသစ်လွှာ အလှက သာပေလိမ့်သည်။

ဒါတင်မက ခန္ဓာကိုယ် အချိုးအစားမှာ အဆီအသားအပိုအလို မရှိ၊ Body building club များတွင် အကျအန ကစားထားသဖြင့် ကျစ်လစ်ခိုင်မာသော ရင်ဖွံ့ဖြိုးမှုအလှက မုဆိုးမလေးပါဟု ပြောရမှာပင် အားနာစရာ။

ဖွံ့ဖြိုးလုံးဝန်းသော တင်သားများက မြသစ်လွှာမို့ လာလျှင် ဆန့်ကျင်ဘက် ပုရိသများ ရှေ့ရောနောက်ပါ တစ်ဝကြီးမျက်ဝန်းများ ခွာမရတော့ချေ။

တကယ့်တကယ်မှာတော့ မြသစ်လွှာ သည့်လိုအလှတွေ ထိန်းသိမ်းရတာ မောလှပါပြီ။ တစ်ကမ္ဘာလုံးက လူတွေက မြသစ်လွှာအလှက ဘယ်လို လှကြောင်း ချောကြောင်း ပြောကြပါစေ၊ မြသစ်လွှာ စိတ်မဝင်စားချေ။ ထူးခြား တုန်လှုပ်မှု မရှိခဲ့။

အကယ်၍များ မင်းထွင့်ဆိုသူ၏ နှုတ်ဖျားက ပြောကြားလာခဲ့လျှင်တော့ မြသစ်လွှာ၏အပျော်တို့ အတားအဆီး ရှိနိုင်ဖွယ် မမြင်။



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ တစ်နေ့ခင်းလုံး မြူတီပါလာတစ်ခုမှာ မြသစ်လွှာ ခန္ဓာကိုယ်တစ်ခုလုံး ရေနွေးငွေ့စက်ဖြင့် ပေါင်းတင်ကာ ခန္ဓာကိုယ် တစ်ခုလုံး စကင်ကဲဖြင့် ပြုပြင်ထားသည်။ ဆံကေသာ ကျော့ရှင်း မွေးပျံ့အောင်လည်း ငွေကုန် အချိန်ကုန်ခံ ပြင်ဆင်ရသည်။

အကယ်၍များ ညခံပွဲအပြန် ညဥ့်နက်ခဲ့လျှင် မင်းထွဋ်ရင်ခွင်မှာပဲ နစ်ဝင်ခွင့် ရရန် ဆိုသည့် စိတ်ကူးပုံရိပ်တွေနှင့် ညခံပွဲ မသွားခင်အချိန်မှာပင် မြသစ်လွှာ၏ ခန္ဓာအိမ် အသွေးအသားတို့ သွက်လက်စွာ စီးဆင်းနေသလိုပင် မြသစ်လွှာ၏ အတွေးလှိုင်းများမှာလည်း မင်းထွဋ်အတွက် အစီအစဉ်တွေ တစ်ခုပြီး တစ်ခုနှင့် ဆွဲဆောင်ရန် တွေးရင်းတွေးရင်း ကြည်နူးပြုံးတွေ ဝေစီကာ မင်းထွဋ်ထံ ဖုန်းခေါ် ရချေပြီ။

ကြည့်. . .။ မြသစ်လွှာကသာ အလှအပတွေ တအား အချိန်ယူပြီး ပြင်ဆင်နေရတာ။ သကောင့်သား မင်းထွဋ်က ခုမှ





ရေချိုးဖို့ ပြင်ဆင်နေဆဲပါတဲ့။

ဒါတောင် မြသစ်လွှာ ကြိုတင် ဖုန်းဆက် အသိပေးထားလေလို့။ နို့မို့ဆို အတူသွားဖို့ အခွင့်အလမ်း မမြင်။ သည်နေ့လို ညခံပွဲမျိုးကို မြသစ်လွှာ အဖော်မပါဘဲ ဘယ်သွားလို့ ဖြစ်ပါ့မလဲ။

သည်လို ပွဲမျိုးကို လက်လွှတ်ခံလို့လည်း မဖြစ်ပေ။ အများအလယ်မှာ မြသစ်လွှာဆိုတာ တစ်ကောင်ကြွက် အဖော်မဲ့ မျက်နှာငယ် မဟုတ်ဘူးဆိုတာ လူပုံအလယ်မှာ ဝင့်ကြွားပြချင်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အဓိက,ကတော့ မြသစ်လွှာနှင့် တွဲလာသူဟာ သည်ကနေ့ စီးပွားရေးလောကမှာ ရှေ့ဆုံးက ရောက်နေတဲ့လူသည့် မြသစ်လွှာ၏ အရင်းနှီးဆုံး ပါတနာ ဦးမင်းထွဋ် ဆိုတာပါပဲဟု လူသိရှင်ကြား ထင်ထင်ပေါ်ပေါ် ပြချင်သည့်အကြောင်းပင် ဖြစ်သည်။

ခက်နေသည်က မင်းထွဋ်ဖြစ်သည်။ ခုလို လူများများ သွားလာကြသည့်ပွဲမျိုးကို လုပ်ငန်းကိစ္စ မပါဘဲ ဘယ်ခါမှ မသွားချင်ပေ။

သူ၏ပင်ကိုယ်စရိုက်က လူတွေကို အလကား နေရင်း ဟန်ဆောင်ပြုံးပြ နှုတ်ဆက် အဲ့သလိုမျိုး လုပ်မနေချင်။ တစ်ကိုယ်တည်း ခပ်အေးအေး လွတ်လပ် ပေါ့ပါးစွာ နေတတ်ခြင်း ဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ် ရယ်မော ပြောဆိုခွင့်ကိုပဲ ရချင်သည်။

သူ မြန်မာပြည် ပြန်ရောက်စက သူ့ဘဝတွင် နံပါတ်တစ်





ကျေးဇူးရှင်သည် မြသစ်လွှာ ဆိုတာကိုတော့ အကြွင်းမဲ့ ဝန်ခံပါသည်။ စီးပွားရေးဈေးကွက်သို့ သူ ဝင်ကာစတွင် မြသစ်လွှာ၏ ကူညီပံ့ပိုးမှု လက်တွဲ ခေါ်ယူမှုများကြောင့် ခုလို မြန်မာပြည်၏ စီးပွားရေး စင်မြင့်ပေါ် ရောက်လာရခြင်း ဖြစ်သည်။

ခုဆိုလျှင် မြသစ်လွှာနှင့်သူ စားတူသွားတူ ရင်းနှီးလာကြတာ အချိန်ကာလအားဖြင့် ငါးနှစ်တိုင်ခဲ့ပါပြီ။ မြသစ်လွှာက အသက်အားဖြင့် မင်းထွဋ်ထက် သုံးနှစ်ခန့် ကြီး၍ မမဟု ခေါ်ဝေါ်သုံးစွဲမိခြင်း ဖြစ်၏။

မြသစ်လွှာမှာ ကံတရားကြောင့် မုဆိုးမ ဖြစ်ခဲ့သည်က လွဲ၍ အပြစ်ဆိုစရာ မရှိပါ။ တော်ရုံ ယောကျ်ားသားဆို အခုလို မြသစ်လွှာ၏ လက်ပွန်းတတီး တရင်းတနှီး နေလိုမှုမှာ နစ်မျောစီးဝင်သွားမှာ အမှန်ပင်။

မင်းထွဋ်အပေါ် မြသစ်လွှာ၏ မဆွတ်ခင်က ညွတ်ချင်ရေလာမြောင်းက ပေးလာသည်။ မင်းထွဋ်ဘက်က ရေက မစီးဆင်း၍ အခက်တွေ့နေခြင်းပင်။ မင်းထွဋ်၏ နှလုံးအိမ်တွေ နိုးထလာဖို့ ဘယ်ကဲ့သို့ ဆွဲဆောင် သိမ်းသွင်းရမှန်းပင် မသိနိုင်တော့။

မင်းထွဋ်ကတော့ ကိုယ့်ဘဝ အခြေအနေ ကိုယ့်ဘာသာ အသိဆုံးပင်။ အကြောင်းကြောင်းတွေ ထောက်ပြီး ခုလို သွားလာ ဆက်ဆံနေရတာ၊ လူပုံအလယ်မှာ မြသစ်လွှာ ချော ကြောင်း လှကြောင်း၊ ငွေရှာကောင်းကြောင်းတွေ မှိုးဖုံးအောင်



www.burmeseclassic.com

www.burmeseclassic.com

ပြောကြပါစေ။ မင်းထွဋ်စိတ်ကတော့ ပိုနေမြဲ ကျားနေမြဲ နှလုံးသား ငြိမ်သက်ထားစေသည်။





သည်နေ့လို ညှော်ခံပွဲမျိုးကို မင်းထွဋ် လုံးဝစိတ်မပါပါ။ အမျိုးမျိုးသော အကြောင်းပြချက်တွေနှင့် 'လိုက်ခဲ့ပါ ထွဋ်ရယ်' ဟု နားငြီးလောက်အောင် ဖုန်းတဂျီဂျီ ဆက်နေခြင်းမို့ မင်းထွဋ် စိတ်မပါစွာနှင့် ရေမိုးချိုး၊ အဝတ်အစား လဲကာ စောင့်နေရခြင်း ပင်။

"တီ. . . တီ"

ကားဟွန်းသံ ပေးလာခြင်းက မြသစ်လွှာ ရောက်လာပြီ မှန်း သိလိုက်သည်မို့ သူမ သူ့အခန်းဆီသို့ တက်မလာခင် အပြေးကလေး ဆင်းလာခဲ့သည်။

ကားပါကင်မှာ မြသစ်လွှာ ကားအရပ် မင်းထွဋ် အရောက် ဖြစ်၍ မြသစ်လွှာ လက်မှ နာရီကို ငုံ့ကြည့်လိုက်ပြီး မင်းထွဋ် အဝတ်အစားကို အကဲခတ်လိုက်ရာ စိတ်ပျက်သွားရသည်။ မျက်နှာ မသိမသာ ပျက်သွားပေမယ့် မင်းထွဋ် မြင်အောင် မျက်နှာကို ပြင်ပြီး အချိုဆုံး ပြုံးလိုက်ကာ. . .


www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . ဟွန်း. . . ကြည့်စမ်း၊ ထွန့်ကလဲ. . ဟိုနား ဒီနား သွားတာ ကျနေတာပဲ၊ ညဘက် ညည်ခံပွဲဝတ်စုံ ပြန်လဲလိုက် ပါလား၊ နာရီဝက်တောင် လိုသေးတယ်"

"မမကို ဖိတ်တဲ့ပွဲ မဟုတ်လား၊ ကျွန်တော်က ကား မောင်းပို့ပေးရုံ မဟုတ်ဘူးလား"

"ကြည့်. . . ထွန့်နော်၊ မ, စေတနာကို မလေးမစားနဲ့၊ မ,က ထွန့် လုပ်ငန်း အခွင့်အရေး ရပေါက်ရလမ်းအတွက် မျှော် ကိုးပြီး ထွန့်အတွက် တမင်သွားရတာ၊ သိရဲ့လား"

"တော်ပါတော့ မမရယ်၊ ကျွန်တော် ဒီ့ထက် မချမ်းသာ ချင်တော့ပါဘူး"

အမှန်ဆို မြသစ်လွှာ၏ ရင်ထဲက ဆန္ဒအမှန်မှာ မမရဲ့ စေတနာ ရေစီးထဲ မျောပါစေချင်ခဲ့တာ။

"ထွန့်တစ်ယောက်ကြောင့် ခက်ပါတယ်လေ"

သက်ပြင်းမော ချလိုက်ပြီး. . .

"ကဲ. . ကဲ. . သွားကြရအောင်"

ကားမောင်းသူနေရာမှ မြသစ်လွှာ ဖယ်ပေးကာ မင်း ထွန့်ကို မောင်းစေသည်။ မြသစ်လွှာကတော့ မင်းထွန့်နှင့် နီးနိုင် သမျှ နီးအောင် ကပ်ထိုင်ပြီး လက်တစ်ဘက်က မင်းထွန့် ပခုံးပေါ် မှီတင်ထားလိုက်ပြန်သည်။

မြသစ်လွှာ အပြုအမူကြောင့် မင်းထွန့် စိတ်ကျဉ်းကြပ်





တာ သူမ၏ကိုယ်သင်းရနံ့ကြောင့် ခေါင်းများပင် နောက်ကျိလာ သလို ခံစားနေရတော့သည်။ ကားမောင်းနေရင်းမှ. . .

"မမ ဟိုရောက်ရင် လူတွေကြားထဲ ကျွန်တော့်ကို ခေါ် မသွားနဲ့နော်၊ ကားပေါ်ကပဲ စောင့်မယ်"

"ဟာကွာ. . . ထွန့် ပါလာမယ်လို့ အားလုံးကို ပြော ထားတာ၊ ထွန့် မငြင်းနဲ့နော်၊ မ,အကြောင်း သိထားမှာနော်"

"ဟူး"

မြသစ်လွှာ စကားအဆုံးမှာ မင်းထွန့် သက်ပြင်း ခိုးချ လိုက်ခြင်း ဖြစ်သည်။ ဒါကို ကြားဖြစ်အောင် ကြားသွား၍. . .

"ဘာလဲ ထွန့်၊ မနဲ့ သွားလာရတာ စိတ်ပျက်နေလို့လား"

သည်လို ဆိုပြန်တော့လည်း မင်းထွန့် ကပျာကယာ မြသစ်လွှာဘက် ခေါင်းငဲ့ကာ. . .

"မဟုတ်ပါဘူး မမရယ်၊ ဒီနေ့ ခေါင်းနည်းနည်း မကြည် လို့ပါ"

"ဟင်. . . ဒါဆို စောစောက ပြောပါလား၊ ကဲ. . . ကဲ ခဏလောက်ပဲ နေပြီး ပြန်မယ်နော်၊ ဟုတ်ပြီလား"

မြသစ်လွှာဘက်က အလျှော့ပေးလာတော့လည်း မင်း ထွန့် အတိုက်အခံ ပြု၍ မငြင်းချင်တော့။

"ကောင်းပြီလေ၊ မမ ကတိတည်စေနော်"

"ဟွန်း. . . ဟွန်း၊ အေးပါဆို"



www.burmeseclassic.com

www.burmeseclassic.com



မြသစ်လွှာသည် မင်းထွဋ်ပါးပြင်ကို လက်နှင့် တို့ပြီး ကြည်နူးလိုက်၏။

ခုမှပဲ မြသစ်လွှာ စိတ်အေးရတော့သည်။ အမှန်ဆို ယောက်ျား အတော်များများ မြသစ်လွှာအပေါ် စိတ်ဝင်စား သဘောကျတာကို သိပေမယ့် မင်းထွဋ် ဆိုတဲ့လူ၏ နှုတ်မှ 'လှလိုက်တာ မမရယ်' ဟု စကားတစ်ခွန်းမျှ မဟဖူးခဲ့။

မြသစ်လွှာ အလှကိုလည်း အနီးကပ် မြင်တွေ့ နီးစပ်ထိတွေ့ခွင့် ရပါလျက်နှင့် တမက်တမော ငေးမော မကြည့်ခဲ့ဖူးချေ။

မင်းထွဋ်၏ တုန့်ပြန်မှုမဲ့ နှလုံးသားကိုတော့ မြသစ်လွှာ၏ အတွင်းမနောမှာ ကျေနပ်မှု ရှိမနေတာ အမှန်ပင်။





## အခန်း (၂)

ကားချိုးကွေ့ဝင်လိုက်သည်နှင့် ခမ်းနား ကျယ်ဝန်းသော အဝန်းအဝိုင်းမှန်း သိသာပါသည်။ ကားအစီးပေါင်းများစွာ ရပ်ထား၍သော ဧည့်ခံပွဲ ရှိတာ သိရသည်။ ခြံဝန်းထဲမှာ မီးရောင်စုံ ထွန်းညှိထားတာ မရှိ။

ကားဝင်လာတာနှင့် ကားပါကင် တာဝန်ကျသူက ပြေးလာပြီး ကားတံခါး လာဖွင့်ပေးသည်။ ကားပေါ်မှ ဆင်းတာနှင့် လမ်းပြပေးသူက ကြိုဆိုကာ အိမ်၏ တောင်ဘက်ဘေး တံခါးကြီးမှ အိမ်ထဲသို့ ဝင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီး၏အတွင်းသို့ ရောက်မှ ဂီတသံ ခပ်သဲ့သဲ့ ကြားရသည်။ ဧည့်ခန်းမသို့ ရောက်သည့်တိုင် ဧည့်သည် တစ်ဦး တလေမှ မမြင်ရဘဲ အောက်ဘက် ဆင်းသော လှေကားမှ ဆင်း သက်စဉ် ခန်းမကျယ်ကြီးတွင် လူတွေ ရယ်မော စကားပြောသံ၊ ဖွန်းသံ ခွက်သံများ ကြားရပြီး မီးရောင်စုံတို့နှင့် လင်းလက်နေ သည်။

ဧည့်ခံပွဲပိုင်ရှင်နှင့် တွေ့ဆုံရန် ဧည့်လမ်းညွှန်က ခေါ် ဆောင်ကာ ပို့ဆောင်ပေးလေသည်။ ကြည်ပြာရောင် အသား ပျော့ ဝတ်စုံကို အနောက်တိုင်းဆန်ဆန် ဝတ်ဆင်ထားသူ အမျိုး သမီးတစ်ဦး အချိုဆုံး အလှဆုံး အပြုံးများနှင့် ဆီးကြိုကာ လက် ကမ်းလင့် နှုတ်ဆက်ပုံက တရင်းတနှီး ရှိလှသည်။

"ဟော... . ယူ မြသစ်လွှာ နောက်ကျလှချည်လား၊ ဒီမှာ ယူ့ကို မျှော်နေတာ"

"ဆောရီးပဲ စူဇန်ရေ၊ လာကာနီးမှာ လုပ်ငန်းကိစ္စတွေ ပေါ်လာလို့လေ"

"ကဲ. . . ကဲ၊ ဒီလိုဆိုလည်း ကျေနပ်ရတော့မှာပေါ့၊ ဒါနဲ့. . ."

စူဇန်က မျက်လုံးဝေ့ကာ မြသစ်လွှာ ဘေးမှာ ပါလာ သော မင်းထွဋ်အား အကဲခတ်ကာ မေးလိုက်ခြင်းကြောင့် နဂို ကတည်းက မင်းထွဋ်အား ပွဲထုတ်ပြချင်သော မြသစ်လွှာ အ





တွက် အကွက်ကောင်း မဟုတ်ပါလား။

"နောက်ကျလို့ စူဇန် စိတ်ဆိုးမှာ တွေးပူမိလို့၊ ဟွန်း ဟွန်း. . . မေ့သွားတယ်၊ ဒါ မြသစ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေကြီး စီးပွားရေး လက်တွဲဖော် ဦးမင်းထွဋ်ပါတဲ့ရှင်၊ ထွဋ်ရေ. . . ဒါ မ,ရဲ့ အချစ်ခင်ဆုံး သူငယ်ချင်း စူဇန်ပါပဲ၊ နောက်ထပ် ဆေးအင်ပို့ ကိစ္စအတွက် လုပ်ငန်းစမယ်ဆိုတာ သူပဲပေါ့ ထွဋ်ရေ"

မြသစ်လွှာက စတိုင်အပြည့် ကန့်ကလျဖြင့် မင်းထွဋ် လက်မောင်းကို ဟန်ပါပါ ချိတ်ကာ မိတ်ဆက်ပေးနေခြင်းပင်။ စူဇန့်ထံ အလိုက်သင့် လက်ကမ်းပေးရင်း မင်းထွဋ် ပြုံးပြ၍ လောကဝတ် ပြုရချေပြီ။

စူဇန့်မျက်လုံးများက မင်းထွဋ်အပေါ် အတော် လေးစား အထင်ကြီးမှုများ ပေါ်လွင်နေသည်။ စူဇန်က လက်ဆွဲ နှုတ်ဆက် ရင်း. . .

"ဦးမင်းထွဋ်ရဲ့ စီးပွားရေးလုပ်ငန်းတွေက အတော့်ကို အောင်မြင်တာပဲ၊ ခုလို စူဇန့် ဧည့်ခံပွဲကို တက်ရောက်တာ အ ရမ်း ဝမ်းသာမိပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

စူဇန့်ထံမှ ဝမ်းသာအဲလဲ စကားများကြောင့် မင်းထွဋ် နှုတ်ခမ်း တွန့်တက်အောင် ပြုံးပြနေရပြန်သည်။

တဖွဲဖွဲ ရောက်လာသော ဧည့်သည်များမှာ အမျိုးသား ဧည့်သည်များ ပိုများလာကာ မြသစ်လွှာအနီးသို့ ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



ကြကာ စကားဝိုင်းဖွဲ့နေကြ၏။ ဘူဖေးပုံစံမို့ မင်းထွဋ်မှ မြသစ်လွှာ အနီးမှ ခေတ္တ ရှောင်ခွာနိုင်ရန် နားနားကပ်ခါ ပြောခဲ့လိုက်သည်။

"မမ. . . ကျွန်တော် စားစရာ သွားယူလိုက်ဦးမယ်နော်"

လူပုံအလယ်မှာ မြသစ်လွှာ လိုက်ပါနိုင်ဖို့ မဖြစ်နိုင်သေး၍ ခေါင်းညိတ်ပြပြီး ကျန်ခဲ့ရှာသည်။

"ဟုး"

မင်းထွဋ် ခုမှ အသက်ရှူချောင်သွားရသည်။ အဖျော်ယမကာအနီး သွားပြီးမှ ဘာမျှ သောက်ချင်စိတ် မရှိတော့၍ အချိုရည်ဗူးတစ်လုံးသာ ဆွဲယူခဲ့ပြီး တဖြည်းဖြည်း ဧည့်ခန်းမမှ ဆုတ်ခွာလာခဲ့သည်။

ခုန လာခဲ့သည့်လမ်းအတိုင်း ထွက်လို့မဖြစ်ချေ။ မျက်လုံး ဝေ့ကာ အပြင်ထွက်ရန် လမ်းကြောင်းရှာစဉ်၊ တွေ့ပါပြီ ဓာတ်လှေကားပေါက်။ ဓာတ်လှေကားတံခါး ခလုတ်နှိပ်ကာ တံခါးပွင့်တာနှင့် ဖျတ်ကနဲ ဓာတ်လှေကားထဲ ဝင်လိုက်သည်။

ခုန ဖြတ်သန်းခဲ့သော ဧည့်ခန်းသို့ ရောက်အောင် သွားပြီး ကားရှိရာသို့ ပြန်ဖို့ မင်းထွဋ် စိတ်ကူးထားပြီး ဓာတ်လှေကား မောင်းတက်လိုက်သည်။ တရိပ်ရိပ်နှင့် အပေါ်တက်လာသော ဓာတ်လှေကား ရပ်သွားတာနှင့် မင်းထွဋ် လှမ်းထွက်သည်။

ထွက်ပေါက်တံခါးတစ်ခု တွေ့၍ မင်းထွဋ် ထွက်လိုက်တာနှင့် ခုန ဖြတ်သန်းခဲ့သော ဧည့်ခန်းအနေထား မဟုတ်ဘဲ





မြက်ခင်းစိမ်းစိမ်းနှင့် လှပစွာ ဖန်တီးထားသော ပန်းခြံငယ်တစ်ခု ဖြစ်နေ၏။

မြက်ခင်းအလယ်မှာ လှပစွာ တည်ဆောက်ထားသော ရေတံခွန် အသေးစား၏ ရေစီးကျသံက သာယာနာပျော်ဖွယ် ရှိလှသည်။ စီးကျသောရေတို့ကို ရေအိုင်အဖြစ် ဖန်တီးကာ ကြာပန်းလှလှများ ပွင့်လန်းစေပုံက ကဗျာဆန်လှသည်။ မင်းထွဋ်သည် အိမ်ကြီး၏ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားပုံကို အံ့သြသွားရသည်။

ကားရပ်ထားရာသို့ ဘယ်ကဲ့သို့ ပြန်သွားရမှန်းမသိ ဖြစ်နေမိသည်။ လူငွေ့သူငွေ့ကြားမှာ မင်းထွဋ် ကြာရှည်နေလို့မရ။ နားအေးပါးအေးနှင့် နေချင်စိတ်ကြောင့် ရေကန်ငယ် ရှိရာသို့ သွားရန် ခြေလှမ်းပြင်လိုက်စဉ် မင်းထွဋ် လူရိပ်တစ်ခု လှစ်ကနဲ တွေ့လိုက်ရ၍ ခြေလှမ်းတို့ ရပ်တန့်သွားရသည်။

မှုန်ပျပျ အလင်းရောင်အောက်မှာ အသေအချာ ကြည့်မိစဉ် လေအဝေ့အဝိုက်မှာ ဝဲပျံလွင့်နေသော ဆံကေသာများကို စုသိမ်း၍ ဆံနွယ်စ,ကလေးများကို လက်ဖျားနှင့် တို့ခတ် ကစားရင်း ပန်းခြံထဲသို့ ငေးမော ကြည့်ရှုနေသော မိန်းကလေးတစ်ဦး။

မိန်းကလေးမှာ သူမ တစ်ဦးတည်း ဤနေရာကို ရောက်ရှိနေသလို စိတ်ချလက်ချ ခံယူထားပုံ ရ၏။ ဆက်လှမ်းသင့် မလှမ်းသင့် ချိန်ဆရင်း ဝရံတာ လှေကားတစ်ဆင့်ကို ကျော်နင်း



www.burmeseclassic.com

www.burmeseclassic.com



မိ၍ အသံကြောင့် မိန်းကလေး ဆတ်ကနဲ လှည့်ကြည့်ပြီး အံ့ဩ ထိတ်လန့်သွားပုံ ရသည်

ဝိုင်းစက်သောမျက်ဝန်းများနှင့် အံ့ဩစိတ်ကြောင့် နှုတ်ခမ်းသားထူထူလေးတို့ တုန်ခါနေသည်။ မိန်းကလေး၏ အမူအယာကို ကြည့်ပြီး မင်းထွဋ် ပြုံးချင်ချင် ဖြစ်သွားမိသည်။

ခြေလှမ်းတို့ နောက်ဆုတ်ဟန် ပြုပြီးမှ မင်းထွဋ် မိန်းကလေးအား တောင်းပန်ချင်စိတ် ဝင်လာ၍ ကိုယ်ခန္ဓာ ညွတ်ကိုင်းပြီး. . .

"အနှောင့်အယှက် ပေးမိတယ်ဆိုရင် ခွင့်လွှတ်ပါကွာ၊ ကိုယ် ကားရပ်ထားတဲ့ဆီ ရောက်မယ် ထင်လို့ ဓာတ်လှေကားနဲ့ တက်လာတာ"

မင်းထွဋ် ပြောသမျှကို မိန်းကလေးက ငေးစိုက်ကြည့်နေပြီးမှ. . .

"ရှင်က ဧည့်သည်လား"

"ဆိုပါတော့၊ ဒါပေမယ့် ကိုယ်နဲ့ မသိပါဘူး၊ မိတ်ဆွေနဲ့ ပါလာတာ"

"သြော်. . . သြော်"

မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ခေါင်းညိတ် နားထောင်နေပုံက အပြစ်ကင်းလှသည်။

"ကိုယ် ခဏ ဒီမှာနေလို့ ရမလားဟင်၊ လူတွေကြားထဲမှာ နေရတာ ငြီးစီစီ ဖြစ်နေလို့"

မည်သည့် မိန်းကလေးကိုမျှ ငုံ့စောင်းကြည့်ဖို့ မပြောနှင့် ခုလို ခွင့်တောင်းစကား ဆိုဖို့ရာ ဝေးလှသူ မင်းထွဋ်တစ်ယောက်သည်မိန်းကလေးအနီးက ရုတ်တရက် ခွာမသွားချင် ဖြစ်နေရသည်။ စကားမရှိ စကားရှာ ပြောချင်မိသည်။

သြော်. . . စိတ်ဆိုတာ ခက်ပါလား။

"မင်းက ဒီအိမ်ကလား"

"ဆိုပါတော့"

"ဒါဆို ဒီအိမ်ရှင်နဲ့ ဘာတော်လဲဆိုတာ သိခွင့်ရမလား"

"သိတော့ ဘာလုပ်မလို့လဲ၊ သိပ်စပ်စုရင် ဒါ ကျွန်မရဲ့ ကိုယ်ပိုင် အပန်းဖြေတဲ့နေရာကနေ ထွက်သွားရလိမ့်မယ်"

မိန်းကလေး၏ မျက်ဝန်းလဲ့လဲ့လေးကို ပင့်၍ ဘောက်ဆတ်ဆတ် ပြောပုံက ချစ်စနိုး အမူအယာ လုပ်ပြနေသလိုပင်။

သည်လို မျက်ဝန်းမျိုး. . . သည်မျက်ဝန်းမျိုး။

မင်းထွဋ် ဦးနှောက်ထဲမှာ ဖျတ်ကနဲ စီးဝင် မြင်ယောင်မှုများကြောင့် မင်းထွဋ် ရင်မှာ နစ်ကနဲ လှုပ်ခါသွားရချေပြီ။ တူတာပဲ ဖြစ်ပါစေဟု မင်းထွဋ် ဆုတောင်းနေမိသည်။

တစ်ယောက်တည်း အတွေးနှင့် မျက်နှာပျက်ယွင်းမှုကို မိန်းကလေးက သတိပြုမိပုံ မပေါ်၍ တော်သေးသည်။ မိန်းကလေးက တစ်ဘက်ကို ငေးမောနေ၍သာ မင်းထွဋ် စိတ်သက်




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

သာရခြင်း ဖြစ်သည်။

"မင်း ကျောင်းနေလား"

"အင်း"

"ဘယ်ကျောင်းတက်လဲ၊ ဘယ်နှတန်းလဲ"

"ကျွတ်. . . ခင်ဗျား သိပ်စပ်စုလွန်းပြီ၊ ကျွန်မ လူတွေကို စိတ်ပျက်လို့ နားအေးပါးအေး လာနေတာပါဆို၊ ရှင်လည်း ရှင့်ဖီးလ်နဲ့ နေပါ၊ ကျွန်မလည်း ကျွန်မအတွေးနဲ့ နေပါရစေ၊ ဒါကို သဘောတူရင် နေပါ၊ မလိုက်နာနိုင်ရင် ကြွပါတော့"

ကြည့်စမ်း၊ ပြောပုံဆိုပုံ လေယူလေသိမ်းကအစ သည်မျက်ဝန်း၊ သည်အကြည့်လေးတွေကြောင့် ကိုယ့်ရင်တွေ ဆောက်တည်ရာမဲ့ ဖြစ်တော့မယ်။

"ကောင်းပြီလေ၊ ကိုယ် နှုတ်ဆိတ်နေပါ့မယ်၊ ဒါပေမယ့် မင်းနာမည်လေးတော့ သိချင်တယ်"

"တော်ပြီဗျာ၊ ရှင့်ကြောင့် ကျွန်မရဲ့ စိတ်ကူး အနုသယ လေးတွေ ပျက်ပြယ်ရပြီ"

မိန်းကလေးက သူမ၏ ဆံနွယ်ရှည်များ လှုပ်ခါရမ်းသွား အောင် လှည့်ထွက်ဟန် ပြင်စဉ် မင်းထွဋ်က လျင်မြန်စွာ မိန်းက လေး ထွက်ခွာသွားမည်ကို စိုးရိမ်တကြီး လှမ်း၍ဆွဲလိုက်စဉ် ခန္ဓာကိုယ်ချင်း အမှတ်မထင် ပူးကပ်သွားရသည်မို့ မိန်းကလေး ၏ မကျေမနပ် မျက်ဝန်းနှင့် သူ့အား မော့အကြည့် မင်းထွဋ်ရင်





အဆမတန် လှုပ်ရှားသွားကာ အတိုင်းအဆမရှိ မိန်းကလေးအား နမ်းချွေပစ်မိတော့သည်။

မိန်းကလေးမှာ မထင်မှတ်သော လျှပ်တစ်ပြက်အဖြစ်မို့ အံ့အားတသင့် ဖြစ်ခိုက် ဝရံတာဘက်မှ ဖျတ်ကနဲ မာကျူရီ မီး အလင်းကြောင့် မင်းထွဋ်မှ မိန်းကလေးအား ဖြည်းညင်းစွာ လွှတ် ပေးလိုက်ရသည်။

ဓာတ်လှေကားတံခါးလည်း ပွင့်လာကာ စကားသံတို့ ပျံ့လွင့်လာသည်။ ဝရံတာဘက်သို့ ထွက်လာကြသော လူစုထဲမှာ စူဇန်နှင့် မြသစ်လွှာတို့ နောက်မှာ အမျိုးသား လေးငါးယောက် ပါလာသည်။

"ဟော. . . ညီမလေးက ဒီမှာကိုး၊ မမက လိုက်ရှာနေ တာ၊ လာ. . . လာ၊ ဒါ မမရဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေ နဲ့ မိတ်ဆက်ပေးရမယ်၊ ကဲ. . . အားလုံး မှတ်ထားနော်၊ ဒါ စူဇန့် ညီမလေး 'ပီတိနို'တဲ့၊ ညီမလေး. . . သူက မမရဲ့သူငယ်ချင်း အရင်းနှီးဆုံး မြသစ်လွှာတဲ့၊ မြသံလွင် ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ ကြီးပေါ့၊ ဒီဘက်က ဦးကျော်ဇံ၊ သူက စိုက်ပျိုးရေး သွင်းကုန်ထုတ် လုပ်ငန်းပိုင်ရှင်၊ ဒီဘက်မှာ ရှေ့နေကြီး ဦးမြတ်သူ၊ ဟိုဘက်က လေယာဉ်မှူးကြီး ဦးရဲရင့်၊ ဟုတ်ပြီလား"

လူစုံအောင် မိတ်ဆက်ပေးပြီးမှ မင်းထွဋ်အား စူဇန် မြင်တွေ့သွားကာ. . .


www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဦးမင်းထွဋ်က ဒီကို ရောက်နှင့်နေတာလား၊ ညီမလေးက မိတ်ဆွေတောင် ရနေပြီပဲ"

စူဇန်ကတော့ သဘောရိုးမျှပင်။ သူတို့အိမ်သို့ လာသော ဧည့်သည်မျှပင် မြင်ထားပုံ ရသည်။

"ကျွန်တော်တို့ မိတ်မဆက်ရသေးပါဘူး။ ကျွန်တော် အပြင်ထွက်တာ လမ်းမှားပြီး ဒီကို ရောက်လာတာ ခင်ဗျ"

"ဪ. . . ဒီလိုကိုး၊ ဒါဆိုလဲ မြသစ်ကပဲ အားလုံးနဲ့ မိတ်ဆက်ပေးလိုက်ပါဦး"

မြသစ်လွှာကတော့ မင်းထွဋ်အား အဓိပ္ပာယ်ပါပါ လှမ်းကြည့်ရင်း. . .

"ဒါ မြသစ်လွှာရဲ့ အရင်းနှီးဆုံး ပါတနာ မြနန္ဒီ ကုမ္ပဏီရဲ့ ဒါရိုက်တာ ဦးမင်းထွဋ်ပါရှင်"

မင်းထွဋ် တစ်ဦးချင်းစီ လက်ဆွဲ နှုတ်ဆက်ပြီးနောက် ပီတိနို၏ မဝံ့မရဲ လက်ဆွဲ နှုတ်အဆက်မှာ ပီတိနို၏ မျက်ဝန်းအိမ်ထဲသို့ တစိုက်မက်မက် ကြည့်ရင်း. . .

"ခုလို သိခွင့်ရတာ ဝမ်းသာပါတယ် ပီတိနို"

ပီတိနို၏ မျက်ဝန်းအစုံမှာလည်း ခံစားမှု လှိုင်းတစ်ခု ရိုက်ခတ်နေတာ ကိုယ် သိတာပေါ့။ မင်းရဲ့ လက်ဖဝါးနုနုလေးတွေကို ကိုယ် မေ့ရက်လို့ ရမလား။

ကိုယ့်ရဲ့နှလုံးသား လှုပ်ရှားခွင့် မရှိခဲ့တာ ကာလကြာခဲ့ပါ





ပြီ၊ အခုတော့ သည်နေ့ သည်အချိန် သည်နေရာက စပြီး မင်းထွဋ်ဆိုသူ၏ နှလုံးသည်းပွတ်တို့ သက်ဝင် လှုပ်ရှားလာပြီ ပီတိနို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကြည့်စမ်းပါဦး။ ပီတိနို ဆိုတဲ့ မိန်းမငယ်လေးကို ရွှန်းရွှန်းစားစား ကြည့်ပြီး နှုတ်ဆက်နေပုံများ။ မင်းထွဋ်ရဲ့ မျက်နှာပြင်ပေါ်မှာ လှုပ်ရှား ပြေးလွှားမှု မှန်သမျှ မြသစ်လွှာဆိုသည့် မိန်းမက အမြဲ ချက်အပ်လုပ်နေတာ ဖတ်ရှုနေတာ ရှင် သိလျက်နဲ့။

သည်နေရာမှာ ပီတိနိုဟာ စူဇန်ရဲ့ညီမသာ မဟုတ်ခဲ့ရင် မြသစ်လွှာ တစ်စစီ ချွေခဲ့မှာ အမှန်ပင်။ လှပကျော့ရှင်းမှု အပြည့်ရှိနေသည့် မြသစ်လွှာကိုယ်တိုင် ရေလာမြောင်းပေး လုပ်နေတာတောင်မှ မတုန်လှုပ်ချင်တဲ့ မင်းထွဋ်တစ်ယောက် ပီတိနို ဆိုသူကို မြင်ရုံနှင့် တရှိုက်မက်မက် ကြည့်နေပုံက ရင်ထဲမှာ ခံပြင်းလှသည်။





အနီးနားမှာ လူတွေ ရှိနေသေးတဲ့အပြင် မြသစ်လွှာ တစ်ယောက်လုံး ရှိနေရှော့လို့တောင် မထင်တော့။ ဟွန်း. . . မုန်းဖို့ကောင်းလိုက်တာ။ ပြီး. . . ကျောင်းနေခဲ့စဉ် တစ်လျှောက်လုံး စူဇန်မှာ ညီမရှိတယ်လို့ မကြားခဲ့ပါ။ အင်း. . . အကြောင်းတစ်ခုခုတော့ ရှိရမည်။

မြသစ်လွှာရဲ့ ဦးနှောက်စွမ်းရည်ကိုပဲ မင်းထွဋ် ကျော်နိုင်မလား။ မင်းထွဋ်ရဲ့ ကျောက်ဆစ်နှလုံးသား နိုးထအောင် စွမ်းနိုင်သည့် ပီတိနိုရော မြသစ်လွှာရဲ့ မျက်လုံးစကြာရိပ်က ပြေးလို့လွတ်မလားဆိုတာ ကြည့်ကြသေးတာပေါ့ဟု. . .။

ရင်အိမ်ထဲမှ မကျေနပ်ချက်များကို လောလောဆယ်မျိုသိပ်ထားနိုင်မှ တန်ကာကျမည်ဟု စိတ်ကူးရုံ ရှိသေး၊ မအောင့်အည်းနိုင်တော့၍. . .

"ထွဋ်"

"ပြောပါ မမ"

ကားမောင်းရင်း မင်းထွဋ် အလိုက်သင့် ဖြေနေရသည်။

"ထွဋ်နဲ့ ပီတိနိုက အရင်ကတည်းက သိကြတာလား"

"မဟုတ်ဘူး မမ၊ ဘာဖြစ်လို့လဲ"

မင်းထွဋ်စိတ်ထဲမှာတော့ မြသစ်လွှာကို နည်းနည်း လန့်လာရသည်။

"ထွဋ်တို့ကို ကြည့်ရတာ ကွဲသွားတဲ့ရည်းစားကို ပြန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး တစ်ယောက်ကိုတစ်ယောက် ကြည့်နေလိုက်ပုံများ"

"ဟာဗျာ. . . မမကလဲ"

ပြောမယ့်သာ ပြောရသည်၊ မြသစ်လွှာဆိုသည့် မိန်းမကို မင်းထွဋ် လျှော့တွက်လို့ မရတာ သေချာပြီ။ ကားရပ်၍ မင်းထွဋ် ကားပေါ်မှ ဆင်းမည်အပြု မြသစ်လွှာမှာ လျှပ်တပြက် မင်းထွဋ် နောက်ကျောကို တင်းကျပ်စွာ သိုင်းဖက်လိုက်သည်။ ပြီး. . . နှုတ်မှလည်း. . .

"ဒါပဲနော်၊ မ ရင်ထဲက ထွဋ်အပေါ် ထားခဲ့တဲ့ စေတနာ မေတ္တာတွေကို ပြန်ငဲ့ဦးနော် ထွဋ်၊ မ ရင်ကွဲအောင် မလုပ်ပါနဲ့ ထွဋ်ရယ်၊ ထွဋ် ဘဝ တက်လမ်းတစ်လျှောက်မှာ မ အနစ်နာခံ ထားရတာတွေ သိပါတယ်နော်"

"တော်ပါတော့ မမရယ်၊ ကျွန်တော် နားလည်ပါတယ်"

ခုလိုအချိန်မှာ မင်းထွဋ် မြသစ်လွှာနှင့် ဖက်ပြိုင်ပြောလို့ မဖြစ်။ အလိုက်သင့် ရေလိုက်ငါးလိုက် နေမှ ဖြစ်မည်။ သို့မဟုတ်ပါက သူ လျှောက်လိုသည့်လမ်းကို လျှောက်လှမ်းဖို့ရာ အချိန်မရ ဖြစ်သွားပေမည်။ စိတ်ထဲမှလည်း. . .

"ကျွန်တော် ကျေးဇူးကန်းတာတော့ မဟုတ်ပါဘူး ဒေါ် မြသစ်လွှာရေ၊ မင်းထွဋ်ရဲ့ နှလုံးသားမှာ နားခိုပြီးသား လိပ်ပြာငယ် ရှိနေလို့ပါ၊ ဟိုး. . . အရင့်အရင် နှစ်ပေါင်းများစွာကတည်း ကပေါ့ဗျာ"





မင်းထွဋ် ရင်ထဲမှ စကားသံများကို မြသစ်လွှာ ကြားခွင့် မရပေ။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဂျေဒိုးနတ်ဆိုင်မှာ မုန့်စားချင်လှချည်ရဲ့ဟု ပြော၍ ဝေလင်း လိုက်ပို့ပေးခဲ့ခြင်း ဖြစ်သည်။

"ဟဲ့. . . မိန္ဒိ စားလေ"

မလှုပ်မယှက် ငြိမ်နေသော ပီတိနိုအပေါ် ဝေလင်း စိတ်မရှည်ချင်တော့။ အမြဲလို သူနှင့် သွားလာတိုင်း ပျော်ရွှင် သွက်လက်နေတတ်သည့် ပီတိနို တစ်ယောက် ဝေလင်း မှာပေးထားသော မုန့်တွေကို တစ်ခုမကိုင်။

လူကလည်း ငေးငေးငိုင်ငိုင်၊ စားပွဲပေါ်ကို လက်တင်ပြီး မေးထောက် ငိုင်နေပုံက ပီတိနို၏စိတ်တို့ လူနှင့် ကပ်ငြိနေပုံ မရတာ သေချာနေပြီ။





တကယ်ဆို ဝေလင်းက ဒေါ်စူဇန်၏ ဆွေမျိုးနီးစပ်တော်စပ်သလို ဒေါ်စူဇန် ပိုင်ဆိုင်သော ကုမ္ပဏီ၏ ဒေါက်တာလည်း ဖြစ်သည်။ မိသားစု အရေးကိစ္စ ရှိက ကူညီရသူ ဖြစ်သည်။

အထူးသဖြင့် ပီတိနို ကျောင်းကိစ္စ၊ သွားလာမှုများကအစ ကြိုသလို ဝင်ကူညီနေရသူ။ တစ်နေ့ထက်တစ်နေ့ အလှသွေးကြွယ်သော ပီတိနို အနီးအနားမှာ ပျားပိတုန်းတို့ ဝိုင်းမအုံခဲလို၍ အရိပ်ပမာ စောင့်ရှောက်နေခြင်းလည်း အမှိကပင်။

ဒေါ်စူဇန်ကလည်း ပီတိနိုနှင့် ဝေလင်းတို့ အတူသွားအတူလာခြင်းကိစ္စကို ကန့်ကွက်ခြင်း မရှိခဲ့။ သူတို့နှစ်ဦး နီးစပ်ခွင့်ရရန် အခွင့်အရေးက အဆီးအတား ဘာမှမရှိခဲ့။ ပီတိနို ကျောင်းပြီးချိန်ကိုသာ ဝေလင်းက စောင့်မျှော်နေခြင်း ဖြစ်၏။

ဝေလင်းနှင့် ပီတိနို အနာဂတ်အတွက် ပူပင်စရာ ဘာမှမရှိဟု တွေးထင်ထားသမျှ ခုတော့ ပီတိနို အမူအယာတွေက ထူးခြားလို့ နေသည်။ ခေါ်လည်း မကြား၊ ပြောလည်း မကြား၊ နှုတ်တုန့်ပြန်တာလည်း မရှိ။ ခက်လို့နေပြီ။

"မိန္ဒိ"

ခပ်ဆတ်ဆတ် ပီတိနို လက်မောင်းကို ပုတ်ခတ်လိုက်မှ

"သြော်. . . အင်း၊ ကိုလင်း ဘာပြောမလို့လဲ"

ခုမှ အသိစိတ် ဝင်လာသည့်ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"မိနို နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"မုန့်တွေ မှာပြီး ယူလာတော့လည်း မစားနဲ့"

"အိမ်ကိုပဲ ထုပ်ပြီး သယ်တော့မယ်"

အမျိုးမျိုး စိတ်အပြောင်းအလဲ မြန်ပုံများ။ ချစ်တော့လည်း ဝေလင်းခမျာ မပြောသာ။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ကောင်တာမှာ မုန့်ပက်ကင် ထုပ်နေတာ ထိုင်စောင့်နေရှာသည်။

...မှဆက်ရန်...





## အခန်း (၅)

"တန်. . . တန်"

ဖုန်းခေါ်သံ တီးလုံး မြည်လာ၍ ဒေါ်စူဇန် အသာ ဖုန်းကို ဖွင့်နားထောင်လိုက်သည်။

"ဟလို မမစူဇန်လား"

"အေး. . . မင်း ကိုလင်း မဟုတ်လား၊ ညကြီးမင်းကြီး အရေးတကြီး ရှိလို့လား"

"ဟုတ်ကဲ့ မမစူဇန်၊ မိနိုကိစ္စ ပြောချင်လို့၊ မိနို အမူအယာ နည်းနည်း ပြောင်းလဲနေတယ်၊ မမစူဇန် သတိထားရအောင်ပါ"

"ဟင်း. . . ဟင်း၊ ကိုလင်းတို့ကတော့ လုပ်ပြီ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ချင်း စိတ်ကောက်နေကြတာ မဟုတ်လား”

ဒေါ်စူဇန် မျက်လုံးထဲမှာ သူတို့ကို ကလေးလိုပဲ ထင်ထား၍ ဖြစ်သည်။

“ဟာ. . . မမစူဇန်ကလဲ၊ အမြဲတမ်း ဘယ်ကိစ္စမဆို အနိုင်ယူတတ်ပြီး စကားကို ပေါက်ပေါက်ဖောက် ပျော်ရွှင်နေတတ်တဲ့ မိန်းကလေးက အခု ပုံစံတစ်မျိုး ဖြစ်နေတယ်၊ ကျွန်တော့် ဆေးပညာမျက်စိနဲ့ ကြည့်ရတာ ပီတိနို တစ်ခုခု စိတ်ထိခိုက်စရာများ ရှိခဲ့ကြုံခဲ့သလား၊ နောက်ပြီး သူနဲ့ ပတ်သက်တဲ့ တစ်စုံတစ်ရာများ ရှိနိုင်မလား၊ အဲဒါ နည်းနည်း စဉ်းစားကြည့်ဖို့ ပြောပြတာပါ”

ဒေါက်တာဝေလင်း ပြောသမျှအပြီးမှာ ဒေါ်စူဇန် စဉ်းစားရချေပြီ။

“အင်း. . . ဟုတ်မယ် ထင်တယ် ကိုလင်းရေ၊ ပြီးခဲ့တဲ့ လ,က ကိုလင်း ခရီးထွက်တုန်း မမတို့အိမ်မှာ ဧည့်ခံပွဲ လုပ်ဖြစ်တယ်လေ၊ အဲဒီနောက်ပိုင်း ငေးငေးငိုင်ငိုင် ဖြစ်နေသလားလို့”

ဒေါ်စူဇန့်စကားကြောင့် ဒေါက်တာဝေလင်း အားတက်သွားရသည်။

“အဲဒီပွဲမှာ ပီတိနို ထူးခြားမှု ဘာရှိခဲ့သလဲ”

“အင်း”

ဒေါ်စူဇန် စဉ်းစားတွေးရင်း. . .

“သိပြီ သိပြီ၊ မိတ်ဆက်ပေးလာတဲ့အထဲမှာ ဦးမင်းထွဋ်ရဲ့





ဆိုတဲ့လူက ပီတိနိုကို လက်ဆွဲနှုတ်ဆက်တာ တော်တော်နဲ့ လွှတ်တောင် မလွှတ်ဘူး၊ ငေးကြည့်နေလိုက်တာ တစ်မျိုးပဲ၊ မမရင်ထဲတောင် ဘဝင်မကျ ဖြစ်သွားမိတယ်”

“ဒါဆို ဖြစ်နိုင်ချေ ရှိတယ်၊ ဒီလိုအဖြစ်အပျက် ရှိခဲ့တာ ကျွန်တော့်ကို ပြောပြဖို့ ကောင်းတယ်”

“အေးကွယ်၊ မမကလည်း အလုပ်များသမားဆိုတော့ မေ့လျော့နေတယ်၊ ကိုလင်း ခုလို မေးလာမှ ဆက်စပ် တွေးပြီး စဉ်းစားကြည့်ရတာ”

“ဒါဆို ဒီလူက ဘယ်သူနဲ့ ပတ်သက်ပြီး ပါလာတာလဲ”

“အဲဒီလူက မြသစ်လွင်ရဲ့ ပါတနာအနေနဲ့ ပါလာတာပဲ၊ အရွယ်က မမတို့နဲ့ မတိမ်းမယိမ်းပါပဲ”

“ကောင်းပြီလေ၊ မိနိုရဲ့ အနေအထိုင် အသွားအလာကို ဂရုတော့ စိုက်ရလိမ့်မယ်၊ ကျွန်တော် လေ့လာ စုံစမ်းပြီးသလောက် မမကို ပြန်ပြောပြပါ့မယ်”

“ရင်တွေ တုန်လိုက်တာ ကိုလင်းရယ်၊ ညီမလေး အခြေအနေက စိုးရိမ်စရာတော့ မဟုတ်ပါဘူးနော်”

“ကျွန်တော်တို့ ဂရုစိုက်ဖို့တော့ လိုတယ်လေ”

“အေးပါကွယ်၊ ကြည့်လည်း လေ့လာစုံစမ်းဦး၊ ဆရာဝန်အနေ စုံထောက် ရှားလော့ဟုမ်း ဖြစ်နေဦးမယ်”

“ရပါတယ် မမရယ်၊ စိတ်မပူပါနဲ့၊ ခုရက်ပိုင်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



မိန့်လည်း ကျောင်းပိတ်ခါနီးပြီပဲ၊ ကျွန်တော်ပဲ ကြိုပို့ပေးပါ့မယ်၊ သူ့ကို ကားမမောင်းခိုင်းတာပဲ ကောင်းပါတယ်"

"ဟုတ်ပြီလေ၊ မမစုဇန်တို့က မိန်းမသားတွေချည်းပဲ ဆိုတော့ ကြောက်တတ်တာ အမှန်ပဲ၊ ခုမှပဲ စိတ်အေးရတော့တယ်၊ နို့မို့ စိတ်ပူပန်လို့ သေရတော့မယ်"

"စိတ်ချပါ မမစုဇန်၊ ဝေလင်းက မိနိုအတွက်ဆို အသက်စွန့်ရဲပါတယ်"

"ကဲ. . . ကဲ. . . ကောင်စုတ်လေး အိပ်ချေတော့၊ မိနို့ရဲ့ ကျန်းမာရေး လူမှုရေး မင်းပဲ စောင့်ရှောက်ပေတော့၊ ဟုတ်ပြီလား"

"ခုလို စောင့်ရှောက်ခွင့်ပေးတာ ကျေးဇူးတင်ပါတယ် မမစုဇန်"

"အေးကွယ်၊ ဂွတ်နိုက်နော် ကိုလင်း"

"ဂွတ်နိုက် မမစုဇန်"

ဖုန်းကို ပြန်ပိတ်ပြီး ဒေါ်စုဇန် ပင့်သက်ရှိုက်လိုက်မိလေတော့သည်။





## အခန်း (၆)

မနက်သာ မိုးစင်စင် လင်းသွားသည်။ မင်းထွဋ်ရဲ့ အိပ်ရေးဝသလို မဝသလိုလို ခေါင်းလည်း ကြည်လင်မှု ရှိမနေ၍ စိတ်တွေက အလုပ်ထဲမှာ နစ်ဝင်မှု မရှိနိုင်တာ သေချာနေပြီ။

ထို့ကြောင့် ရုံးခန်းမှ အတွင်းရေးမှူး မောင်အေးထံ သူ သုံးရက်ခန့် အနားယူချင်၍ မည်သည့် ဧည့်သည် လာလာ ခရီးထွက်သွားကြောင်းသာ ဖြေကြားဖို့ မှာထားသည်။

မင်းထွဋ်ရဲ့ ကိုယ့်စိတ်ကိုယ် နိုင်အောင် ထိန်းချုပ်တတ်သူပါ။ သူ ယခုလို မြန်မာပြည်၏ စီးပွားရေးလောကမှာ အောင်မြင်မှုရအောင် အတော်ကြီး ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။ ဒီလိုအ[illegible] ဒီလိုအခြေအနေ ရောက်ဖို့ မြနဒီ ကုမ္ပဏီကြီးတစ်ခု ဖြစ်ဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မြသစ်လွှာဆိုသည့် မိန်းမက သူ့ကို လမ်းပြ ကူညီခဲ့တာ အမှန်ပင်။

သည်တုန်းက မြသစ်လွှာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ခြင်း မရှိသေး။ မြသစ်လွှာတို့မှာ သားသမီး မထွန်းကားခဲ့ချေ။ သူ့မယောကျ်ားမှာ ကျန်းမာရေး သိပ်မကောင်းခဲ့၍ မြသစ်လွှာကသာ အစစအရာရာ ဦးဆောင် စီးပွားရှာသူတစ်ဦး ဖြစ်ခဲ့ရခြင်းကြောင့် စီးပွားရေးလောကကို ကျွမ်းကျင် ပိုင်နိုင်စွာ ကူးခတ်သူတစ်ဦး ဖြစ်သည်။

နောက်ဆုံး ယောကျ်ားဖြစ်သူ ကွယ်လွန်သွားပေမယ့် သားထောက်သမီးခံ မရှိ၍ မုဆိုးမဘ၀ ဆိုပေမယ့် တော်ရုံတန်ရုံ မိန်းကလေးများထက် အစစအရာရာ မြသစ်လွှာက သာပေလိမ့်မည်။

အလှအပကို ငွေကုန်ကြေးကျ ခံကာ ဂရုစိုက်သူ၊ ကိုယ်ကာယ အလှကို အစဉ်အမြဲ ထိန်းသိမ်းသူမို့ ယောကျ်ားများ မျက်စိပသာဒမှာ တပ်မက်ဖွယ် ရှိနိုင်ပါသည်။

မင်းထွဋ်၏ စိတ်ခံစားမှုမှာ တစ်ခါတစ်ရံ မြသစ်လွှာဘက်မှ ပွန်းပွန်းတီးတီး ခပ်ရဲရဲ ဆက်ဆံလာလျှင် ချစ်ခင်နှစ်သက်၍ မဟုတ်ဘဲ စိတ်အာရုံကြောင့် မြသစ်လွှာ ဆွဲငင်ရာနောက် လိုက်ပါချင်စိတ်များကို အမိအရ ချုန်းအုပ် ထိန်းသိမ်းခဲ့ရခြင်းပင်။

ထိုအခါမှာ မြသစ်လွှာ၏ နှုတ်ခမ်းမှာ ပြုံးယောင် ပျား





ရည်စက်များ ဆမ်းထားပေမယ့် မျက်လုံးအရောင်များမှာ မကျေနပ်ရိပ်တို့ ပြေးလွှားနေတာ မင်းထွဋ် မရိပ်မိဘဲ နေမည်လား။ လှစ်နေအောင် သိသမှ သိပ်သိပေါ့။

မင်းထွဋ်ဆိုတဲ့ကောင်က ပင်ကိုယ်နှလုံးသား မလှုပ်နိုးဘဲနှင့် ဘယ်မိန်းကလေးကိုမှ ရင်ခွင်ထဲ ဆွဲမသွင်းချင်တာ ဆုံးဖြတ်ချက်တစ်ခုလား။ မင်းထွဋ်အတွက် ယောကျ်ားမာန ဖြစ်ချင်ဖြစ်မည်။

ခုတော့ ခက်ချေပြီ။ ဖြစ်နိုင်လျှင် သည်အရပ် သည်ဒေသမှ စီးပွားရေးလုပ်ငန်းများအားလုံး ရုပ်သိမ်းပြီး အဝေးဆုံး တစ်နေရာသို့ သွားချင်လှပြီ။ ခက်နေသည်က စိတ်ဆန္ဒ၏ လှုံ့ဆော်မှုကြောင့်လား။ မင်းထွဋ် နှလုံးအိမ်မှ တောင်းဆိုမှုကြောင့်လား မသိ။

'ပီတိနို' ဆိုသည့် မိန်းကလေးကို ခုလို ဆုံတွေ့ခွင့် မရခဲ့လျှင် အလိုလို မြသစ်လွှာ ရင်ခွင်ထဲ ရောက်ချင် ရောက်သွားနိုင်ပေမည်။ ခုချိန်မှာ မင်းထွဋ် ပတ်သက်ခဲ့ဖူးသော လူအားလုံးကို ရှောင်ကွင်းပြီး ပီတိနို ဆိုသော မိန်းကလေးငယ်ကို ဘယ်ကဲ့သို့ ချဉ်းကပ်ရမည်ဆိုတာ အကြံထုတ်နေရပါပြီ။

တကယ်တော့ မင်းထွဋ်ဘဝမှာ ခုအသက်အရွယ်ထိ ပီပီပြင်ပြင် ဘယ်မိန်းကလေးမျိုးကိုမှ ပိုးပမ်းခဲ့ခြင်း မရှိ၍ ခက်ခဲနေလေသည်။ သည်အရွယ် ရောက်ကာမှ ရည်းစားထားကာစ ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်အရွယ် လူပျိုပေါက်စကဲ့သို့ စိတ်တွေ ကယောက် ကယက် မဖြစ်အောင် ကြိုးစားနေရခြင်းက ထူးဆန်းလို့ နေသည်။

ပီတိနို. . .။

မင်း တကယ်ပဲ မမှတ်မိတာလားကွယ်။ ဟုတ်မှာပါလေ မင်းနဲ့ကိုယ် ဆုံတွေ့ခဲ့ရခြင်းက မိနစ်၊ စက္ကန့်ပိုင်းလေးတမျှ ဆိုတော့ ဘယ်မှတ်မိနိုင်ပါ့မလဲ။ တွေ့ခဲ့သည့်အချိန်ကလည်း ကြာခဲ့ပြီကိုး။

ကိုယ့်ဘက်ကတော့ မင်းနဲ့ ဆုံစည်းရသည့် အခိုက်အတန့် ကာလလေးဟာ တစ်သက်တာ ထာဝရ လွှမ်းဆက်နေဆဲပါပဲကွာ။ မင်းအပေါ် ချစ်မြတ်နိုးပါတယ်လို့ ပြောခွင့်မသာလို့ မပြောခဲ့ရပေမယ့် သည်တစ်ခါတော့ ကိုယ့်ရင်တွေ ပွင့်မတတ် ခံစားနေရပြီ။

မင်းအပေါ် ချစ်မြတ်နိုးစိတ်တွေ ရှင်သန် နိုးထနေဆဲဆိုတာ ကိုယ့်ဘက်က ပြောခွင့် သာခဲ့မယ်ဆိုရင် မင်းလေးကို ကိုယ့်ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေး ပွေ့ထားရင်း ပြောပြချင်ပါသည် ပီတိနိုရယ်။

မင်းထွဋ်တစ်ယောက် အတွေးစိတ်ကူးထဲမှာ အချိန်ကုန်နစ်မျောတတ်သူ မဟုတ်။ ရအောင် အသိအာရုံစိတ်ကို ဖျောက်ပေမယ့် ပီတိနို၏ မျက်နှာပုံရိပ်က နှလုံးသားမှတ်ဉာဏ်ထဲမှာ





အထပ်ထပ် သိုမှီးထားသကဲ့သို့ တရိပ်ရိပ်ချင်း ပေါ်လာလေမို့ အတော်ကြီး စိတ်ယောက်ယက် ခတ်နေရခြင်း ဖြစ်သည်။ ထိုအချိန်မှာ. . .

"ဒေါက်. . ဒေါက်"

မင်းထွဋ် ဖုန်းအားလုံး ဖြတ်တောက်ထား၍ တံခါးလာခေါက်သူသည် မည်သူဆိုတာ မမေးဘဲ သိနေသည်။ မကြားမသိယောင် ဆောင်ကာ နေလိုက်သည်။ မင်းထွဋ် မည်သူနှင့်မှ မတွေ့ချင်၊ စကားမဆိုချင်ပါ။ စိတ်ကူးများနှင့် ရှက်လွင့် အဖော်လုပ်၍သာ နေချင်ပါသည်။

တစ်ခါတစ်ရံ စိတ်တူ ဝါသနာတူ အမျိုးသားချင်း ဘီယာဝိုင်းဖွဲ့ကာ ကိုယ့်ခံစားချက် သူ့ခံစားချက်ကို ရင်ဖွင့်ရနိုင်သည့် အပေါင်းအသင်း ယောကျ်ားချင်း မိတ်ဆွေပင် မထားခဲ့။ လူမှုဆက်ဆံရေး ညံ့ဖျင်းခဲ့ပါသည်။ ခုနေခါများမှာ ထိုအရာကို တောင့်တမိသည်။ အကြံဉာဏ် ရယူချင်သည်။

ဒါလည်း မဖြစ်နိုင်ပါ။ မင်းထွဋ်ဆိုသည့် ဘဝတစ်ခုကို အောင်မြင်စွာ ပိုင်ဆိုင်နိုင်ရန်၊ ဖြတ်ကျော်လာခဲ့ရသည့် ဒုက္ခများစွာကို သူ မမေ့ခဲ့၍ တစ်ဦးတည်း နေနေခြင်း ဖြစ်သည်။

ခုတော့. . .

ပီတိနိုနှင့် ပတ်သက်လာလျှင် ဘာမဆို ရင်ဆိုင် ကျော်လွှား ရဲရင့်စိတ်က လှိုင်းထန်နေသည်။ ဒါသည် ပီတိနိုအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးစိတ်ကြောင့်ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါသည်။ အနှိုင်းမဲ့ ချစ်မြတ်နိုးနေဆဲပါ ပီတိနို။





ကားကို ဂရုတစိုက် မောင်းရင်း ဒေါက်တာဝေလင်း ပီတိနိုအပေါ် မသိမသာ အကဲခတ်လာခဲ့သည်။ ပီတိနို မျက်နှာလေး ညှိုးနွမ်းနေတာ ဒေါက်တာဝေလင်း ရင်ထဲမှာ မကြည့်ရက်နိုင်ပေ။

"မိနို. . . ညည အိပ်ပျော်ရဲ့လား"

"အင်း"

"ညာနေပြန်ပြီ၊ မိနို မျက်တွင်းတွေ ကျနေတယ်"

"အိပ်ပျော်တစ်ချက် မပျော်တစ်ချက် ဖြစ်နေတယ်"

"ဘာတွေ တွေးနေလို့လဲ မိနို"

"တွေးတော့ မတွေးဘူး၊ အိပ်မက်မက်ပြီး အိပ်ရေးမဝသလိုပဲ"

"အိပ်မက်ကို မှတ်မိလား၊ ပြန်ပြောပြကြည့်ပါလား"

"မမှတ်မိဘူး၊ ပြန်စဉ်းစားလို့ တကယ် မရတာပါဆို"

"ကဲ. . . ကျောင်းထဲ ရောက်ပြီ၊ နေရိပ်ထဲမှာပဲ နေနော်၊



www.burmeseclassic.com

www.burmeseclassic.com

ညနေလာကြိုတာ နောက်ကျရင် စောင့်နေနော်"

"ဟုတ်"

မျက်လုံးလေး ပုတ်ခတ် လုပ်ကာ ကားပေါ်မှ ဆင်းဟန်ပြင်သည့် ပီတိနို့ ခေါင်းကို ဒေါက်တာဝေလင်း ချစ်စနိုး လက်နှင့် လှမ်းပုတ်ကာ နှုတ်ဆက်လိုက်သည်။

ကားထွက်သွားတာကို ရပ်ကြည့်ရင်း ဒေါက်တာ ဝေလင်းအား ပီတိနို့က လက်ပြ နှုတ်ဆက် ကျန်ရစ်ခဲ့သည်။ ကားလေး ဝေါကနဲ ပြန်ထွက်သွားမှ ပီတိနို့ အတန်းရှိရာဘက် ခြေလှမ်း လှည့်ထွက်စဉ်. . .

"တန်. . . တန်"

လွယ်အိတ်ထဲမှာ ချိတ်ထားသော လက်ကိုင်ဖုန်းမြည်သံကြောင့် ဖုန်းကို ဖွင့်ကြည့်စဉ် ဆက်ဖူးနေကျ ဖုန်းနံပါတ် မဟုတ်၍ ဖုန်းပြန်ပိတ်လိုက်သည်။ ဖုန်းမှားဝင်သည် ထင်၍ ဖြစ်သည်။

"တန်. . . တန်"

သည်တစ်ခါတော့ မှားဝင်တာ မဖြစ်နိုင်ဟု တွေးကာ နားထောင်လိုက်သည်။

"ဟလို အမိန့်ရှိပါ. . ."

စကားသံပင် မဆုံးသေး. . .

"ပီတိနို့. . . ကျွန်တော် မင်းထွဋ်ရှ ပြောနေတာပါ"

ပီတိနို့ ရင်အိမ်ထဲသို့ ဒိုင်းကနဲ သွေးခုန်နှုန်း အရှိန်ပြင်းစွာ ဝင်တိုးကုန်တော့သည်။

"အယ်. . ရှင်. . ရှင်"

"ဘာလဲ၊ ဒီနံပါတ် ဘယ်က ရသလဲပေါ့"

". . . ."

"နာမည်ကြီး ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင် ဖုန်းနံပါတ်ပဲဗျာ၊ မေးရလွယ်ပါတယ်"

"ကဲ. . . ရှင် ဘာပြောချင်လို့လဲ၊ မြန်မြန်ပြော"

"ကျွန်တော် ပြောချင်တာက ပီတိနို့ကို တွေ့ဆုံခွင့် ရချင်တာပါပဲ"

"အာ. . . ကျွန်မ အတန်းတက်ရတော့မယ်"

"အကြောင်းပြချက် သိပ်မခိုင်လုံဘူး ထင်တယ်၊ မင်းရဲ့မေဂျာဘာသာက နောက်တစ်ချိန်မှပါ၊ ကဲ. . . မေးခွန်းတွေ ပြန်မေးမနေပါနဲ့ မိန်းကလေးရယ်၊ မင်းရဲ့ခန္ဓာကိုယ်ကို အနောက်ပြန်လှည့်ပြီး မင်းရဲ့ခြေလှမ်းကို ညာဘက်က သစ်ပင်ရိပ်အောက်ကို ဆယ်လှမ်း လှမ်းခဲ့လိုက်၊ ကိုယ် ရှိနေတယ်"

"ဟောတော့"

သည်မျှသာ ပီတိနို့ အံ့သြမှု ပြုနိုင်သည်။ တစ်ဘက်က စကားအဆုံး ပီတိနို့ လှည့်ကြည့်ချိန်မှာ အနုစား နှီးဦးထုပ်ကို ကောင်းဘွိုင်ဆန်ဆန် ခပ်ငိုက်ငိုက် စောင်းထားသည်။ တီရှပ်အဖြူ၊ ဂျင်းဘောင်းဘီပြာနု ဝတ်ထားသည့် လူတစ်ယောက်။




www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းထွဋ် ဆိုသည့်လူ။

"ဖုန်းမချလိုက်နဲ့နော်၊ မင်း မလာရင် ကိုယ် အတန်းဝထိ လိုက်လာပြီး ရပ်စောင့်ခေါ်မှာနော်"

"ဟာ. . . လူရှုပ်ကြီး၊ မလုပ်နဲ့ မလုပ်နဲ့၊ ခု လာနေပြီ၊ ခု လာနေပြီနော်"

ကလေးဆန်ဆန် အော်ကာ ဖုန်းအမြန်ပိတ်ပြီး မင်းထွဋ် ရပ်စောင့်နေရာ သစ်ပင်ရိပ်သို့ ခပ်သွက်သွက် လျှောက်၍သွားလိုက်သည်။ ပီတိနို မင်းထွဋ်အား လှမ်းကြည့်စဉ်. . .

"ဒီလူရဲ့အပြုံးက ဆွဲဆောင်အား သိပ်ကောင်းပါလား"

ပီတိနို ရင်ထဲမှာ ရှက်စနိုး အကဲခတ်နေခြင်း ဖြစ်သည်။ ကြည့်ပါဦး၊ ဒီလူကြီးက အသက်သာ ကြီးတယ်၊ သူ့မျက်နှာမှာ ရှက်ရိပ်တွေနဲ့ နီရဲနေတာပဲ။

"ဟိုဘက်က အအေးဆိုင်မှာ ခဏထိုင်ရအောင်နော်"

"အင်း. . . ထိုင်လေ"

ကြည့်စမ်း။ ပီတိနိုတစ်ယောက် ကောင်းကောင်း အညှို့ခံနေရသလိုပင်။ ကွင်းပြင်ကျယ်မှ ဒလဟော တိုက်လာသော လေအတိုးမှာ ပီတိနို ဆံစလေးများကို သိမ်းလို့ မနိုင်နိုင်တော့။ ဒါကို မြင်သော မင်းထွဋ်က သူ့ဦးထုပ်လေးနှင့် လေကာပေးထားရှာသည်။

"ငါ့နှယ်. . . ဒီလူနဲ့ ခုမှ တွေ့တာ၊ သူ ကြင်နာပြသမှု





ယူချင်နေတာ ခက်ပါပြီ"

ပီတိနို ရင်ထဲက တိတ်တခိုး မှတ်ချက်ပြုနေခြင်းပါ။

"ပီတိနိုရယ်၊ မင်းပုံစံလေးက ရင်ထဲမှာ ငြိလွန်းလို့ ထွေးပွေ့ထားချင်လိုက်တာ"

တစ်ဦးနှင့်တစ်ဦး စကားလုံး ထုတ်ဖော်မဆိုဘဲ အအေးဆိုင်မှာ ထိုင်လျက် နှုတ်ဆိတ်နေကြသည်။

"ဒီမှာ လူရှုပ်ကြီး၊ ရှင် မှာချင်တာမှာ၊ ကျွန်မ အချိန်မရဘူး"

"မင်း သောက်ချင်တာ မှာလေ"

"ဘာမှ မသောက်ချင်ဘူး၊ ရှင် မှာ"

"ဟာ. . . ခက်တော့ နေပြီ၊ ဒီတိုင်း ထိုင်နေရင် ဆိုင်ရှင်ကို အားနာစရာကြီး"

"ရှင်ခေါ်လို့ လာရတာ၊ ရှင် မှာ"

"နိုနိုကလဲကွာ"

"ဘာ. . . လူကို နိုနိုတဲ့၊ ဟွန်း. . . မခင်ရသေးတဲ့လူကို များ"

"ညာမနေစမ်းနဲ့ ကလေးမ၊ မင်းမျက်ဝန်းထဲမှာ ကိုယ့်ကို သိနေတယ်"

"သွား. . . သွား၊ ဟင့်အင်း. . . မသိဘူး"

ဖြစ်မှဖြစ်ရလေ ပီတိနိုရယ်။ မင်း တကယ် မသိတာလား


www.burmeseclassic.com

www.burmeseclassic.com



မသိဟန်ဆောင်တာများလားကွယ်။

"ကိုယ် စိတ်မကောင်းဘူး နိုနိုရယ်၊ မင်း မသိဘူးပဲ ထား လိုက်ပါတော့၊ မင်း စိတ်ညစ်သွားပုံကို ကိုယ် မကြည့်ရက်လို့ပါ"

သည်လို မင်းထွဋ်က ပြောလေမှ မျက်ဝန်းရွဲကြီးများနှင့် မော့ကြည့်လာပြန်သည်။

"မင်း အဲ့သလို မကြည့်ပါနဲ့ကွာ၊ ကိုယ့်စိတ်တွေ ထိန်းဖို့ ခက်လိမ့်မယ်"

မင်းထွဋ် ရင်တွင်းစကား ပြောပြီး ရင်ထဲပဲ မျိုချပစ်ကာ

"နိုနို. . . နောက်ကို ကျောင်းကို ကိုယ် လာတွေ့ရင် လက်ခံမှာလား"

နှုတ်ခမ်းလေး စုတုတု လုပ်ကာ ခေါင်းငြိမ့်ပြရှာသည်။

"ကိုယ် ပျော်သွားပြီ၊ မင်းရဲ့ကျောင်းတက်ချိန် ကိုယ့်ကို ပေးထားနော်"

ကြည့်စမ်း။ သူ့တောင်းဆိုချက်များကို အလွယ်တကူ ခေါင်းညိတ်ပြီးမှ ပီတိနိုဟာ အညာလွယ်တဲ့ မိန်းကလေးမုံစံ ဖြစ် နေပြီလား မသိ။

တကယ်ဆို ကျွန်မ ငြင်းဗယ်သင့်ပါသည်။ ငြင်းပယ်သင့် မှန်း သိလျက်နှင့် ဟုတ်ကဲ့ချည်း သရုပ်ဆောင်မိနေတာ ကျွန်မ နှလုံးသား၏ အလိုဆန္ဒ ဖြစ်ပါလိမ့်မည်။

နှလုံးအိမ်ရဲ့ လိုက်လျောချက်ကို တုံ့ပြန်ဖို့ ခုခံနိုင်စွမ်း





အား ကျွန်မမှာ နတ္ထိဖြစ်နေပြီ။ ဘုရားစူးရစေရဲ့။ ဦးမင်းထွဋ်ဆိုသူ ကို ညှော်ခံပွဲ ပြီးဆုံးပြီးနောက်ပိုင်း အဲဒီလူကို တွေ့ချင်မြင်ချင်စိတ် ဖြစ်ပေါ်နေရတာ ကိုယ့်ဘာသာ အသိ။

ဦးမင်းထွဋ်က သူ့အိတ်ကပ်ထဲမှ ဘောလ်ပင် ထုတ်ပြီး လိပ်စာကဒ်နောက်မှာ ဖုန်းနံပါတ်တစ်ခု ရေးပေးကာ ကမ်းပေး သည်။

"ဒါ မင်းနဲ့ကိုယ့်အတွက် လျှို့ဝှက်သင်္ကေတ ဖုန်းနံပါတ်၊ ကိုယ်တို့နှစ်ယောက် အရေးတကြီး ဆက်သွယ်လို့ ရအောင်"

ကြည့်ပါဦး၊ ဖုန်းကဒ် ပေးရင်း ပီတိနို လက်ကလေးကို တယုတယ ဆုပ်ကိုင်ပြီး စကားပြောနေပုံက တရင်းတနှီး ဆန်လှ သည်။

"စိတ်ထဲမှာ ဘာမှ လျှောက်တွေးမနေနဲ့ဦး၊ မင်းနဲ့ကိုယ် ခုလို ဆုံရတာ ရေစက်ကုသိုလ် ကောင်းလို့ မှတ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟို. . . ဟို. . . နို အတန်းတက် တော့မယ်"

"အိုကေ၊ နောက်နေ့ ကိုယ် လာတွေ့ဦးမယ်နော်"

"အင်း. . . အင်း၊ ဘိုင့်ဘိုင်"

ပြောပြောပြီးပြီး အပြေးလေး ထွက်သွားသော ပီတိနို အပေါ် စောင့်ကြည့် ကျန်ခဲ့သူက မင်းထွဋ်။ ရင်ခုန်လှိုင်းတွေနှင့် ပြုံးလျှား လှုပ်ခတ်ကာ ခြေဖျားလက်ဖျား အေးစက် တုန်ယင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ခန္ဓာအိမ် သွေးကြောထဲသို့ နှလုံးသွေးတို့ လျှင်မြန်စွာ နွေးထွေးမှုတို့ စီးဝင်စေသည်။

ဒါဟာ အချစ်ဆိုလျှင် ပီတိနို၏အချစ်သည် မင်းထွဋ်ဆိုသည့်လူအတွက်လား။

...ဓမ္မော...





## အခန်း (၇)

အမ်ပီသရီး နားကျပ်လေး တပ်ကာ စိတ်ကူး အချစ်သီချင်းကလေးနှင့် ကောင်းကောင်း ငြိမ့်ရင်း နှုတ်မှလည်း လိုက်ဆိုညည်းမိသည်။

*"ကြင်နာသူရေ တစ်သက်လုံးအတွက် စကားလေး တစ်ခွန်းလောက် မေးချင်လို့ပါ၊ ရင်ခုန်စေအောင် အိပ်မက်လေး နှလုံးသားလေးထဲမှာ ရှိရဲ့လား"*

"ကလစ်"

တံခါးခေါက်သံ မပေးဘဲ အိပ်ခန်းတံခါး ပွင့်လာ၍ ပီတိနို ရုတ်တရက်မို့ ဆိုလက်စ သီချင်းလေး ရပ်တန့်သွားရသည်။

"ဆက်ဆိုပါ မိနို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝေလင်းက လှမ်းပြောပြီး မမစူဇန်နှင့် ဝင်လာကြခြင်း ဖြစ်၏။

"လာ. . . မမ ထိုင်လေ၊ ကိုလင်း ထိုင်"

ဝင်လာသူတို့ကို နေရာပေးပြီး ပီတိနို အကြည့်က အစ်မဖြစ်သူ ဘာများ ပြောကြားမလဲဟု မော့ကြည့်နေခြင်းပင်။ သူမ ပုံစံကို ကြည့်၍ အပြစ်မြင်သူပင် မမြင်ရက်စရာ။

"ဒီမှာ ညီမလေးရေ၊ ကိုလင်းက ပြောလာလို့ မိနို ညည အိပ်မပျော်ဘူးဆိုလို့ ဆေးစစ်ဖို့ ဆေးတိုက်ဖို့ လာတာပါတဲ့"

"အာ. . . ကိုလင်းကလဲ၊ မိနို အခု အိပ်လို့ရသွားပြီ၊ ဒီနေ့ နေရတာ ကောင်းတယ်၊ သိလား"

စူဇန်ရော ဝေလင်းပါ မိနိုကို အကဲခတ်သလို ကြည့်ရင်း

"ကဲပါ. . . မိနိုရာ၊ လာလက်စနဲ့ ပေး. . . သွေးပေါင်လေးတော့ ချိန်သွားပါရစေဦး"

"ကိုလင်း သဘောပါပဲ၊ မိနိုကို မြင်တာနဲ့ သူ လူနာကြည့်တဲ့ မျက်လုံးနဲ့ပဲ ကြည့်တာ မမစူဇန်ရဲ့"

ပီတိနို နှုတ်ခမ်း စူပွစူပွ လုပ်ကာ ပြောနေပေမယ့် အစ်မဖြစ်သူ စိတ်ချမ်းသာစေတဲ့ သဘောကိုတော့ မဆန့်ကျင်ပေ။

"သွေးပေါင် နည်းနည်းကျနေတယ်"

"တွေ့လား မမ၊ ကိုလင်းက လူကို ဝေဒနာအမည် တစ်ခုခု တပ်ရမှပါဆို"





"ငါနော်"

ဒေါက်တာဝေလင်းက လက်သီးဆုပ်ဖွဖွဖြင့် ပီတိနို နဖူးကို အသာထု ကျီစယ်လိုက်သည်။ စူဇန်ကတော့ သူတို့နှစ်ဦးအား ကြည့်ပြီး ရယ်မောနေလေသည်။

"မိနို. . . ပေးတဲ့ဆေးတွေ အချိန်မှန် သောက်နော်"

"ဟုတ်ကဲ့ပါဆို"

ပီတိနိုကလည်း မြန်မြန်ပြီးရင် ပြီးရော အလိုက်သင့် ပြောနေရသည်။ အမှန်က ပီတိနို ကြည်နူးရိပ် အတွေးတွေနှင့် ပျော်နေခြင်း ဖြစ်သည်။

သူတို့ အပြင်ထွက်သွားတာနှင့် အခန်းတံခါးသော့ အသာလေး ပြေးချကာ ခုနက ပေးခဲ့သော ဆေးများကို သန့်စင်ခန်းထဲသို့ သွားသွန်ပစ်လိုက်၏။

ကုတင်ပေါ်သို့ အသာပစ်လှဲလိုက်ကာ ဖုန်းကို ဆွဲယူပြီး မင်းထွဋ် ပေးထားသော ဖုန်းနံပါတ် ခလုတ်များကို နှိပ်ယူ ဆက်သွယ်လိုက်သည့်အခါ. . .

"ဟလို. . . နိုနိုလား"

"ဟင့်အင်း ပီတိပါ"

"ဟင်း ဟင်း. . . မင်းလည်း အတော် နောက်ပြောင်တတ်တာပဲ"

"ဒါပေါ့၊ နို ပြောစရာရှိလို့၊ ခုနက မမစူဇန်နဲ့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်း လာပြီး ရောဂါရှာဖွေရေး လာလုပ်တယ် သိလား
နို အိပ်ပျော်အောင် အားရှိအောင်တဲ့၊ ဆေးတွေ ပေးလာတယ်
ခုလေ နို အိမ်သာထဲ ပစ်လိုက်ပြီ၊ သိလား"

"ဟာ. . . ဘာလို့ အဲသလို လုပ်ရတာလဲ၊ အဲဒါ မင်း
ကျန်းမာရေးအတွက်ပဲ မဟုတ်လား"

"ဟင့်အင်း၊ နို အိပ်ပျော်မှာ ကြောက်နေတယ်၊ နို အ
တွေးတွေနဲ့ပဲ နေချင်တယ်"

"မင်းက ဘယ်သူ့အကြောင်း တွေးချင်တာလဲ"

"ရှင်လေ၊ ရှင့်အကြောင်းပေါ့၊ သိရဲ့လား၊ ခစ်ခစ်. . .
ဒါပဲနော်"

"ဟင်း. . . ဟင်း"

မင်းထွဋ်ရှပါ ပီတိနိုနှင့်အတူ ရော၍ ရယ်မိတော့သည်။

...ဖဖဖ...





## အခန်း (၈)

"ဒေါက်. . . ဒေါက်"

ဒီလို တံခါးခေါက်သံဆိုလျှင် မမေးဘဲနှင့် အလွတ်ရပြီး
သားပင်။

"ဒေါက်. . . ဒေါက်"

"ဝင်ခဲ့လေ"

အထဲမှ အသံပေးလိုက်သဖြင့် 'ကလစ်' ဟူသော တံခါး
ဂျက်ပွင့်သံနှင့်အတူ. . .

"ထွဋ်ကတော့ သိပ်ရက်စက်တယ်ကွာ၊ ကုမ္ပဏီမှာ
လည်း မရှိ၊ အိမ်လာတော့လည်း တံခါးပိတ်လျက်သား၊ ဘာဖြစ်
သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ အေးရာအေးကြောင်း စတေးရှောင်နေတာလေ၊ အလုပ်တွေ ပိပြီး ငြီးငွေ့လာလို့ တစ်ယောက်တည်း အပန်းဖြေ ထွက်တာ"

"ဒါနဲ့များ မကို ပြောရောပေါ့၊ မ လိုက်ပို့ပေးမှာပေါ့"

အမူပိုပို မျက်နှာပေးနှင့် တမင်ကို မင်းထွဋ်အပါး ကပ်ကာ သိုင်းဖက်ရင်း ပြောလိုက်ခြင်းပင်။

"ယောကျ်ားလေး သဘာဝ လွတ်လွတ်လပ်လပ် သွားချင်လို့ပါဗျာ"

ဆင်ခြေရန်ရှောင် ပြောနေရသည်။ ယုံဖို့တော့ မရှိ။

ဟွန်း. . . မုန်းဖို့ကောင်းတယ်။ ကြည့်လေ၊ မြသစ်လွှာက အမျိုးမျိုး လမ်းကြောင်းတွေ ပေးနေလည်း မသိကျိုးကျွံ အမူအယာနှင့် စကားတွေ ရှောင်တိမ်းပေမယ့် လုံ့အရှောင် အတိမ်းကိုတော့ ကျွမ်းကျင်အောင် ကြိုးစားထား မင်းထွဋ်ရေ။

မြသစ်လွှာကလည်း မင်းထွဋ်ထံ လာပြီဆိုလျှင် အကျီဆိုပါးပါး၊ ကိုယ်ကြပ် လည်ဟိုက်မှ ဝတ်ဆင်လာတတ်သည်။ စကဒ်ကိုလည်း စတိုင်ကျကျ လုံမငယ်တစ်ယောက်ကဲ့သို့ ဝတ်ဆင်လာတတ်သည်။

တမင် မင်းထွဋ်တစ်ယောက် နှစ်ယောက်ချင်းအတွေ့မှာ ချာန်လျောသွားအောင် ရည်ရွယ်ခြင်း ဖြစ်သည်။ မင်းထွဋ်မြသစ်လွှာ၏ ဖက်တွယ်ထားသော လက်တို့ကို ဖြေလျော့ရင်း





စကားစ ရှာရသည်။

"အိမ်ကို လိုက်လာတာ အကြောင်းရှိလား မမ"

"ရှိတာပေါ့ ထွဋ်ရယ်၊ မမြင်ရတာ သုံးရက်ရှိပြီ"

ပြောလည်းပြော၊ မြသစ်လွှာ ရင်အစုံက မင်းထွဋ် ရင်ခွင်ကြား အတင်း ဖိကပ်တိုးလာကာ မင်းထွဋ်က နောက်ဆုတ်လေ မြသစ်လွှာက တိုးဖက်တွယ်ထားလေ။ မြသစ်လွှာပုံစံက ရေငတ်နေသူပမာ ဖြစ်နေရှာသည်။

"နောက်ပြီး စူဇန့် အဲဆက်အသွယ်နဲ့ အင်္ဂလန်နဲ့ ဆွိစ်ဘက်က ဆေးတွေ သွင်းဖို့ အဆင်ပြေပြီတဲ့၊ အဲဒါ စူဇန်ရယ် မ,ရယ် ထွဋ်ရယ် သုံးဦးပေါင်း ရှယ်ကြမယ်၊ ဒါမှ ငွေမှီကြမှာ"

"ဟူး"

မြသစ်လွှာမှာ ပြောစရာရှိတာလည်း ပြော၊ သူမ စိတ်အာရုံအတွက် အမျိုးမျိုး သရုပ်ဆောင်ပြလေသည်။ မင်းထွဋ်ကလည်း သည်လို အချုပ်အတီးမျိုး ရင့်ကျက်လာတော့ ဥပေက္ခာပြုနိုင်သည်။

လက်ခုပ်ဆိုတာ တစ်ဖက်တည်း တီးလို့ မရ၍သာ မြသစ်လွှာ အလျှော့ပေးလိုက်ရသည်။ စိတ်ကတော့ မကျေနပ်။ သို့ပေမယ့် မင်းထွဋ်နဲ့ ဝေးရမှာစိုး၍ မျိုသိပ် ခံစားနေရသည်။

မင်းထွဋ်ဆိုသည့်လူက အရင်တုန်းက ငွေမှငွေ၊ ကြီးပွားချမ်းသာချင်စိတ်ကြောင့် ဘယ်လုပ်ငန်းမျိုးမှ လက်မရွှေ့တ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ခုအခြေအနေက လက်ရှိ လုပ်ငန်းကိုပင် တဖြည်းဖြည်းနှင့် ရုပ်သိမ်းပြီး ခပ်ဝေးဝေးသို့ ပြေးချင်နေပြီ။

တစ်နေ့နေ့မှာ အားလုံးကို ခြေလွတ်လက်လွတ် ပစ်ပြေးရတာထက်စာလျှင် ခုချိန်က သိုသိပ်စွာ ပြင်ဆင်ထားတာက အကောင်းဆုံး ဆိုတာ မိမိဘာသာ အသိဆုံး ဖြစ်သည်။ သည်အကြောင်းအရာကို မြသစ်လွှာကို အသိပေး၍ မဖြစ်ပေ။

"ဟော့. . . ထွင့်၊ ဘယ်လို ဖြစ်နေတာလဲ၊ ရပေါက်ရလမ်း မှန်သမျှ မင်း တက်ကြွနေတာ ဘယ်လိုဖြစ်လို့ တုန့်ဆိုင်းနေတာလဲ၊ ထွင့် အဲ့လို နေတာ မ, မကြိုက်ပါဘူး"

ဒေါ်မြသစ်လွှာ မကြိုက်တာကိုပဲ မင်းထွင့် ကျေးဇူးတင်ရပေမည်။ မကောင်းတတ်၍. . .

"အချိန်ရှိပါသေးတယ် မမရာ၊ စဉ်းစားကြတာပေါ့၊ ဟုတ်ပြီလား၊ မမ ညစာစားခဲ့ပြီလား၊ မစားရသေးရင် သွားစားရအောင်"

သည်လို အပြင်ထွက်ပေါက် ရှာမှ မင်းထွင့် လွတ်နိုင်မည်။ နို့မို့ဆို မြသစ်လွှာက အရွယ်နှင့် မလိုက်အောင် သွက်လက်လွန်း၍ မင်းထွင့်ကို ငါးတစ်ကောင်ကဲ့သို့ မြှုံးထဲ မရောက်ရောက်အောင် ညှို့နေခြင်း ဖြစ်သည်။

တော်ရုံ အရချူမည့်လူမျိုးနှင့်ဆို မြသစ်လွှာပုံစံနှင့် မလွယ်။ မင်းထွင့်တို့က မိန်းမတစ်ယောက်ဆီက ဖြတ်စား





လာဘ်စား ချူစားချင်စိတ် အောက်တန်းကျစိတ် မရှိ။ ယောကျ်ားမာန မာန်အပြည့် ရှိသည်။ ဒါကြောင့်လည်း မြသစ်လွှာက မင်းထွင့်မှ မင်းထွင့် ဖြစ်နေပေသည်။

အမှန်တကယ်က မင်းထွင့်တစ်ယောက် မြသစ်လွှာနှင့် ညစာအတူတွဲပြီးစားရန် အစီအစဉ်မရှိချေ။ ရုတ်တရက် ခွာထုတ်ဖို့က ခက်နေသေး၍အလိုက်သင့် ပြေလည်အောင် နေရခြင်းဖြစ်သည်။

ဝတ္တုလစ်ရှိ ဆဲဗင်းအပ် ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကားထားရာမှာရော လူရော ပြည့်လျှံနေသည်။ စားပွဲထိုးများက နေရာ ကူရှာဖွေနေဆဲ စားသောက်ပြီး ပြန်ထွက်လာသူ အုပ်စုထဲမှ စူဇန်နှင့်အတူ ပီတိနို၊ သူမဘေးမှာ လူရွယ်တစ်ဦး အတူထွက်လာနေသည်။

မင်းထွင့်မျက်လုံးများက ပီတိနိုထံ လှမ်းအကြည့်၊ မြသစ်လွှာ မျက်လုံးများကလည်း မင်းထွင့် မျက်လုံး သွားရာနောက်ထပ်ချပ်မကွာ လိုက်ကြည့်ရာ ရင်ထဲမှာ လုံးဝမကျေနပ်တော့။ ဝန်တိုစိတ်တို့ စုပြုံတက်လာတော့သည်။

သည်ဘက်မှာကရော. . .

မင်းထွင့်ကို မြင်ရုံနှင့် ပီတိနို မျက်လုံးများက အရောင်ပြောင်းလဲသွားတာ ဒေါက်တာဝေလင်း ချက်ချင်း ရိပ်စားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသစ်လွှာနှင့် တွဲလာသူသည် မြနဒီ ကုမ္ပဏီမှ ဦးမင်းထွဋ် ဆိုတာ မိတ်မဆက်ရဘဲ သိခွင့်ရတော့သည်။ စုဇန်ကတော့ အခြေအနေကို အကဲခတ်ကာ မသိကျိုးကျွန် ပြုရင်း . . .

"ဟေး . . . ယူ မြသစ်၊ ညနေစာ လာစားတာလား၊ ကိုမင်းထွဋ်ကြီးလည်း ပါတာကိုး"

"ဟုတ်တယ် စုဇန်ရေ၊ ထွဋ်က အိမ်မှာ နေရတာ ငြီးစီစီ ဖြစ်နေတယ်၊ မနဲ့ ထမင်းအတူစားချင်တယ် ဆိုလို့လေ၊ ဟွန်းဟွန်း"

စုဇန်တို့ ရှေ့မှာ မင်းထွဋ် လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်း ချိတ်ရင်း သူမ ရင်အစုံနဲ့ ဖိကပ်ထားလိုက်သည်။ မြသစ်လွှာနှင့် မင်းထွဋ် ရင်းနှီးကျွမ်းဝင်မှု အတိုင်းအတာကို တမင်ပြလိုက်ခြင်း ဖြစ်သည်။

"ဪ. . မိတ်ဆက်ပေးရဦးမယ်၊ ဒါ စုဇန်တို့ ကုမ္ပဏီ ဒေါက်တာလည်း ဖြစ်၊ ဖန်မလီဒေါက်တာလည်း ဟုတ်တဲ့ ဒေါက်တာ ဝေလင်း၊ ကိုလင်းရေ. . . ဒါ မြနဒီ ကုမ္ပဏီ ဒါရိုက်တာ ဦးမင်းထွဋ်"

စုဇန်က ကြားဝင်၍ မိတ်ဆက်ပေးခြင်း ဖြစ်ရာ အမျိုးသား နှစ်ဦး လက်ဆွဲနှုတ်ဆက်ရင်း မျက်လုံးချင်း ဆိုင်၍ အသံတိတ် စကားပြောဆိုနေကြလေပြီ။

"ကျွန်တော် မင်းထွဋ်ပါ"





"ဟုတ်ကဲ့၊ ကျွန်တော် ဝေလင်းပါ၊ မမစုဇန်ရဲ့ ကုမ္ပဏီမှာ တာဝန်ထမ်းပါတယ်၊ နောင် ရောက်ရင် ဝင်ထွက်ပါခင်ဗျ"

လိပ်စာကဒ် အသင့်ထုတ်ကာ ဝေလင်းက မင်းထွဋ်အား ကမ်းပေးလိုက်သည်။

"ကောင်းပါပြီ ခင်ဗျ၊ နောက်မှ ဆုံကြတာပေါ့"

လိပ်စာကဒ်ကို လှမ်းယူ၍ ကမန်းကတန်း အားလုံးကို ဖေ့ဝိုက်ကြည့်၍ နှုတ်ဆက်ပြီးမှ ပီတိနိုထံ တောင်းပန်ကြည့် ကြည့်နေပုံက မြသစ်လွှာ ရင်အစုံကို ဒေါသလှိုင်း ထန်စေသည်။

"နောက်မှ ဆုံမယ် စုဇန်"

ပီတိနိုရှေ့မှာ မင်းထွဋ်ကို မရှိစေချင်တော့၍ ခပ်ကြမ်းကြမ်း လက်ကို ဆွဲကာ မင်းထွဋ်ကို ခေါ်ဆောင်လာခဲ့တော့သည်။

...ဖေးဖေး...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ညနေခင်းက တွေ့မြင်ခဲ့ရသော မြင်ကွင်းအပေါ် စိတ်အာရုံ လုံးဝ ဖျောက်ဖျက်မရတော့။ ပီတိနို မျက်ဝန်းမှိတ်ကာ အိပ်စက်၍မရနိုင်။ ခုလို အိပ်မက်ဆိုးလို မြင်ကွင်းမျိုး ပီတိနို မမြင်ချင် မတွေ့ချင်ပါ။

တကယ်တမ်းမှာတော့ ပီတိနိုနှင့် မင်းထွဋ်ဆိုတာ တရားဝင် သမီးရည်းစား ချစ်သူတွေမှ မဟုတ်တာ။ ပီတိနို စိတ်ခံစားမှုကတော့ ခက်ချေပြီ။ ဒီလူရဲ့ ဘေးမှာ ဒေါ်မြသစ်လွှာရယ်မှ မဟုတ်ပါဘူး၊ အခြားသော မိန်းမတစ်ဦးဦး ပါလာတာကို လုံးဝ မနှစ်သက်နိုင်တာပါပဲ။

မိမိကိုယ် မိမိစိတ်ကိုပင် ပီတိနို နားမလည်ချင်တော့ပေ။





တကယ်ဆို မိမိအနီးအနားမှာ နီးနီးကပ်ကပ် ဂရုတစိုက် ကြင်နာမှု ရှိနေသော ဒေါက်တာဝေလင်းအပေါ် ထားရှိရမည့် စိတ်ထားမျိုးကို မနေ့တစ်နေ့ကမှ ကြုံဆုံခဲ့ဖူးသော ဟိုးခပ်ဝေးဝေးက မင်းထွဋ် ဆိုသောလူအပေါ် စိတ်ခံစားချက် ပြင်းထန်နေတာ အံ့သြစရာပင်။

ပီတိနို ကိုယ့်ဘာသာကိုယ် သုံးသပ်ကြည့်လည်း ဘာကြောင့် ဆိုတာ အဖြေရှာမရခဲ့။ ဒီလူ့အတွက် တနင့်ကြီး ခံစားနေသည်က ခံရခက်လှသည်။

"တန်. . . တန်"

ရုတ်တရက် ဖုန်းသံစုံ မြည်သံကြောင့် ပီတိနို အတွေးလှိုင်းများ ရပ်တန့်သွားရပြီး ဖုန်းစကဲန်ပေါ်မှ နံပါတ်မှာ မင်းထွဋ်ထံမှ ဖြစ်ကြောင်း တွေ့လိုက်သည်နှင့် အလျင်အမြန် ဖုန်းကို ခလုတ်ဖွင့်လိုက်သည်။

ယဉ်ပါးနေသောအသံကြောင့် ကြည်မွေ့သွားရသည်။

"ဟလို. . . နိုနိုလား၊ ကိုယ်ပါ"

"ဟင်. . . အိမ်ပြန်ရောက်နေပြီလား"

"ဟာကွာ၊ အိပ်ချိန်မှာ အိမ်မရောက်လို့ ကိုယ် ဘယ်သွားရမှာလဲ၊ ခုတောင်မှ နိုနို့ဆီ ဆက်သင့် မဆက်သင့် စဉ်းစားနေရတာနဲ့ ကြာသွားတာ"

"ကဲ. . . ဖုန်းဆက်ပြီး ဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“နီနီ ဒီည အိပ်မပျော်မှာစိုးလို့လေ”

“ဟွန်း. . . နီ အိပ်မပျော်တာ သိလို့လား”

ပီတိနီ၏ ရိုးစင်းသော အပြောလေးကြောင့် မင်းထွဋ် စိတ်မကောင်း ဖြစ်သွားရသည်။

“ဟုတ်တယ်လေ၊ ညနေက မြသစ်လွင် အမူအယာတွေကြောင့် နီနီ စိတ်ထိခိုက်မှာ စိုးရိမ်လို့ပါ”

“ဘာဆိုင်တာမှတ်လို့”

တကယ်ဆို ဟန်ဆောင်ပြောနေခြင်း ဖြစ်သည်။ ပီတိနီ ရင်မှာ တနင့်နင့် မကောင်းနေတာ အမှန်ပင်။

“ဟော့. . . ကောင်မလေး၊ မင်းရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ကိုယ် အသိဆုံး၊ မင်းမျက်ဝန်း အရိပ်အကဲထဲမှာ ကိုယ့်ဘေးမှာ တခြားသူ ရှိနေတာ မကြိုက်ဘူးလို့ ပေါ်နေတယ်”

“အယ်. . . တကယ်လား”

ပီတိနီ အံ့ဩသွားရချေပြီ။

ကြည့်စမ်း. . . လျှင်လိုက်သည့် ဦးမင်းထွဋ်။ သူများရင်ထဲက အကြောင်းတွေကို ဒီလူကြီး ခိုးပြီးသိနေတာ စိတ်တိုဖို့ကောင်းနေပြီ။

အတွေးစိတ်တို့ကြောင့် စကားမဆက်နိုင်ဘဲ ပီတိနီ ဘက်မှ အသံတိတ်သွား၍. . .

“ဟော့. . . ကောင်မလေး၊ ကိုယ် မေးနေတာ ဖြေလေ”





“မဖြေချင်ပါဘူး”

“မင်း မဖြေလည်း ကိုယ်ဖြေမှာပဲ၊ မင်း မမေးလည်း ကိုယ် ပြောရမှာပဲ၊ ကိုယ့်ရင်ထဲမှာ မင်းအနားမှာ မင်းဘေးမှာ ယောကျ်ားတစ်ယောက်ယောက် ရှိနေတာ ကိုယ် မနှစ်သက်ဘူးဆိုတာ မင်း သိထားဖို့ ပြောပြထားမယ်နော်၊ နောက်ဆို ကိုယ့်ဘက်ကလည်း မင်း မမြင်မတွေ့ချင်တာမျိုး ကြိုးစား ရှောင်ကြဉ်ပါ့မယ်၊ ဟုတ်ပြီလား၊ အိပ်ပျော်အောင် အိပ်တော့နော် နီနီ”

တစ်ဘက်မှ ပြောချင်ရာ ပြောချသွားပြီး ဖုန်းပိတ်သွားတော့သည်။

ပြန်လည် ချေပခွင့် ရှိခဲ့လည်း ပီတိနီ ရင်ထဲက အကြောင်းအရာများ ပြောပြချင်ပေမယ့် ခုတော့ ပီတိနီက မိန်းကလေး ဆိုသည့် စည်းမျဉ်းအရ နှုတ်ဆိတ်နေလိုက်ရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

သည်နေ့ ပရက်တီကယ် ရှိ၍ ကျောင်းပြန် နောက်ကျမည်ဟု လာကြိုချိန်ကို နောက်ကျခိုင်းထားသည်။ ပရက်တီကယ်က အစောကြီး ပြီး၍ကျောင်းဝင်းထဲ ပြန်ထွက်စဉ် မိုးက သဲကြီးမဲကြီး ရွာချလေပြီ။

ပီတိနိုမှာ ခပ်အေးအေး နေသူ ဖြစ်၍ သူငယ်ချင်းကလည်း ရှားပါးလှသည်။ နေ့စဉ် ကျောင်းတက်ချိန် အတန်းထဲရောက်၊ ကျောင်းလွှတ်ချိန် ကားအဆင်သင့် ဖြစ်နေ၍ စကားပြောဖော်ပင် မထားခဲ့ချေ။

ခုတော့ ခက်လို့နေပြီ။ ကိုလင်းထံ ဖုန်းခေါ်တော့ ခေါ်၍ မရ။ တဖြည်းဖြည်းနှင့် အချိန်ကြာလာပြီး တဖွဲဖွဲနှင့် ကျောင်းမှာ လူရိပ်လူခြည် နည်းပါးလို့ နေသည်။ ပီတိနို ကြောက်စိတ်





ဝင်လာမိသည်။ လေရော မိုးပါ သည်းလွန်း၍ ထီးပင် ဆောင်း၍ မရ။ မမစုဇန်ဆီ ကြိုးစား၍ ဖုန်းခေါ်ကြည့်သည်။

"ကားပျက်ပြီး ပြန်ခဲ့တော့ ညီမလေး၊ ကိုလင်းက အရေးပေါ် မြို့ပြင်သွားနေရတယ်၊ မမက ဒီမှာ အစည်းအဝေး ချိန်းထားတယ်၊ ဟုတ်ပြီနော်၊ ကားငှားပြီး ပြန်ခဲ့တော့"

သွားပါပြီ။ ပီတိနို စိတ်ညစ်သွားရသည်။

"ဒုက္ခပါပဲ၊ ဒီနေ့ ဒီအချိန်ကျမှ အငှားကားကလည်း တစ်စီးမှ မတွေ့"

စိတ်နှင့်လူနှင့် ယောက်ယက်ခတ် စကားပြောနေရင်းက တစ်စုံတစ်ဦးကို သတိရလိုက်ပြီး ဖုန်းခလုတ်ကို နှိပ်လိုက်သည်။ တစ်ဘက်မှ ဖုန်းနားထောင်သံ ကြားတာနှင့် ဘယ်သူလဲ မေးမနေနိုင်တော့။

"နို ကြောက်တယ်၊ နို ကြောက်တယ်၊ ကျောင်းမှာ နို တစ်ယောက်တည်း၊ လာခေါ်ပါ"

"ဟာ"

မင်းထွဋ် ရုတ်တရက် အံ့အားသင့်သလို စိတ်ထဲလည်း ပူပန်သွားရ၏။ ပီအေ ချာတိတ်ကိုတောင် မမှာအားဘဲ ခပ်သွက်သွက် ကားရှိရာ ထွက်လာခဲ့တော့သည်။

မင်းထွဋ် ကားစတီယာရင်ကို ကိုင်ရင်း ပီတိနိုထံ ဖုန်းခေါ်ကြည့်သည်။ ဖုန်းသံက လေတိုးသံ မိုးသံများသာ ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူသံမကြားရ။ အစွမ်းကုန် အရှိန်မြှင့်၍ မိနစ်ပိုင်းအတွင်း ရောက်အောင် မင်းထွဋ် မောင်းနှင်လာခဲ့သည်။

ပီတိနို့ အတန်းရှိရာ ရှာသည်။ မတွေ့။ တဖြည်းဖြည်းနှင့် ကားကို ဘီးလှိမ့်မောင်းရင်း ကျောင်းဝင်းထဲမှာ လူရိပ်လူခြည် ရှာကြည့်ရသည်။

"ဟော. . . နိုနို့များလား"

မိုးကြီးလေကြီး ကျချိန်ဖြစ်၍ ညနေ နေဝင်ချိန် မဟုတ်ဘဲ မိုးမှောင်ကျနေချိန်မှာ မိန်းကလေးတစ်ဦး လဲနေတာ မမြင်တာ ဖြစ်နိုင်သည်။ ကားမှတ်တိုင် ခပ်လှမ်းလှမ်းကို လျှောက်လာရင်း ပီတိနို့ မိုးသံလေသံနှင့် လန့်၍ ပုံလျက်သား လဲကျတာ ဖြစ်နိုင်သည်။

ကပျာကယာ ပြေးဆင်းကာ ကားပေါ်သို့ ပွေ့ချီ မ,ယူလာခဲ့ရသည်။ ရွှေဂုံတိုင် အထူးကုဆေးခန်း အရေးပေါ်ဌာနသို့ ဖုန်းကြိုဆက်ကာ ပြောထားရသည်။

"နို့. . . နို့"

ပီတိနို့ သတိရစေရန် လှုပ်နှိုးရင်း ကားကို ဂရုစိုက်မောင်းနေရသည်။ ရုတ်တရက် ဖြစ်လာသောကိစ္စမို့ ပီတိနို့ ပြန်သတိရစေရန်၊ ဆေးရုံပို့ရန်သာ စိတ်စောနေမိတော့သည်။

မင်းထွဋ်၏ ကားလေး ဆေးရုံဝင်း အရေးပေါ် ဌာနပေါက်သို့ ရပ်တာနှင့် တာဝန်ကျ ဝန်ထမ်းများက အဆင်သင့်





စောင့်ကာ လူနာကို တွန်းလှည်းပေါ် ပြောင်းရွှေ့၍ မှာက်လှေကားဆီ ခေါ်ဆောင်သွားကြသည်။

တာဝန်ကျ ဆရာဝန် ဆရာမများ အလုပ်ရှုပ်ကုန်ကြသလို ပီတိနို့ တစ်စုံတစ်ရာ ဖြစ်သွားမှာကိုလည်း မင်းထွဋ် အစိုးရိမ် ပိုနေရသည်။

လူနာခန်းဘေးမှာ စိုးရိမ်စိတ်ဖြင့် မရွှေ့မလျား ရပ်နေသူ မင်းထွဋ်အား ဆရာဝန်က သတိပေးယူရသည်အထိ။

"အစ်ကိုကြီး. . . လူနာအပေါ် စိုးရိမ်တာ စိုးရိမ်ပါ၊ အစ်ကိုကြီးပါ အဆုတ် အအေးပတ်သွားနိုင်တယ်၊ နွေးနွေးထွေးထွေး နေနိုင်မှ ဖြစ်မယ်၊ အင်္ကျီအဝတ်အစား လဲလိုက်စေလိုပါတယ်"

သည်တော့မှ သတိလက်လွတ် ဖြစ်နေသော မင်းထွဋ် စိတ်တို့ အသိဝင်လာကာ ပီအေ ချာတိတ်အား ဖုန်းဆက်ပြီး ဒူပါမတ်ကက်တစ်ခုမှ ပစ္စည်းများ ဝယ်ခြမ်းလာရန်၊ ယခုကိစ္စ ဆိုသူမျှ မပြောရန် မှာကြားလိုက်ပြီးမှ ပီတိနို့အပေါ် စိုးရိမ်ပူပန် သိပ်သည်းဆ များနေကာ မနည်းကြီး ဖြေလျှော့နေရတော့သည်။

"ကိုယ့်အသက်တမျှ မင်းကို ချစ်ရတာပါ နို့နို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

နေရာဒေသသည် အလွန်အေးချမ်းသော အရပ်ဒေသ ဖြစ်ပေမည်။ တောင်ပေါ် အရပ်ဒေသ ဖြစ်မှာ သေချာသည်။

မျက်လုံးကို ပိတ်၊ နှုတ်ကို ပိတ်ကာ ခြေလက်တို့ တုပ်နှောင်ကာ ကားတစ်စီးပေါ် တင်၍ ခေါ်ဆောင်လာသောခရီးမှာ တစ်နေ့နှင့် တစ်ည ကြာခဲ့ပေသည်။

မိန်းကလေးအား မျက်လုံးမဖွင့်ပေးခင် ဦးခေါင်းဆံစတို့ကို စုကိုင် ဆွဲဆောင့်ရင်း ခပ်ကြမ်းကြမ်း လေသံတို့က နားစည်ထဲ ဆောင့်ဝင်လာသည်။

"မင်းမိဘ ထားခဲ့တဲ့ ပစ္စည်းနေရာ သိလား၊ ငါတို့က မင်းကို မိန်းကလေးဆိုပြီး ညှာနေတာနော်၊ သိလျက်နဲ့ မသိဘူး





ပြောရင် ဟိုမှာ တွေ့လား၊ မင်းအစ်ကို ဘယ်လို ရက်စက်ခံနေရလဲဆိုတာ ကြည့်လိုက်စမ်း"

မျက်နှာပေါ်မှာ စည်းနှောင်ထားမှုများ ဖယ်ရှားပြီးချိန်မှာ သွေးပျက်စရာ မြင်ကွင်းကြောင့် မိန်းကလေး ကြောက်လန့်တုန်လှုပ်သွားရသည်။ ရက်စက်လိုက်ကြတာ။ သွေးချင်းချင်းနှိပ်စက်နှက်ထားပုံများ။ ဘီလူးသဘက် စီးနေကြပြီနဲ့ တူပါရဲ့။

"ကျွန်မတို့က မြို့မှာ နေ၊ မြို့မှာ ကျောင်းတက်နေတာ၊ ကျောင်းပိတ်လို့ အိမ်ပြန်လာတာ၊ အိမ်ရဲ့အခြေအနေ ကျွန်မတို့ ဘယ်လို သိနိုင်မှာလဲ ဦးလေးတို့ရယ်၊ ကျွန်မတို့ ရောက်တော့ တစ်အိမ်လုံးလည်း ပြာကျသွားပြီ၊ မိဘတွေလည်း သေနေပြီ၊ ကျွန်မတို့ ဘာကို ပေးရမှာလဲ၊ ဦးလေးတို့ လိုချင်တာ ဘာလဲ၊ ပြောပြမှပေါ့"

"အေး. . . နင် တကယ် မသိရင် ပြောပြမယ်၊ ငါတို့ ကျောက်တွင်းကနေ နင့်အဖေ ခိုးသွားတဲ့ ပြည်တန်ကျောက်ကို ပြန်ရဖို့ပဲ"

ရုပ်ဆိုးဆိုး အပြောဆိုးဆိုး လူက ပြောခြင်းပင်။

"ကျွန်မ မိဘများက ကိုယ့်ကျောက်တွင်းနဲ့ကိုယ် တူးတာပါ"

မိန်းကလေးကလည်း ဆတ်ဆတ်ထိ မခံချေ။

"အေးလေ၊ နင့်အဖေနဲ့ ငါတို့ တွင်းက ကပ်လျက်လေ၊



www.burmeseclassic.com

www.burmeseclassic.com

ငါတို့ ကျောက်အောင်တာ နင့်အဖေက ခိုးသိပြီး တစ်ဘက်ကနေ ခိုးတူးပြီး ယူသွားလို့ ခုလို ဆုံးမရတာပေါ့”

“အီးဟီးဟီး ရက်စက်လိုက်ကြတာ၊ အဖေတို့ အမေတို့ သနားပါတယ် ×××ကြီးတွေ ×××ကြီးတွေ”

အသားကုန် မိန်းကလေးက ကျိုးအော်ပါသည်။

“ကြိုက်သလောက် အော်၊ ဒီနယ်မြေက နင်တို့ကို ဘယ်သူမှ လာကူမှာ မဟုတ်ဘူး၊ ငါတို့ ကောင်းကောင်းမွန်မွန် ဆက်ဆံတာ နင် ကံကောင်းတယ် မှတ်၊ ကိစ္စရှိလို့ မနက်ဖြန် တစ်ရက် အချိန်ပေးမယ်၊ ငါတို့ လိုချင်တဲ့အဖြေ မရလို့ကတော့ ဟိုမှာ တွေ့လား”

မိန်းကလေး၏အစ်ကိုမှာ ခြေလှမ်းတို့ ကျိုးပဲ့ ကျေမွနေလောက်ပြီ။ တကယ့်ကို သွေးပျက်စရာပင်။

“ဟေ့ကောင်. . . အောင်ခန့်၊ မင်းအတွက် အတွေ့အကြုံ အသစ် ဖြစ်နေမယ်၊ ဒီမောင်နှမကို သေသေချာချာ ကြည့်ထား၊ မနက်ဖြန်မှ ငါတို့ လိုအပ်တာ မရခဲ့ရင် အမှည့်ချွေ ချွေပြီးမှ မရဏာလမ်းကို ပို့ကြတာပေါ့၊ ဟားဟားဟား”

အောင်ခန့် သူ့ဖခင်ဖြစ်သူကို ကြည့်ပြီး နားမလည်နိုင်တော့။ အရင်နှင့် မတူ၊ လောဘ မောဟ ဒေါသတို့နှင့် လွှမ်းခြုံထားသော ဖခင်ဖြစ်သူအပေါ် သူ တစ်ခွန်းမှ ဝင်မစွက်ဖက်ရဲချေ။ အဖေ့ကျေးဇူးကြောင့် တောနေတောစားဘဝ မနေခဲ့ရပေ။





မြို့တက်ကာ အကောင်းဆုံးကျောင်းမှာ ထား၍ ပညာသင်ပေးခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့ရသည်အထိ မြို့မှာသာ နေခဲ့သည်။ ခုလည်း မမြင်မတွေ့ရတာ ကြာသော ဖခင်ဖြစ်သူအား တွေ့ချင်လွန်း၍ ကျောင်းပြီးတာနှင့် အလုပ်မဝင်ခင် လာတွေ့ဆုံခြင်း ဖြစ်သည်။

သူ ရောက်ရှိချိန်မှာ ဖခင်သည် ရုပ်ရှင်ထဲက လူကြမ်းရုပ်ပေါက်နေသည်။ ပြီး. . . အကျဉ်းသားအဖြစ် မောင်နှမ နှစ်ယောက်ကို ဖမ်းထားပြန်သည်။ ဖခင် လိုအပ်သောပစ္စည်းက ပြည်တန်ကျောက် ဆိုပါလား။ သည်လို ရက်စက်မှု မြင်ကွင်းမျိုး အောင်ခန့်မှာ အတွေ့အကြုံ မရှိခဲ့။ အလိုလောဘ အတွက် ကြောက်စရာ ကောင်းအောင် ရက်စက်ပါပေ့ အဖေရယ်။

“အောင်ခန့်. . . အဖေ ဘာလို့ ဒီလို လုပ်ရတာလဲ သိလား၊ အဖေတို့ ကျောက်အောင်ကာနီး သတင်းအနံ့ ရပြီး တစ်ဖက်တွင်းကနေ လက်နက်အားကိုးနဲ့ အပိုင်စီးလိုက်လို့ အဖေတို့ ဘဝပျက်ခဲ့ရသလို ဒင်းတို့ မိသားစုတွေကို မြေလှန်ပြီး ကလဲ့စားချေရမယ်ကွ၊ သိရဲ့လား”

ခပ်ကြမ်းကြမ်း အောင်ခန့်ပခုံးကို ပုတ်၍ ပြောရှာသည်။

“ငါ့သား. . . လောကမှာ သနားစိတ် ထားလို့ မရဘူးနော်၊ မနက်ဖြန် တစ်ရက်ပြည့်မှ အဖြေမရရင် ဒီတစ်ခါ သား အတွေ့အကြုံ ရအောင် ကိုယ်တိုင် ရှင်းပစ်လိုက်၊ ဟုတ်ပြီလား၊


www.burmeseclassic.com

www.burmeseclassic.com

ဟား. . . ဟား"

ဖခင်ဖြစ်သူ ပြောချင်ရာ ပြော၍အပြီး တပည့်များနှင့် ထွက်ခွာသွားချေပြီ။

အောင်ခန့်မှာသာ ဒဏ်ရာရသူကိုရော၊ ချုပ်နှောင်ထားသည့် မိန်းကလေးကိုပါ ကြည့်ပြီး ထိုင်ရတော့မလို ထရတော့မလို ဖြစ်နေလေသည်။

"အင်း. . ဟင်း. . ဟင်း"

ညည်းညူသံ ကြား၍ အောင်ခန့် မိန်းကလေးအနားသွားကာ မရဲတရဲ နဖူးစမ်းကြည့်ရာ. . .

"ဟာ. . . ကိုယ်တွေ ပူနေပါရောလား"

ကောင်မလေးကို ကြိုးဖြည်ပေး၍တော့ မဖြစ်သေး။ သူခြုံရန် ယူလာသောစောင်ဖြင့် ခြုံပေးလိုက်သည်။ ပြီး. . .

"ရှူး. . . မိန်းကလေး မိန်းကလေး၊ ရေသောက်မလား။ သောက်ပါဟာ၊ ငါ သူတို့လို လူဆိုးမဟုတ်ဘူးနော်"

မိန်းကလေး မျက်ဝန်းလေး စောင်းငဲ့ကြည့်ပုံက သနားစရာပင်။ အားမတန်၍ မာန်လျှော့ထားရပုံ ရသည်။

"မင်း ဒီစားစရာလေး နည်းနည်း စားလိုက်၊ မင်းမှာ ခရီးလည်း ပမ်း၊ ရာသီဥတုဒဏ် အရိုက်အနှက်ဒဏ်ကြောင့် အားရှိအောင် အစာနည်းနည်းစားလိုက်"

မိန်းကလေးက ခေါင်းခါပြသည်။





"ဟုတ်တာပေါ့၊ မင်း ဘယ်စားရဲမလဲ၊ ဒီမှာ ငါ အရင် [illegible]ပြမယ်၊ ဟုတ်စ"

သူလည်း စားပြ၊ မိန်းကလေးလည်း ခွံ့ကျွေးရှာသည်။ မိန်းကလေးမှာ သူမ အစ်ကိုအား ကျွေးစေချင်ရှာသည်။ အမှန်က သူမ အစ်ကို အသက်မရှိရှာတော့။

"ခဏနေ ကျွေးပေးမယ်နော်၊ မင်း အရင်စားနှင့်"

မိန်းကလေး အသားများ တဆတ်ဆတ် တုန်နေရှာ၍ သူမ၏ ဦးခေါင်းလေးကို သူ့ရင်ခွင်ထဲ မှီနွဲ့ကာ ငိုက်မြည်းနေရှာသည်။

မင်းလေးဟာ အတော် ချစ်စရာကောင်းတဲ့ မိန်းကလေးပါလား။ မနက်ဖြန်ဆို. . . မနက်ဖြန်ဆို. . . မင်းဆီက အဖြေမရရင် သူတို့ တမြည့်မြည့် ညှင်းဆဲပြီးမှ မင်းကို ရက်ရက်စက်စက်သတ်ကြမယ်။

မင်းရဲ့မျက်နှာလေးက အပြစ်ကင်းစင်လိုက်တာ။ ခုလို အဖြစ်မျိုးနဲ့ ကြုံဆုံရတာ ကံဆိုးလိုက်တာ။ ဘယ်ဘဝ ဝဋ်ကြွေးများလဲကွယ်။ မင်းကို ခုလို နေရာမှာ မဟုတ်ဘဲ အပြင်လောကတစ်နေရာမှာ ဆိုရင် မင်းနဲ့ငါ ချစ်သူတွေ ဖြစ်ကြရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ခုလို ခါးသည်းတဲ့ နယ်မြေကြမ်းကြမ်းမှာ မျက်စိရှေ့မှာ ရောက်ရှိနေသူသည် မိုးပေါ်က ဖန်ဆင်းပေးထားသည့် မင်းသား တစ်ပါးပင် ဖြစ်သည်။ ထိုလူ၏ နူးညံ့သိမ်မွေ့မှုတို့သည် မိန်းက လေး အတွက် အားအင်တစ်ခုပမာ ဖြစ်ထွန်းခဲ့ရလေပြီ။

ကျွန်မတို့ မောင်နှမကို ကူညီပါဟု မတောင်းဆိုရက်ပါ။ ခုနေချိန်မှာ ရှင့်ရဲ့ နွေးထွေးတဲ့ ရင်ခွင်ထဲမှာ ငြိမ်းချမ်းစွာ သေခွင့် ရရင်ပဲ ကျေနပ်လှပါပြီ။

"မင်းရဲ့ပါးစပ် ဟနိုင်လားဟင်၊ ဒါလေး ဝင်အောင် နည်း နည်း စားလိုက်၊ ဖြည်းဖြည်းချင်း စားနော်၊ ဖြစ်ချင်ရာဖြစ် ငါ ဆုံးဖြတ်ချက် ချထားပြီးပြီ၊ မင်းကို ငါ ကယ်ထုတ်ပေးမယ်၊ ပြေးနို





လွှားဖို့ မင်း အားရှိမှ ဖြစ်မယ်၊ ဟုတ်ပြီလား"

"ကျေးဇူးတင်လိုက်တာရှင်"

တိုးလျ နွမ်းနယ်မှုကြားက ကြိုးစားပန်းစား ပြောရခြင်း ဖြစ်သည်။ မိန်းကလေးအပေါ် ရိုက်နှက်ချက်တွေကြောင့် နှုတ်မှ စကားသံပင် ယဲ့ယဲ့မျှ ထွက်နိုင်ရှာသည်။ သူ့အပေါ် အားကိုး တကြီး တင်းကျပ်စွာ ဖက်တွယ်ရင်း သူ့ရင်ခွင်ထဲ ပိုမို၍ တိုးဝင် လာပြန်သည်။ သူ့အပေါ် အလွန်ပင် အားကိုးသမှု ပြုသည့် အမူအယာ ဖြစ်ပေမည်။

မိန်းကလေးက လက်တို့၍ သူမအစ်ကိုထံ လက်ညှိုး ညွှန်ပြရှာသည်။ စကားသံ ထွက်မလာနိုင်ရှာ။

"ဪ. . . မင်းရဲ့အစ်ကို့ကိုပါ ခေါ်ရမယ်လား"

သူမ ခေါင်းညိတ်ပြရှာသည်။

"ခဏနေဦးနော်၊ ဒီမှာ ခဏမှီပြီး အစာဝင်အောင် စား နှင့်၊ မင်းလက်က ကြိုးတွေ ဖြည်ပေးထားမယ်"

သူ ပြောဆိုသမျှ ခေါင်းတွင်တွင် ညိတ်ရှာသည်။

"မင်းအစ်ကို သတိရလာအောင် ငါ ပြုစုလိုက်ဦးမယ်၊ ဟုတ်လား"

အောင်ခန့် မိန်းကလေး၏ အစ်ကိုအား ရေတစ်ပေါက် လောက် တိုက်ရန် ဆွဲထူစဉ် အေးစက် တောင့်တင်းနေသည့် ခန္ဓာကိုယ် အနေအထား အထိအတွေ့ကြောင့် မျက်နှာပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းခြင်းများစွာ ထိန်းချုပ်မရတော့။ သည်လောက် လောဘဇောကပ်ခါ ရက်စက်မှုတွေနှင့် အဖေတို့ စီးပွားရှာလိမ့်မည်ဟု မထင်ခဲ့။

သူ မိန်းကလေးအနီးမှာ ဒူးထောက် ထိုင်ချလိုက်သည်။ ဖခင်ဖြစ်သူ၏ ရက်စက်မှုများအပေါ် သူမ ကြိုက်သလို အပြစ်ပေးရန် ခံယူဖို့ အသင့်ပုံစံ ဖြစ်သည်။

သူမကိုယ်တိုင်လည်း သိနေပါပြီ။ သူမ၏အစ်ကို သေဆုံးပြီ ဖြစ်ကြောင်း။ ဝမ်းနည်းပူဆွေးမှုတို့က သူမ ရင်အိမ်ကို ဆို့နင့်စေသည်။ သူ့ခန္ဓာကိုယ်အား တင်းကျပ်စွာ ဖက်တွယ်ထားကာ ငိုကြွေးနေရှာသည်။

ခုနေခါမှာ ကျွန်မ သေဆုံးသွားခဲ့ရင်တောင်မှ ကြင်နာနွေးထွေးမှုတို့နှင့် အလုံးစုံ ပြည့်ဝသည့် ရှင့်ရဲ့ရင်ခွင်နွေးကို တမလွန်ကနေ တမ်းတနေဦးမှာပါ။

...ဖအဆအဝ...





အခန်း (၁၃)

"ဟင့် . . အင်း . . အင်း"

တဟင်းဟင်း ညည်းသံကြောင့် အားလုံး အာရုံကလူနာဆီမှာ ဖြစ်သည်။

"ဟော ဟော . . . သတိရလာပြီ"

ဆရာဝန် ဆရာမများ လှုပ်ရှားကုန်ကြသည်။

"နိုနို သတိရလာပြီနော်"

ကျွန်မ ကျွန်မ ရောက်ရှိနေတာ လူတစ်ဦးရဲ့ ရင်ခွင်နွေးနွေးလေးထဲမှာပါ။ ကြောက်လန့်တကြား ဖက်တွယ်ထားရင်းက

"ကျွန်မမှာ ဘာမှမရှိဘူး၊ ကျွန်မ ဘာမှမသိဘူး၊ ကျွန်မ တို့ မောင်နှမက ခုမှ မြို့ကနေ ကျောင်းတက်ပြီး ကျောင်းပိတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာ၊ ဒီရောက်တော့ အဖေနဲ့အမေ သေနေပြီ၊ အိမ်လည်း ပြာကျနေပြီ၊ ကျွန်မတို့ ဘာမှမသိဘူး၊ မသိဘူး"

ကြောက်လန့်တကြား တုန်ရီစွာ ပြောနေပုံက မင်းထွဋ်ရင်ထဲမှာ စိုးထိတ်မှု တုန်လှုပ်ချောက်ခြားမှုတို့ ရောယှက်ကာ ပေါ်နေရသည်။

ဒါဆို ပီတိနို ဆိုသည့် မိန်းကလေး ပြန်လည် သတိရနေသည်က ဟိုးလွန်ခဲ့သည့် အတိတ်ကာလဆီသို့ပါလား။ ဖြစ်မှ ဖြစ်ရလေ မိန်းကလေးရယ်။

တာဝန်ကျ ဆရာဝန်မှ ဆေးကုသချက် ဆောင်ရွက်အပြီးမှာ. . .

"သူ အဖျားသိပ်ကြီးပြီး ကယောင်ကတမ်း ပြောနေတာပါ၊ အဖျားကျသွားရင် ပုံမှန်ပြန်ဖြစ်သွားမှာပါ"

တာဝန်ကျ သူနာပြုအား ဆေးကုသမှုကို ဆက်လက်ဆောင်ရွက်ရန် မှာကြားရင်း. . .

"ခင်ဗျားလည်း သိပ်ပင်ပန်းနေပါပြီ၊ အနားယူဖို့ကောင်းပါတယ်"

"ရပါတယ် ဆရာ၊ သူ အဖျားကျမှ ကျွန်တော် စိတ်အေးရပါမယ်"

လူနာရှင်အဖြစ် မြင်ထားသဖြင့် သူ့အား နားလည်စွာ ကြည့်၍ ပြန်ထွက်သွားတော့သည်။





မင်းထွဋ်ကတော့ ပီတိနိုအား ထွေးပွေ့ထားဆဲပင်။ ရင်ထဲမှလည်း အမှန်ဆို ကိုယ် မင်းနဲ့ ပြန်ဆုံစည်းခွင့် မျှော်လင့်ထားသလို သင့်လည်း မသင့်တော်ပါဘူး။ မင်းနဲ့ ခုလို ပြန်ဆုံစည်းရခြင်းက ကိုယ့်အတွက် အလွန် အန္တရာယ် ရှိနိုင်တာ ကိုယ်သိပါတယ်။

ကိုယ့်နှလုံးသားက မင်းကို တမ်းမက်စွာ အလိုရှိနေတာ ခံခဲ့ပါတယ်။ မင်းအတွက် ကိုယ့်ရင်ခွင်ထက်မှာ ပြန်နွေးထွေးခွင့် ရတာသည် ကိုယ့်ရဲ့ စစ်မှန်တဲ့ မေတ္တာသဘောတရား အကြောင်းကြောင့်ပဲ ဆိုတာ မင်း နားလည်ပေးစေချင်ပါသည်။

...မေတ္တာ...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"အစ်ကိုငယ်. . . အစ်ကိုငယ်"

သူမ ကျိုးအော်လိုက်ပြီးမှ သတိဝင်လာကာ ပတ်ဝန်းကျင်အား မျက်လုံး လှည့်ပတ်ကြည့်ရင်း လူးလဲကာ အိပ်ယာထက်မှ ထလိုက်ပါသည်။

"ဟော. . . အဖျားကျလို့ နိုးလာပြီ"

သူနာပြုမှ ပြောကြားသံကို ကြားနေရပြီးနောက် ပီတိနို ရောက်ရှိနေသည့် ရင်ခွင်သည် တခြားလူရင်ခွင် ဖြစ်နေပါလား။ ရှက်ရွံ့စွာ ထိုလူ၏ရင်ခွင်ထဲမှ ရုန်းကန်ထွက်လိုက်ပြီး. . .

"ဟို. . . ကျွန်မ ဘယ်ရောက်နေတာလဲဟင်၊ ကျွန်မ အစ်ကိုရော၊ တောထဲမှာ ကျွန်မအစ်ကို ကျန်ခဲ့တယ်လေ"





"ကလေးမ. . . ကလေးမ၊ မင်း သတိထားလေ၊ ဒါ ရန်ကုန်မြို့မှာ ရှိတဲ့ ရွှေဂုံတိုင် ဆေးခန်းမှာ ရောက်နေတာ"

"ဒါဆို ကျွန်မ သတိမေ့နေတုန်း ကျွန်မကို ဘယ်သူ ခေါ်ပို့တာလဲဟင်၊ ဟို. . . ကိုအောင်ခန့်ဆိုတဲ့ လူလားဟင်"

ဟုတ်ပါပြီ။ မင်းထွဋ် ရင်ထဲမှာ နင့်သွားရသည်။ ပီတိနို သည် ဟိုးအတိတ်ကာလကြာကြာက အောင်ခန့်ဆိုတာကို မေ့ပျောက်မသွားခြင်းက သက်သေပြနေချေပြီ။ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား။

ပီတိနို မျက်ဝန်းလေးများ မော်ကြည့်လိုက်ကာ. . .

"ရှင်ကရော ကိုအောင်ခန့်နဲ့ ဘာတော်လဲဟင်၊ ကိုအောင်ခန့်ရဲ့ မျက်ဝန်းမျိုး အသံမျိုး ရှင်နဲ့ အတော်တူတာပဲ"

သည်လို အခြေအနေမျိုးမှာ မင်းထွဋ် ရှင်းပြဖို့ မလွယ်ကူချေ။

ပီတိနို သူ့အား သေသေချာချာ ကြည့်ပြီး. . .

"နေပါဦး ရှင့်နာမည်"

"မင်းထွဋ်"

"နေပါဦး. . . သိသလိုလိုပဲ၊ ဘယ်တုန်းကပါလိမ့်"

ပီတိနို စဉ်းစားခန်း ဝင်ရတော့သည်။

"ဦးမင်းထွဋ်. . . ဦးမင်းထွဋ်"

ပီတိနို အတိတ်ကို လုံးလုံးလျားလျား သတိရပြီး ပြုံးပြန်



www.burmeseclassic.com

www.burmeseclassic.com



ကို မေ့ပျောက်တာမျိုး မဟုတ်။

"ဦးမင်းထွဋ်၊ အဲ. . မြသစ်လွှာ. . မမစူဇန်. . ကိုလင်း"

"ဟုတ်ပြီ. . . ဟုတ်ပြီ"

မင်းထွဋ် ဝမ်းသာအားရနှင့် ရင်ထဲမှ အလုံးကြီး ကျသွားရတော့သည်။

"ကောင်းကောင်း သတိရလာပြီနော် ပီတိနို"

"ပီတိနိုဆိုတာ ကျွန်မ နာမည်ပဲ"

"ဟုတ်တာပေါ့၊ မင်း သက်သက်သာသာ ရှိရင် ကိုယ် မင်းအိမ်ကို အကြောင်းကြားပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်"

ကလေးငယ်လို မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ခေါင်းညိတ်ရှာသည်။

မင်းထွဋ် ပီတိနိုအနီးက မခွာရက်ချင်ပေ။ သို့ပေမယ့် ခုနေမှာ စိတ်ဆန္ဒကို ဦးစားပေး၍ မဖြစ်နိုင်သေးပါ။ မင်းထွဋ် အခန်းပြင် ထွက်ကာ မြသစ်လွှာမှတစ်ဆင့် စူဇန်တို့ဆီ အကြောင်းကြားခိုင်းလိုက်တော့သည်။

ပီတိနိုထံ ပြန်မဝင်တော့ဘဲ ရင်ထဲက နှုတ်ဆက်စကားဆိုကာ ဆေးရုံပြင်ပသို့ ပြန်ထွက်လာခဲ့တော့သည်။

"ကိုယ်ဟာ မကြာခင်မှာ အနှောင့်အယှက် ဖြစ်သွားမှာ စိုးလို့ပါ နိုနိုရယ်၊ မင်း နေကောင်းသွားရင်ပဲ ကိုယ် ကျေနပ်ပါပြီ"





ကားရှိရာသို့ ပြန်လာပြီး တစ်ကိုယ်တည်း အတွေးများနှင့် အိမ်သို့ ပြန်လာနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ပီတိနိုကတော့ ကုတင်ထက်မှာ မှိန်းနေဆဲပင်။ အခန်းထဲသို့ စူဇန်ရော မြသစ်လွှာပါ စိုးရိမ်တကြီး ရောက်ရှိလာကြ၏။ စူဇန်ကတော့ ညီမဖြစ်သူကို ပြေးဖက်ကာ ပါးချင်း အပ်ပြီး တောင်းပန်ရှာသည်။

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ မမ ပေါ့လျော့လို့ ဖြစ်ရတာ၊ မမ အပြစ်ပါ"

"ဟင့်အင်း မမကြောင့် မဟုတ်ပါဘူး၊ နို ကိုယ်တိုင်က အကြောက်ပိုသွားတာပါ၊ အဲ့ဒီအချိန်မှာ ဦးမင်းထွဋ်သာ ရောက်မလာခဲ့ရင် နို သေမှာ"

ပီတိနို စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသူက





မြသစ်လွှာ ဖြစ်သည်။ သိချင်ဇော မျက်ဝန်းတို့နှင့် နှုတ်မှ ဖွင့်ဟ၍ မေးရသည်အထိ။

"ထွဋ်နဲ့ ဘယ်လိုက ဘယ်လို အဆက်အသွယ် ရသွားတာလဲ"

မြသစ်လွှာ၏ အမေးစကားကြောင့် ပီတိနို ရင်ထဲမှာ ထောင်းကနဲ မခံချင်စိတ်တို့ တိုးထွက်လာတာကို မျိုသိပ်ရင်း. .

"မမဆီ နို ဖုန်းဆက်တာပဲ၊ ကြုံတဲ့ တက္ကစီ ငှားလာပါတဲ့၊ မိုးရော လေရော မြို့စွန်မှာ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ၊ ကျောင်းမှာ လူက ရှင်းစပြုနေပြီ၊ ဒါနဲ့ ဦးမင်းထွဋ်ရဲ့ လိပ်စာကဒ်ကို သတိရပြီး ဖုန်းခေါ်လို့ ရတာနဲ့ ခေါ်ပြီး နို သတိလစ်သွားတာပဲလေ"

"ဘုရား. . . ဘုရား၊ ဒါဆို သူကိုယ်တိုင် မင်းကို ခေါ်လာတယ်ပေါ့"

"ဟုတ်မှာပေါ့"

ပီတိနိုက ဘာမှ မသိသလို ဖြေလိုက်သည်။

"ဖြစ်ဖြစ်ချင်း သူက ဘာလို့ တို့တွေကို အကြောင်းမကြားရတာလဲ"

လူမမာ သတင်းမေးထက် မင်းထွဋ်အပေါ် သဝန်တိုမှုက ဖုံးမရ ဖိမရနှင့် မြသစ်လွှာ ယောက်ယက်ခတ်နေသည်။ လူနာစောင့် သူနာပြုလေး အခန်းထဲ ပြန်ဝင်လာ၍ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို မရိပ်မိဘဲ. . .

"ဟော. . . ညှော်သည်တွေ ရောက်နေကြတာကိုး၊ လူနာရှင် အစ်ကိုကြီးကတော့ ဘာဂရုစိုက်သလဲ မပြောပါနဲ့တော့၊ သူ့လူနာ သတိမရမချင်း အစ်မလေးကို ရင်ခွင်ထဲ ပွေ့ထားတာ စိတ်ချရတော့မှ အပြင်ထွက်သွားတာ"

ဟု ပြောပြကာမှ မြသစ်လွှာ၏ မျက်နှာတစ်ပြင် တစ်ခုလုံး ညိုမည်းသွားရချေပြီ။

စူဇန်ကတော့ မသက်မသာ သက်ပြင်းချရင်း သူငယ်ချင်း ဖြစ်သူအပေါ် လည်း အားနာ၊ ညီမငယ်အပေါ် လည်း စိုးရိမ်ပိုရ၊ မင်းထွဋ်ဆိုတဲ့လူကိုလည်း ကျေးဇူးတင်ရမလိုလို၊ ဒေါသထွက်ရတော့မလိုလို။

အခြေအနေကို အလုံးစုံ ရိပ်မိသည့် ပီတိနိုက. . .

"မမ. . . ကိုလင်းရော၊ နို့ ဒီလောက် နေမကောင်း ဖြစ်တာကျတော့ လာမကြည့်တော့ဘူးမို့လား"

"ဟုတ်ပါရဲ့၊ ကိုလင်းခမျာ မန္တလေး ကုမ္ပဏီခွဲအတွက် ပစ္စည်းကိစ္စ အရေးပေါ် ခရီးသွားရတာလေ၊ နောက်နှစ်ရက်ဆို ပြန်လာတော့မယ်"

"မမစူဇန်. . . ကိုလင်းက အခုလို အချိန်ကျတော့ ရောဂါ လာမရှာတော့ဘူးနော်၊ နေကောင်းတဲ့အချိန်တုန်းကတော့ အလကားနေ ရောဂါ လာစစ်ဆေးနေရတာ ကိုလင်း





အကျင့်၊ သိလား"

"ဟင်း. . . ဟင်း. . . ဟုတ်ပါရဲ့ကွယ်"

ပီတိနိုတစ်ယောက် စကားစစ် ပြောင်းမှန်း စူဇန်က ရိပ်မိပုံ မပေါ်။ ပီတိနို စိတ်ထဲမှနေ၍ သိပ်လည်း အူပုပ်မနေနဲ့ ဒေါ်မြသစ်လွှာရေ၊ ရှင့်အတွက် ပီတိနိုက ကျားကွက်ရွှေ့ဖို့ တစ်ကွက်နောက်ဆုတ်ပေးလိုက်ခြင်း ဖြစ်သည်။

ပီတိနို တစ်ယောက် အတိတ်ကာလကိုရော ပစ္စုပ္ပန်ကိုပါ ကောင်းကောင်းကြီး ဆက်စပ် မှတ်မိသွားခြင်းကိုတော့ ပီတိနိုတိုယ်တိုင်က လွဲ၍ မည်သူမျှ မသိရှိနိုင်ပေ။ ချွင်းချက်အဖြစ် မင်းထွဋ် ဆိုသောလူကသာ နားလည်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောလူပါ ပင်ပန်းထား၍ အိပ်ပျော်အောင် အိပ်ပစ်လိုက်သည်။ ဖုန်းစက်များပါ ပိတ်ပစ်ထားခြင်း ဖြစ်၍ မကြာပါချေ။ တဒေါက်ဒေါက် တံခါးခေါက်သံနှင့်အတူ ရောက်ရှိလာသူက မြသစ်လွှာ ဖြစ်ပါသည်။

"ကဲ. . . ကယ်တင်ရှင်ကြီး၊ ဘာမှ မစားရသေးဘူး မဟုတ်လား၊ ဟွန်း. . . ဟွန်း၊ ဒီမှာပါရှင့်"

စားစရာ တစ်ပုံတပင်နှင့် ရောက်ရှိလာသူ မြသစ်လွှာ အပေါ် အားတုံ့အားနာ ဖြစ်သွားရင်း. . .

"သင့်ခ်ယူ မမ"

"ကဲ. . . ကဲ. . . မျက်နှာသစ်ပါဦး"

"ခဏနော် မမ"

မင်းထွဋ် ရေချိုးခန်းအဝင်မှာ အိပ်ခန်းအတွင်း သော့တန်းလန်း ထားခဲ့သည့် ဘီဒိုအတွင်းသို့ မြသစ်လွှာ မွှေနှောက်





ရှာဖွေတော့သည်။ မတွေ့။ မင်းထွဋ်၏ အတိတ်ခြေရာကို အစအန ကောက်ရန် ရှာနေခြင်း ဖြစ်သည်။

ထွဋ်နှင့် ပီတိနိုတို့ဟာ ဆက်စပ်မှု တစ်ခုခု ရှိကိုရှိနေရမည်။ နေနှင့်ဦးပေါ့။ သူတို့နှစ်ဦး ဆုံတွေ့လာတိုင်း သူတို့ မျက်ဝန်း အကြည့်တွေက တရင်းတနှီး ဆန်တာ မြင်သူတိုင်းက သတိထားမိကြသည်။

ကုမ္ပဏီမှာ လူပေါင်းစုံ အုပ်ချုပ်လာတာ။ မြသစ်လွှာ ဒီလောက်တော့ လူကဲခတ် မညံ့ပါချေ။ ခပ်သွက်သွက် မင်းထွဋ် အဝတ်အစားလဲရန် ဝတ်စုံတစ်စုံ ယူကာ စောင့်နေလိုက်သည်။

"ဟော. . . ထွဋ် မျက်နှာတောင် သစ်ပြီးသွားပြီ၊ ကဲ. . အဝတ်အစား လဲပြီး လာခဲ့နော်၊ စားစရာတွေ မ, ပြင်ထားလိုက်မယ်၊ ပူပူနွေးနွေး စားရအောင်နော်"

မြသစ်လွှာက အသံရော အမူယာတွေပါ နူးညံ့သိမ်မွေ့နေရသည်။ အမှန်ဆို မနေ့က အဖြစ်အပျက်ကို သိရကတည်းက သဝန်တိုစွာ မင်းထွဋ်အား ရန်တွေ့ပစ်ချင်တာများ။

မြသစ်လွှာကသာ မင်းထွဋ်အပေါ် တယုတယနှင့် ဟျာသလဲ ဖြစ်နေသလောက် စားပြီးသောက်ပြီး မင်းထွဋ်က အေးအေးဆေးဆေးပင် ဆေးလိပ် မီးညှိကာ အသောက်မပျက်။

သည်အတိုင်း ထိုင်နေရတော့ မြသစ်လွှာမှာ နေရထိုင်ရခက်လို့လာသည်။ စိတ်ပျက်လက်ပျက် မထချင်ထချင် ထကာ



www.burmeseclassic.com

www.burmeseclassic.com



"ထွင်ရဲ့ နားချင်နားလေ၊ မ သွားတော့မယ်"

ခေါင်းသာ ညိတ်ပြသည်။ လူကတော့ ကျောက်ရုပ် ပမာ။ မင်းထွင့်ရဲ့ စိတ်တွေ ဒီမှာ ရှိမနေတာ သေချာပြီ။

"ဟွန်း. . . မုန်းဖို့ကောင်းတယ်၊ အလိုက်ကန်းဆိုး မသိ တဲ့လူ"

စိတ်ထဲမှာ မကျေမနပ် ရေရွတ်ရင်း ထွက်လာခဲ့ရသည်။ တကယ်ဆို မြသစ်လွှာ၏ စေတနာကိုတော့ ဟန်ဆောင် ပန် ဆောင် ခြည့်ဝတ်ကျေသင့်သည်။ အမှန်တကယ်မှာ မြသစ်လွှာ ပြန်ထွက်အသွားမှာ မင်းထွင့် ကျိတ်ပြုံး၍ ကျန်ရစ်ခဲ့လေသည်။

"တတ်လည်း တတ်နိုင်ပါပေ့ ဒေါ်မြသစ်လွှာ၊ မင်းထွင့် ဆိုတဲ့လူက ဘ၀ကို ပိုင်ပိုင်နိုင်နိုင် မလျှောက်တတ်ဘဲ မင်းထွင့် ဆိုတဲ့ဘ၀ကို လက်မခံပါဘူး"

ဘယ်သူနဲ့ ယှဉ်ယှဉ် မင်းထွင့်က ခြင်္သေ့တစ်ကောင်လို ရဲရင့်စွာ လှုပ်ရှားတတ်ပေမယ့် ပီတိနိုဆိုသည့် မိန်းကလေး ရှေ့ မှောက်မှာ သူကိုယ်တိုင် သိုးကလေးလို ဝပ်စင်း ခတွားနေချင်မိ သည်။

ဒါသည် နှလုံးသား၏ ဆန္ဒအလိုပဲ ဖြစ်ပေလိမ့်မည်။

မကြာမီ အချိန်ကာလတစ်ခုကိုတော့ သူ စောင့်ဆိုင်းရ ပေဦးမည်။ ပီတိနိုထံ ထပ်၍ မသွားသင့်မှန်း သိ၍ သူ ငြိမ်သက် နေရခြင်း ဖြစ်သည်။ သူ့ရင်ထဲမှာတော့ ပီတိနိုကို မျှော်လင့်နေမိ





သည်။ မိုးရေစိုသော ပီတိနို၏ ဟန်းဖုန်းကို ပြုပြင်ပြီး အကြောင်း ရှာ၍ ယူသွားနိုင်ဖို့ အကြံထုတ်နေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ပီတိနို နေမကောင်း ဖြစ်ခြင်းအပေါ် အကြောင်းပြု၍ မမစုဇန်ရော ဒေါက်တာဝေလင်းကပါ အပြင်ထွက်ခွင့် မပေးသေးချေ။ ကျောင်းလည်း မသွားရ။ ပြင်ပလည်း မသွားရနှင့် ယခင်က အိမ်မှာ ပျော်ရွှင်တတ်သော ပီတိနို တစ်ယောက် ပျင်းရိငြီးငွေ့စိတ်တွေ ဝင်လာတတ်ပြီ။

မိုးရေထဲမှာ ဟန်းဖုန်းလေး ပျက်စီးသွား၍ အော်တိုဖုန်းကို ဆက်ရန် အိမ်မှာ လူအလစ်ကို ချောင်းနေရသည်။ နေ့လည်ခင်း အိမ်မှာ လူရှင်းမှ ပီတိနို ဖုန်းဆက်ခွင့် ရပါသည်။

ဦးမင်းထွဋ် ဖုန်းကို မကြာခဏ ခေါ်သော်လည်း ခေါ်မရ။ ပီတိနို စိတ်ပူပန်သွားရသည်။ သည်လူကြီး သူ့ရဲ့ဇာတိရုပ်





[...]ပါ မှာစိုး၍ လစ်ပြေးပြီလား။ သည်လူနှင့် ကိုအောင်ခန့် မည်သို့ [...]တ်သက်နေပါသလဲ။ ကိုအောင်ခန့်မျက်လုံး၊ ကိုအောင်ခန့် အ[...]မှန်း သိပေမယ့် တစ်ချိန်က ကိုအောင်ခန့် မဟုတ်တာတော့ [...]ချာလို့ ဇနေသည်။

ပီတိနို ရင်ထဲမှာ တွေးရင်း ပူလောင်လာရသည်။ ဦးမင်း[...]ဋ်၏ ကုမ္ပဏီသို့ ဖုန်းဆက်သော်လည်း အပြင်သွားပါသည်တဲ့။ [...]ဆို ဒီမြေ ဒီဝန်းကျင်မှာပဲ ရှိနေသေးသည့်သဘော။ အပြင် [...]တ်ခွင့် ရချင်လိုက်တာ။

ပီတိနို လုံးဝ ဇွဲမလျှော့ပါ။

နောက်တစ်နေ့ ဦးမင်းထွဋ်ထံ ဆက်သည်။ မရ။ ကုမ္ပ[...] ဆက်ကြည့်သည်။ အိမ်မှာ ရှိသည်။ ဒါဆို လုံလောက်ပြီ။ [...]းမချိတ်တော့။

ပီတိနို အိမ်မှ အသာလစ်ထွက်ကာ မင်းထွဋ် နေထိုင်ရာ [...]ောင်းကင်တာဝါသို့ ရောက်ရှိသွားခဲ့သည်။ တစ်ကြိမ်တစ်ခါမှ [...]ယောကျ်ားတစ်ဦး၏ အိမ်သို့ အဖော်မပါဘဲ လာခဲ့ရခြင်းမို့ ရင်ခုန် [...]ုန်မှုတော့ ခံစားရသည်။

ပီတိနို သည်လူကို တွေ့မှ ဖြစ်ပေမည်။ ရင်ထဲက သိချင် [...]တ်များက ဘယ်လိုမှ တားဆီး၍ မရတော့။ သိချင်တာကို [...]ခွင့်ရမှ နေသာထိုင်သာ ရှိပေမည်။ အနာဂတ် ခရီးလမ်း အ[...]တ် ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင် ချမှ ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကဒ်မှ အခန်းနံပါတ်ကို ရှာဖွေရာ '၁၀၃'။ အခန်းနံပါတ်ရှေ့မှာ ခြေစုံရပ်ပြီး တံခါးဘဲလ်ကို နှိပ်ဖို့ အတော် စဉ်းစားနေပြန်သည်။ အဆုတ်တွေ နှလုံးအိမ်ထဲသို့ လေကို အားရပါးရ ရှူသွင်းရှူထုတ် လုပ်ပြီး စိတ်တို့ တည်ငြိမ်အောင် ပြုပြီးမှ တံခါးဘဲလ်ကို နှိပ်လိုက်တော့သည်။

ခေတ္တမျှ စောင့်ဆိုင်းနေလိုက်သည်။ ချက်ခြင်း လူရိပ်လူခြည် မတွေ့၍ ထပ်နှိပ်လိုက်တော့သည်။ စိတ်မရှည်ချင်တော့၍ တံခါးချပ်ကို တွန်းကြည့်စဉ် တံခါးက အလိုအလျောက် ပွင့်လို့သွားသည်။

ပီတိနို ခြေလှမ်း မဝံ့မရဲဖြင့် အိမ်ထဲသို့ ဝင်လိုက်စဉ် ဦးမင်းထွဋ် အံ့အားတသင့် ကြည့်လို့နေသည်။ ပီတိနိုက သိချင်စိတ်ဇောနှင့် မင်းထွဋ်အနား ရောက်သွားစဉ် မင်းထွဋ်၏ သန်မာသော လက်များကြားမှာ ပီတိနို ရုန်းကန်နိုင်ခြင်း မရှိ။ မင်းထွဋ် ရင်ခွင်ထဲမှာ ထွေးပွေ့ခံထားရပေသည်။ မင်းထွဋ်၏ သိုင်းဖက်ထားသော လက်ကို ဖြေလျှော့လာမှပဲ ပီတိနို အသက်ရှူခွင့်ရခြင်း ဖြစ်သည်။

"ရှင် တော်တော် ကြမ်းတမ်းတာပဲ"

ပီတိနို ပြောမယ့်သာ ပြောနေရသည်။ သည်လူ၏ အထိအတွေ့မှာတော့ စီးဝင် နစ်မျောမိတာ အမှန်ပင်။

"ဆောရီးပဲ ကလေးမ၊ မင်းကို မြင်တော့ ကိုယ် ဘယ်လို





မှ စိတ်မထိန်းနိုင်လို့ပါ"

"ဟွန်း. . . သူ့ဘာသာသူ လုပ်ချင်သလို လုပ်ပြီးမှ တောင်းပန်ချင်တယ်"

ပီတိနို အငေါ်တူးစကား ပြောပေမယ့် ချစ်စိတ်တို့ အရည်လဲ့နေတာ မျက်ဝန်းမှာ ပေါ်လွင်နေသည်။

"ကောင်းပြီလေ၊ မကျေနပ်ဘူးဆိုရင် ထပ်ပြီး ဝန်ဆောင်ခ တိုးမြှင့်လိုက်ရင် အဆိုးမဆိုနဲ့တော့"

"ဟင်း. . . ဟင်း၊ ကျွန်မက ရှင် ထွက်သွားပြီလားလို့ လာကြည့်တာ"

"မင်း မပါဘဲ ကိုယ် ဘယ်ကို သွားလို့ ရမှာလဲ"

"ဒါကတော့ ရှင့်ဘက်က အပိုင်တွက်ထားတာလေ၊ အမှန်က ရှင် ကျွန်မကို တရင်းတနှီး ပြုမူလိုက်ရင် ကျွန်မစိတ်မှာ သာယာမိတယ်၊ ဒါပေမယ့် ရှင့်မျက်နှာကို မြင်မိရင် ကျွန်မစိတ်က လက်မခံချင်ဘူး"

"သည်မေးခွန်း မေးလာလိမ့်မယ်လို့ ကိုယ် မျှော်လင့်ပြီးသားပါ၊ ဒါကြောင့် မင်း ကိုယ့်ဆီ အလာကို စောင့်မျှော်နေတာလေ၊ မင်း သိချင်တာ ရှင်းရှင်းမေးလိုက်ပါ"

"ကောင်းပြီ၊ ကိုအောင်ခန့် ဘယ်မှာလဲ၊ ကိုအောင်ခန့် အသက်ရှင်သေးလား"

"ဒါတင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ရှင်က ဘာဖြစ်လို့ ကိုအောင်ခန့် မျက်ဝန်း ကိုအောင်ခန့် အသံနဲ့ ကျွန်မကို ဘာဖြစ်လို့ ပုံမှားရိုက်နေတာလဲ ရှင် ဘာအကြံအစည် ရှိသလဲ၊ ပြော"

မင်းထွဋ်ခမျာ မေးခွန်းပေါင်းများစွာ မေးလာသော ပိတိ နို၏ မေးဖျားလေးကို ညင်သာစွာ ဆွဲယူပြီး နမ်းရှိုက်လိုက်ပြီးမှ

"မင်းလေး သိချင်တာတွေ အကုန်ပြောပြမယ်၊ ဟုတ်ပြီ လား၊ အကြောင်းစုံ သိပြီးမှ မင်းလေး ကိုယ့်အပေါ် ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်"

...မြဲလွှာ...





## အခန်း (၁၇)

မင်းတို့ ချုပ်နှောင်ခံရစဉ်အချိန်က အဖျားတက်နေတဲ့ မင်းရဲ့ခန္ဓာကိုယ်ကို ထမ်းပြီး လူသူ မသွားတဲ့ လမ်းကနေ ကား သမ်း ရှိရာကို ပြေးရတယ်။ ငါနဲ့ စိတ်ချလက်ချ ထားခဲ့ပေမယ့် မင်းအစ်ကိုအပေါ် ရက်စက်နည်းမျိုးစုံနဲ့ ညှဉ်းပမ်းနှိပ်စက် ရက် စက်ကြတော့မယ်။

မင်းကို ငါက ကယ်တင်ပြီး မင်းနဲ့ငါ အတူ ရှိနေရင် သည်း ဒီတစ်သက် မကြေလည်တဲ့ ရန်ကြွေးအဖြစ်နဲ့ မင်းကို ချမ်းသာပေးမှာ မဟုတ်ဘူး။ မင်းရဲ့ခန္ဓာကိုယ်ကို မနိုင့်တနိုင် ထမ်းရပေမယ့် လမ်းမှာ ခဏတစ်ဖြုတ်တောင် ငါ မနားရဲဘူး။ မှီလင်းသွားမှာ ကြောက်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းပေါ်လည်း ရောက်ရော ကားမီးရောင် မြင်တာနဲ့ မင်းကို လမ်းပေါ် မရောက်တရောက် အသာထားပြီး ပုန်းနေခဲ့ရတာပါ။

မင်းကို လှမ်းမြင်ဟန် တူတယ်။ ကားတစ်စီး ရပ်လာပြီ

"စန်းမောင် စန်းမောင်. . . ကားစက်ရပ်စမ်း"

"ဟာ. . . ဆရာကလဲ၊ တော်ကြာ ဓားပြတိုက်ချင်လို့ အကွက်ဆင်တာ ဖြစ်နေမယ်"

"ရပ်ဆို ရပ်ကွာ"

"ကားရပ်ဆို ရပ်မယ် ဆရာ၊ စက်တော့ မရပ်ပါရစေနဲ့ အရေးဆို ပြေးလို့ရအောင်"

"ကဲ. . . မြန်မြန်လုပ်၊ ဓားပြဆိုလည်း ငါ့မှာ သေနတ်ပါတယ်၊ မတော်တဆ ဒုက္ခသည်ဆိုလည်း ကူညီရတာပေါ့"

ဦးကောင်းမြတ်က အကောင်းမြင် အတွေးနှင့် ပြောပေမယ့် ဇနီးဖြစ်သူ ဒေါ်စိန်ရှင်ကတော့. . .

"ကြည့်လည်း လုပ်ဦးနော်၊ လူသတ်ခံထားရတာဆို ဘုန်းကြီးအမှု ရှာပတ်နေမယ်"

"စိုးရိမ်ရန်ကောကွာ၊ ကဲ. . . ကဲ. . . ကားမီးကြီး ထိုးပါကွ၊ ဟာ. . . ဒီမှာ စာရေးထားတယ်"

"အသက်အန္တရာယ် ရှိရာမှ ကယ်လာရ၍ ဆေးရုံသို့ ပို့ပေးပါရန်"





ပတ်ဝန်းကျင် အနေအထား အကဲခတ်လိုက်ပြီးမှ. . .

"မိန်းကလေးပါလား၊ ရုပ်ရည်သန့်သန့်လေး၊ စိန်စိန်ရေ ဒီကလေးမ အတော် ဒုက္ခရောက်ခဲ့ပုံ ရှိတယ်၊ အသက်မသေသေးဘူးကွ"

"စန်းမောင်. . . ဟဲ့. . . စန်းမောင်၊ မြန်မြန် လာဝိုင်းကူ၊ ကားပေါ် တင်စမ်း၊ နောက်ထပ် ကားမလာခင်"

လင်မယားနှစ်ယောက် ကြောက်စိတ်တွေ ဘယ်ရောက်မှန်း မသိ။ သနားစဖွယ် မိန်းကလေးငယ်အား သားသမီးချင်း စာနာပြီး ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အဲ့ဒီမြင်ကွင်းက မင်းနဲ့ ကိုယ်တို့ရဲ့ နောက်ဆုံး အဖြစ်အပျက်ပဲ။

ဒီနောက်ပိုင်း အောင်ခန့်တစ်ယောက် သူ ကယ်တင်သည့် မိန်းကလေးကို ကယ်တင်ရှင် တွေ့သွားပြီဖြစ်၍ အောင်ခန့် သူ့ဖခင်ထံ ပြန်သွားလျှင်ရော ဒီနယ်မြေမှာပါ ဆက်လက်နေထိုင်ပါက အသက်အန္တရာယ် ရှိနိုင်ပါသည်။ သို့နှင့် အောင်ခန့်တစ်ယောက် ဖခင်ရှိရာ ဒေသသို့ မပြန်တော့ဘဲ မြန်မာပြည် နယ်စပ်သို့ ပုန်းရှောင် ထွက်ခွာလာခဲ့တော့သည်။

ကြံ့ရာကျဘမ်း လုပ်ကိုင်စားသောက်ရင်း နိုင်ငံခြားသားကုန်သည် သူဌေးတစ်ဦးနှင့် ဆက်မိကာ အစစအရာရာ ထက်မြက်မြတ် ရှိသော အောင်ခန့်မှာ မကြာမီကာလအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူဌေး၏လူယုံ ဖြစ်လာရကာ ကုန်ပစ္စည်းများ ဖြန့်ဖြူးပေးခြင်း တစ်ခါက လိုချင်သောကုန်ကို ရအောင် ရှာဖွေပေးခြင်း၊ ငွေရေး ကြေးရေး အစွန်းအထင်း မရှိ စိတ်ချရသဖြင့် အောင်ခန့် အမည် ပျောက်၍ မင်းထွဋ် ဖြစ်ခဲ့ရလေ၏။

သွားလာ လုပ်ကိုင်နေရပေမယ့် ဖခင်ဖြစ်သူ၏ တပည့်တပန်းများကို ဘယ်အချိန် ကြုံတွေ့နိုင်မလဲ၊ ဘယ်အချိန် လက်တုံးခံရမလဲဆိုပြီး နောက်ကျောမလုံ နေခဲ့ရသည်။

နောက်ဆုံး သူဌေး၏ အကူအညီဖြင့် နိုင်ငံရပ်ခြား တိုင်းပြည်များမှာ ကုန်သည်တစ်ပိုင်း သွားလာ လှုပ်ရှားရင်း အောင်ခန့်မှ မင်းထွဋ်၊ မင်းထွဋ်မှ မစ္စတာရန်အဖြစ် နေထိုင်လာခဲ့ရာ နိုင်ငံခြားမှာ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားစဉ် အက်ဆီးဒင့် ဖြစ်ကာ မင်းထွဋ်(ခေါ်)မစ္စတာရန် မျက်နှာတစ်ခုလုံး ရုပ်ရာ မရှိအောင် ပျက်စီးသွားတော့သည်။

နောက်ဆုံး မစ္စတာရန်၏သူဌေးက ငွေကုန်ကြေးကျ ခံကာ မစ္စတာရန်၏ မျက်နှာကို အစားထိုး ခွဲစိတ်ကုသစဉ်မှာ. .

"မစ္စတာရန်. . . ခင်ဗျားရဲ့ မူလမျက်နှာနီးပါး ဖြစ်အောင် ခွဲစိတ်ရမယ်"

"ကျွန်တော် သဘောမတူဘူး၊ တခြားလိုက်ဖက်မယ့် မျက်နှာအသစ်တစ်ခု ဖန်တီးပေးစေချင်တယ်"

သူဌေး မစ္စတာရန်အား ကြည့်ပြီး နားမလည်နိုင်တော့





မစ္စတာရန်ကတော့ သူ့ဘဝအတွက် ကြံစည် စိတ်ကူးချက်များကို အကောင်အထည် ဖော်ချင်၍ ဖြစ်သည်။ နောက်ဆုံး ကွန်ပျူတာ အကူအညီဖြင့် မျက်နှာဒီဇိုင်း ရွေးချယ်ကာ အောင်ခန့် တဖြစ်လဲ မင်းထွဋ် မျက်နှာပြင် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

မစ္စတာရန်၏ ပင်ကိုယ်ရုပ်ရည် ပျောက်၍ မစ္စတာ အောင်ခန့် အမည်ဖြင့် နေရပ်သို့ ပြန်ချင်ကြောင်း သူဌေးကို ပြောကြားစဉ်က သူဌေးက စိတ်မကောင်း ဖြစ်သွားပုံ ရသည်။

မင်းထွဋ်ကသာ နိုင်ငံစုံ၏ စီးပွားရေးကို သူဌေး လှည့်မကြည့်ရအောင် စီမံဆောင်ရွက် ငွေကြေးရှာပေးခဲ့ခြင်း ဖြစ်၍ လက်မလွှတ်ချင်။ ပေးသမျှ အခွင့်အရေးတိုင်း လက်မခံတတ်သူက သူ တစ်ချိန်ချိန် အကူအညီတောင်းက အကူအညီ ပေးရမည် ဆိုသည့် ကတိပြုထားမှုကို အလေးထား၍ လိုက်လျောရပေတော့မည်။

"ဒီနောက်ပိုင်း ကိုယ် မြန်မာပြည် ပြန်ရောက်လာခဲ့တာပဲ နိုနို"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မင်းထွဋ်ပြောသမျှ နားထောင်နေသော ပီတိနိုက မင်းထွဋ် မျက်နှာပြင်ပေါ်သို့ လက်ဖဝါးနုနုလေးများဖြင့် ပွတ်သပ်ကိုင်တွယ်ရင်း. . .

"မျက်နှာတစ်ခုလုံး အစားထိုး ခွဲစိတ်ထားရတာ၊ အဲဒီတုန်းက သိပ်ခံစားရမှာပဲနော်"

"ဒါပေါ့၊ ကိုယ့်မျက်နှာမှာ နှာခေါင်းရော၊ ပါးစပ်ရော မေးစေ့ပါ ပျက်စီးကုန်တာ၊ သူဌေး ကောင်းလို့ အသက်ရှင်တာလေ၊ သည်တုန်းက ခံစားရတဲ့ ဝေဒနာက အိပ်မက်ဆိုးဆိုးကြီး နေ့တိုင်း မက်နေသလို ခံစားရတယ်၊ လူကလည်း ရှန်းထွက်မရှိနဲ့ ကိုယ့်မျက်နှာ အစားထိုးဖို့ ဆန္ဒပြုပေမယ့် အစားထိုးခံဖို့ ကိုယ်နဲ့ အရေပြားဆဲလ် တူညီသူကို ရှာရတယ်၊ ဒီလူကလည်း လက်တ





လော အက်ဆီးဒင့်နဲ့ သေတဲ့လူ ဖြစ်မှ ဖြစ်မှာလေ၊ ကံအားလျော်စွာ ပြည့်စုံလာလို့ ဒီရုပ်ရည် ဖြစ်လာတာ၊ ဒါတောင် ခြောက်လ လုံးလုံး အစာစားတာ လေ့ကျင့်ရ၊ ပါးစပ်လှုပ်နိုင်အောင် မနည်း လေ့ကျင့်ရတယ်၊ ကိုယ့်ခန္ဓာကိုယ်က လက်ခံတဲ့ တစ်ရှူးနဲ့ တခြား အစားထိုးတဲ့ အသားတစ်ရှူးတို့ လက်ခံနိုင်အောင် ခံနိုင်ရည် ရှိအောင် စိတ်ဓာတ်မကျအောင် အားတင်းပြီး လေ့ကျင့်ခဲ့ရတာ၊ ခုတော့ ကိုယ် စွန့်စားရကျိုးနပ်ပါတယ်"

သူဌေးက စီးပွားရေး အကွက်မြင်တော့ မြန်မာပြည် ပြန်ခွင့် ပေးထားပြန်သည်။ သည်တိုင်းပြည်၏ ဈေးကွက်စီးပွား ရေးကို စိတ်ဝင်စား၍ မင်းထွဋ်လည်း ဆန္ဒပြည့်၊ သူဌေးလည်း အဆင်ပြေ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်ခဲ့ကြသည်။ အမြော်အမြင် ကြီးသူမို့ ပြန်လွှတ်ခြင်းပင်။

တစ်နေ့တစ်နေ့ မှန်ထဲ ကြည့်၍ မှန်မှာ မြင်ရသော ပုံရိပ်ရှင်သည် အောင်ခန့်ပါဟု မည်သူမျှ ထင်ရန်မရှိ။ မင်းထွဋ် ဆိုသူအဖြစ်နှင့် စိတ်သစ် လူသစ် အမည်သစ်ဖြင့် အခိုင်အမာ ရပ်တည်နေချင်သူ ဖြစ်၍ မင်းထွဋ် ကိုယ့်ဌာနေသို့ ပြန်လည် ရောက်ရှိလာတော့သည်။

"ကဲ. . . ကိုယ်ပြောတာ ယုံပြီနော်၊ အကယ်၍ မင်း ကိုယ်တိုင် ကိုယ့်အကြောင်းကို ဖွင့်ပြောမှပဲ ကိုယ် လူပုံအလယ် က ထွက်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား၊ အဲ့သလို ပြောပြမယ်ဆိုရင်. . ."

"မင်း အခု ပြန်သွားတာနဲ့ ကိုယ် ဒီမြေမှာ ရှိမနေတော့ဘူးလေ"

မင်းထွဋ်၏ ဆုံးဖြတ်ချက်ကြောင့် ပီတိနို စိတ်မကောင်းဖြစ်သွားရလေသည်။

"ဟင့်အင်း. . အဲ့သလိုလည်း မပြောပြချင်ဘူး၊ ပြီးတော့ အဝေးကြီးကို မသွားစေချင်ဘူး"

ပီတိနို မင်းထွဋ်လက်ကို ဆွဲယူကာ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"အကယ်၍ အောင်ခန့်ဆိုတာ ကိုယ်ပါလို့ တစ်စုံတစ်ယောက်က သိသွားခဲ့ရင်ကော"

"ဟင်. . . ဒါဆို ဘယ်လို ဖြစ်နိုင်သလဲဟင်"

"အင်း. . . လူသတ်မှု ဖုံးကွယ်သူအဖြစ် တရားစွဲ အပြစ်ပေးခံရမှာပဲ"

"နို တစ်ဦးတည်း သိတာလေ၊ နို ဘယ်သူ့ကိုမှ မပြောပြပါဘူး၊ အင်း. . . နိုတစ်ယောက်တော့ ခက်တာပါပဲ၊ ကိုယ့်မိဘအပေါ် သတ်ခဲ့သူရဲ့ သားကိုမှ သံယောဇဉ် ဖြစ်ရတယ်လို့"

"မင်းလေး အဲဒီလို ယူကျုံးမရ ခံစားနေရတယ်ဆိုရင် မင်းကိုယ်တိုင် ကိုယ့်ကို စီရင်ချက် ချလိုက်ပါ"

"ဟင့်. . . ဟင့်. . . ဟင့်"





"မငိုပါနဲ့ နိုနိုရယ်၊ မင်းအတွက် အချိန်မရွေး ကိုယ့်ရင်ခွင်တံခါး ဖွင့်ထားတယ်နော်"

တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက် တင်းကြပ်စွာ ပွေ့ဖက်ထားရင်း. . .

"တကယ်ပါ၊ ရှင့်ရဲ့ရင်ခွင်ထဲကို ထပ်ပြီးမဝင်ခဲ့ရရင် ရှင်နှင်း သိမှာ မဟုတ်ဘူး၊ နိုနိုရဲ့ ပထမဆုံး ခိုလှုံခဲ့ရတဲ့ ရင်ငွေ့ဟာ ရှင့်ရဲ့ရင်ခွင် နွေးထွေးမှုကို တစ်သက် မမေ့နိုင်ခဲ့တာလေ၊ ပြီးတော့. . . ရှင့်ရဲ့ ကြင်နာနွေးထွေးတဲ့ မျက်ဝန်းအစုံရယ်၊ တရာစိတ် အပြည့်ရှိတဲ့ ရှင့်ရဲ့လေသံကို ထာဝရ စွဲမက်နေခဲ့တာကြောင့် ရှင်ဟာ ကိုအောင်ခန့်လို့ ပြောနိုင်ခဲ့တာ"

"ဒါလည်း ကိုယ်တို့ တစ်ဦးအပေါ်တစ်ဦး ထားခဲ့တဲ့ ချစ်ခြင်းမေတ္တာစိတ်ကြောင့် ဖြစ်နိုင်တယ်"

"ဒါဆို ဘယ်သူ ပိုလဲ"

"ဘာလဲ. . . ဘယ်သူ့အချစ်က ပိုလဲ သိချင်တယ်ပေါ့၊ ဒါဆို. . ."

ခွေ့ကနဲ ပီတိနိုကို ပွေ့ယူကာ မင်းထွဋ် ခေါ်ဆောင်သွားချေပြီ။ ထိုအချိန်မှာ သူတို့နှစ်ဦးစလုံးအပါးဝယ် နှင်းဆီရနံ့ သင်းပျံ့နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး၏ အပျော်ဆုံးအချိန်တို့ ကျော်လွန်ပြီမို့ ပီတိနီကို ပြန်ပို့ရန် မင်းထွဋ် ကားရှိရာ ခေါ်ဆောင်ခဲ့သည်။ မင်းထွဋ် အပါး မြင်ဖူးနေကျ မိန်းကလေး မဟုတ်၍ ပတ်ဝန်းကျင် မြင်သူ တချို့က စိတ်ဝင်တစား ကြည့်ကြသည်။

"လိုက်မပို့နဲ့တော့၊ နီဘာသာ ပြန်မယ်"

"တက်နော်၊ ပြောမရရင် လူရှေ့မှာ ဒဏ်ခတ်ပစ်မယ်"

"ဟွန်း . . . သူပေးတဲ့ ဒဏ်ကလည်း ကြမ်းလွန်းပါတယ်၊ အခု လိုက်ပို့တာ အိမ်က မြင်မှာစိုးလို့ပါ"

"ပူပင်စရာမရှိ နီနီရယ်၊ အနီးဆုံး ကိုယ် တစ်နေရာမှာ ချထားပေးခဲ့မယ်"

နောက်မှ မင်းထွဋ် သတိရသွားပုံ ရသည်။

"အိမ်ရောက်တာနဲ့ ဖုန်းဆက်နော်"

"ဟင် . . . နီရဲ့ဖုန်းက ရေစိုလို့ ပျက်နေတယ်လေ"

"ဟုတ်သားပဲ၊ ကိုယ် ပြင်ဖို့ ပေးထားတယ်၊ ရော့ . . . ရော့၊ ဒီဟာ ယူထား"

"ဟာ . . . အိမ်က ဆူမှာပေါ့"





"အဲ့,ရန်ကောက္ကာ၊ သူငယ်ချင်းရဲ့ဖုန်း ငှားကိုင်တယ်ပေါ့"

"ဟုတ် ဟုတ်"

ပီတိနီက နှုတ်ခမ်းလေး စေ့ကာ ခေါင်းညိတ်ပြလိုက်သည်။

"သည်လို ဘဝမျိုးနဲ့ ပြန်ဆုံရမယ်လို့ မင်း ထင်လားဟင်၊ ကိုယ် တကယ် မမျှော်လင့်ထားတာ အမှန်ပဲ၊ မင်းကို ကားလမ်းဘေးမှာ ထားခဲ့ပြီးကတည်းက နောက်ဆုံး ထာဝရ ခွဲခွာခြင်းလို့ ထင်ထားတာ"

မင်းထွဋ် ပြောသမျှ ပီတိနီ နားထောင်ရင်း မင်းထွဋ် လက်ကို ဆွဲကိုင်ကာ ရင်ခွင်ထဲ အပ်ထားရင်း . . .

"နောက်ထပ် ဒီအကြောင်းတွေ မပြောနဲ့တော့နော်"

"ကောင်းပါပြီတဲ့ဗျာ၊ သဘော သဘော"

ပီတိနီ ပါးပြင်နုလေးကို ခပ်ဖွဖွ ဆွဲလိမ်ကာ ကားပေါ်တက်ရန် တံခါးဖွင့်ပေးလိုက်သည်။ ပီတိနီ ခါးလေးကို သိုင်းဖက်၍ ကားပေါ် တက်စေခဲ့သည်။ ပြီးမှ ယာဉ်မောင်းသူနေရာ အား ဝင်ထိုင်ကာ မင်းထွဋ် ကားကို ဝေါကနဲ မောင်းနှင် ထွက်ခွာသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

"ကျွိ"

ရုံးခန်းတံခါး ပွင့်လာ၍ ဝင်လာသူအား မော့ကြည့်မိရာ

"ကိုလင်းပါလား၊ လာ ထိုင်လေ"

"အကြောင်းထူး ရှိလို့၊ မမများ အားမလားလို့"

"အားတယ်တော့ ဘယ်ဟုတ်မလဲ၊ ခါတိုင်းဆို မိန်ုကရုံးလုပ်ငန်း ဝိုင်းကူနိုင်တယ်၊ သူကလည်း နေမကောင်းပြီးခါစ ရယ် ကျောင်းတစ်ဘက်ရယ်ဆိုတော့ မြင်တဲ့အတိုင်းပဲ"

တကယ်လည်း အလုပ်က များလာသည်။ စူဇန်၏ ဒါရိုက်တာ စားပွဲမှာ လယ်ဂျာစာအုပ်များ၊ မှတ်တမ်းဖိုင်တွဲများ စုပုံလို့ နေသည်။





"ဒါဆို နောက်မှပဲ ပြောတော့မယ် မမ"

ဝေလင်းက အားနာဝွာနှင့် ထိုင်ရာမှ ထ၍ ပြန်ရန်ပြင်စဉ်. . .

"ရောက်လာပြီးမှကွာ၊ အကြောင်းထူး ရှိတယ်ဆို၊ ဘာများလဲ ငါ့မောင်"

"ဦးမင်းထွန်းရဲ့အကြောင်းပဲ မမ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဒီလူ့ပုံစံ ကြည့်ရတာ တစ်စုံတစ်ခုကို ခြေရာဖျောက်ပြီး ရောက်လာတာလို့ သံသယ ရှိလို့ပါ"

"ဟင်း. . . ဟင်း၊ ကိုလင်းတော့ ဆရာဝန်ကနေ ရှားလော့ဟုမ်းလား၊ ဆားပုလင်းနှင်းမောင်လား ဖြစ်နေတော့မယ်"

"တကယ်ပြောနေတာ မမရဲ့၊ နောက်ပြီး မိန်ုနဲ့ ပတ်သက်ပြီး မမစူဇန်ဆီမှာ ဘာအထောက်အထား တစ်ခုခု ရှိသလဲ"

"အင်း. . . မမ ဖြည်းဖြည်းချင်း စဉ်းစားပြောမှ ရမယ်"

စူဇန်တစ်ယောက် မျက်မှောင်တွန့်ကာ လွန်ခဲ့သော ငါးနှစ်ကျော် ကာလကို စဉ်းစားနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ်နှင့် ဒေါ်စိန်ရှင်မှာ စီးပွားရေးအရ ဘာ ပူပင်စရာ မရှိပေ။ တစ်ဦးတည်းသော သမီးမှာလည်း အဓေ ကားမှာ ပညာသင်ဆဲ ဖြစ်နေ၍ စိတ်အေးလက်အေး မြန် ပြည်အနှံ့ ဘုရားဖူး ထွက်လာကြခြင်း ဖြစ်သည်။

ဘုရားဖူးအပြန် လမ်းခရီးမှာ ကြုံတွေ့ရသော မိန်း လေးကြောင့် ပြင်ဦးလွင်ရှိ သူတို့ ငှားထားသော ဘန်ဂလို ခေါ်ဆောင်လာပြီး တိတ်တဆိတ် ဆေးကုပေးရန် ဖြစ်သည်

ဆေးရုံပေါ် တင်ပေးပြန်ကလည်း ရာဇဝတ်မှု ဆိုပါ တွေးမိပြီး လင်မယားနှစ်ယောက် ခေါင်းစားနေရသည်။ ဦး ကောင်းမြတ် ဇနီးဖြစ်သူအား ခပ်တိုးတိုး တိုင်ပင်ရပြန်သည်

"မိန်းမရေ. . . ဒီကလေးမကို ဆေးရုံ ပို့ထားခဲ့ ကောင်းမလား"

"ကျွန်မလည်း စဉ်းစားနေတာ၊ ဒီလိုလုပ်ပါလား၊ ကျွန် တို့ ကယ်တုန်းက ကယ်ခဲ့ပြီးမှ မထူးပါဘူး၊ ကျွန်မတို့ တည်းခို





ဆီပဲ ခေါ်သွားတော့မယ်၊ ဟိုရောက်ရင် ရှင့်သူငယ်ချင်း ဆရာ ဝန်ကို ဖုန်းဆက်ပင့်လိုက်၊ ဒီကလေးမ သက်သာသွားမှ နေရပ် မေးမြန်းပြီး ပြန်ပို့ကြတာပေါ့"

"ဒီလိုဆိုတော့လည်း ကောင်းတာပါပဲ"

ဦးကောင်းမြတ်ရော ဒေါ်စိန်ရှင်ပါ မိန်းကလေးအား ကြည့်ပြီး အဝေးရောက် သမီးလေးနှင့် ယှဉ်ကာ ကိုယ်ချင်းစာစိတ် များက ရင်မှာ တဖွားဖွား ပေါ်နေရှာသည်။

ဒါ မိန်းကလေး၏ ကုသိုလ်ကံ ဖြစ်ပေလိမ့်မည်။

တည်းခိုရာ ဘန်ဂလို ရောက်တော့ နယ်မှ နေမကောင်း သည့် ဆွေမျိုးကို ခေါ်လာပြီး ဆေးကုပေးသည်ဟု ပြောပြထား သည်။ ဦးကောင်းမြတ်တို့၏ပုံစံ ကြည့်ပြီး မည်သူမျှ မယုံမကြည် မရှိကြပေ။ ဆရာဝန် ရောက်လာစဉ်. . .

"အမှန်က မင်းနဲ့ငါ အင်မတန် ခင်လို့ ကုပေးနေတာ နော်၊ ဒီလို အခြေအနေမျိုးက ဆေးရုံမှာ တင်ထားရင် ပိုကောင်း မယ်"

"ကူညီပါကွာ၊ ခုဟာက ကလေးမရဲ့ ပထွေးက ရိုက်နှက် ထားတာ မြင်လို့ တို့ လင်မယားက ကြားက သနားပြီး ခေါ်လာ တာ၊ ကုပေးပါကွာ၊ ဘယ်လောက်ကုန်ကုန် ကုပေးပါ သူငယ်ချင်း ရယ်"

"ဒီလောက် ရက်စက်တဲ့နည်းမျိုး မတွေ့ဖူးဘူး၊ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ရင် ဒီကလေးမ နေပြန်ကောင်းရင်တောင် ဦးနှောက် ပုံမှန် ပြန် ဖြစ်ရင် ကံကောင်းပဲ မောင်ရင်"

"အေးပါကွာ၊ ဒါလည်း သူ့ကုသိုလ်ကံပေါ့"

"မင်းရဲ့စေတနာကိုလည်း လေးစားပါတယ်ကွာ၊ ဒီ လေးမ ခမျာ အစာအဟာရလည်း ပြတ်လာပုံ ရတယ်၊ လော လောဆယ် အရည်လောက်ပဲ တိုက်ထားဦး၊ အချိန်ပြည့်တော့ မဟုတ်ဘူး၊ ငါ နေ့တိုင်း လာကြည့်ပေးမယ်၊ ဖုန်းနဲ့ ငါ ဆေး ထရိုမဲန့် လုပ်ပေးမယ်၊ စပယ်ရှယ် နာ့စ်တစ်ယောက် လွှတ်ပေး မယ်၊ ဟုတ်ပြီလား စေတနာရှင်ကြီးရယ်"

"ဟား. . ဟား. . မင်းကတော့ကွာ၊ ငါ့ဆို အကောင်း မပြောချင်ဘူး"

"မင်းတို့ လူနာကို ကြပ်ကြပ်မတ်မတ် ဂရုစိုက်မှ ရမယ် လောလောဆယ် ရေနွေးဝတ်နဲ့ သန့်ရှင်းရေး လုပ်ပေးပါ၊ သူ သတိရလာခဲ့ရင် ဘာမေးခွန်းမှ မမေးကြပါနဲ့၊ နွေးနွေးထွေးထွေး ထားပါ"

"စိတ်ချပါ ဒေါက်တာရယ်"

ဦးကောင်းမြတ်နှင့် ဆရာဝန်တို့ လူနာ စမ်းသပ်မှု ကုသ မှု ပြီးတာနှင့် ဒေါ်စိန်ရှင်မှာ မိန်းကလေးအတွက် သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ် အကျီအတွင်းအိတ်မှ ကျောင်းသားကတ် လေးတစ်ခု ထွက်ကျလာသည်။ မိန်းကလေးနှင့် ပတ်သက်သော





သက်သေခံ အထောက်အထား ဖြစ်သဖြင့် ကောက်ယူ သိမ်း ဆည်းထားလိုက်သည်။

မိန်းကလေးအတွက် အဝတ်အစားများ လဲလှယ်ပေးခဲ့ သိုက်သည်။ စိတ်ချလက်ချ ကလေးမလေးအား ထားလို့ရမှ ဧည့် ခန်းသို့ ပြန်ထွက်လာခဲ့သည်။ ခင်ပွန်းဖြစ်သူကပါ ထိုင်၍ စောင့် မျှော်နေပုံ ရသည်။

"စိန်လည်း ပင်ပန်းနေပုံ ရတယ်"

"ဘယ်တတ်နိုင်ပါ့မလဲတော်၊ ကိုယ်က ကယ်တင်လာပြီး ဒီဥစ္စာ၊ ကောင်မလေးမျက်နှာက ချစ်စရာလေး၊ လူရည်သန့်ထဲ ကပဲ ဖြစ်မယ်"

"မင်း ဘယ်လိုလုပ် သိတာလဲ"

"အမယ်လေး. . . ကျွန်မ အကျီလဲပေးမလို့ လုပ်နေ တုန်း သူ့အတွင်းခံအကျီထဲက ကျောင်းသားကဒ်လေး ရလာ တယ်"

"ပြစမ်း. . . မြန်မြန် သွားယူလာခဲ့ပါ"

ထိုအချိန်တွင် အခန်းတွင်းမှ. . .

"အမေ. . . အမေ"

ခေါ်သံကြောင့် ဒေါ်စိန်ရှင် ရင်ထဲ မကောင်း ဖြစ်သွားရ သည်။ နုနုနယ်နယ် မိန်းကလေးခမျာ မြင်ရက်စရာ မကောင်း သော ဒဏ်ရာတွေနှင့် အမေကို အားကိုးတကြီး ခေါ်နေပုံများ



www.burmeseclassic.com

www.burmeseclassic.com



သမီးရင်းဖြစ်သူနှင့် ရေခြားမြေခြား နေရချိန်မှာ သားသမီးနှင့် ဝေးကွာနေ ့ည့် မိခင်မေတ္တာစိတ်တို့ နိုးကြွလာကာ. . .

"ဟော. . . သမီးလေး သတိရပြီလား၊ ကိုကောင်းမြတ် ရေ. . . ဒီမှာ သမီးလေး သတိရလာပြီ"

ယောက်ျားဖြစ်သူကို ဝမ်းသာအားရ လှမ်းခေါ်ကာ လူနာ၏ ဆံစလေးများကို သပ်တင်ပေးပြီး လင်မယား နှစ်ယောက်လုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ရသည်။

"ရေနည်းနည်း သောက်လိုက်နော် သမီး"

"အဟင့်ဟင့်. . . အမေ အမေ. . . ဟီးဟီး"

ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုကြွေးနေပုံများ သားသမီးချင်း ကိုယ်ချင်းစာကာ လင်မယားနှစ်ယောက် တ လေးမအား ကြည့်ရင်း မျက်ရည်ဝဲကြရသည်။

"အမေ အမေ"

ဒေါ်စိန်ရှင်လက်ကို အားပါးတရ ခပ်တင်းတင်း ဆုပ် ကိုင်ရင်း အားကိုးတကြီး ခေါ်နေရှာသည်။ သနားကြင်နာစိတ်နှင့်

"အမေ ရှိတယ်လေ သမီးရယ်"

အားပေး နှစ်သိမ့်ရပြန်သည်။ ကလေးမကတော့ မူလ စိတ်အခြေအနေ မဟုတ်တာတော့ သေချာသည်။

"အမေ. . . အဖေရော"

ဒေါ်စိန်ရှင်က မျက်ရိပ်ပြကာ ထူးလိုက်စေသောကြောင့်





ဦးကောင်းမြတ် အသံပြုရသည်။

"အဖေလည်း ရှိပါတယ် သမီးရယ်"

သည်တော့မှ စိတ်အေးလက်အေး ရှိသွားပုံ ရကာ အိပ် ပျော်သွားပြန်သည်။

"ကိုကောင်းမြတ်. . . ဒီကလေးမ မိဘနှစ်ပါးကို အ တော် ချစ်ပုံ ရတယ်နော်၊ သနားပါတယ်နော်၊ ကျွန်မတို့ ခေါ်လာ မိတာ ကံကောင်းသွားတယ်"

"အေးပါကွာ၊ သူ့ဝမ်းထဲကို အာဟာရ ဝင်အောင် တိုက် ဦး၊ နို့မို့ အားပြတ်ပြီး ဒုက္ခဖြစ်သွားနိုင်တယ်"

"စိတ်ချပါတော်"

လင်မယားနှစ်ယောက် အဝေးရောက် သမီးကိုယ်စား လွမ်းစိတ်တွေ ပျောက်ကာ လူနာရှင် ကလေးမကို ကြိုးစား ပမ်း စား ပြုစုစောင့်ရှောက်၍ နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

BURMESE CLASSIC .com

မည်ကဲ့သို့မျှ မေးမြန်းစုံစမ်း မရခဲ့၍ ရန်ကုန်သို့ ခေါ်ဆောင်လာခဲ့ချေပြီ။

"ကိုကောင်းမြတ်. . . ဒီကလေးမလေးက ကျွန်မတို့ကို အမေ အဖေအရင်း မှတ်ယူနေပုံ ရတယ်"

"ဟုတ်ပါရဲ့၊ ရန်ကုန်ရောက်မှ စိတ်ကျန်းမာရေး ဆရာဝန်နဲ့ ပြကြည့်ရင် ကောင်းမယ်"

"ရှင်ကလဲ၊ ကလေးက ရူးသွပ်နေတာမှ မဟုတ်တာ"

"သိပါတယ်ကွာ၊ သူ့ရဲ့အတိတ်ကြောင့် ခုလို ဖြစ်ခဲ့ရတယ်၊ ကုလို့ ရမရ သိချင်တာကြောင့်ပါ"

"ဒါဆို ရှင့်သဘောပဲ၊ ဒါပေမယ့် သမီးလေး ရှေ့မှာ





ရိုးရိုး ဆေးလာကုတဲ့ ဆရာဝန်လို့ ပြောထားပေးဖို့ပဲ"

"ငါ နားလည်ပါတယ်ကွာ၊ မင်းကလည်း စိုးရိမ်တတ်ရန်ကော၊ ဒါနဲ့ မင်း သိမ်းထားတဲ့ ကျောင်းသားကဒ် ပေးထားဦး၊ ငါ စုံစမ်းကြည့်မယ်၊ သူ့ကို ခေါ်လာတဲ့နေရာက မှတ်ပုံတင်တစ်ခု ကျနေလို့ သဲလွန်စ ရလိုရငြား ယူလာခဲ့တယ် တစ်နေ့နေ့ အသုံးဝင်ချင် ဝင်နိုင်တယ်လေ"

"ရှင် ကောင်းသလို ဆောင်ရွက်ပါ၊ ဒါပေမယ့် သမီးလေးနဲ့ ကျွန်မကို ခွဲမထုတ်ပါနဲ့၊ ခုတောင် အတိတ်မေ့သလို ဖြစ်တာကလွဲပြီး ကျွန်မကို ဝိုင်းကူ အဖော်ပြု အားကိုးနေရတာ ကြည့်ပါဦး"

ဒေါ်စိန်ရှင် သဘောကျလည်း ကျလောက်ပါပေသည်။ နံနက်ခင်း အိပ်ယာထသည်နှင့် လင်မယားနှစ်ယောက် စားရေးသောက်ရေးကိစ္စ ဆောင်ရွက်ရန် မပူပင်ရတော့။ မျက်နှာသစ်ရန် ရေက အစ အဆင်သင့်။ မီးဖိုထဲမှာ ဝင်ရောက် ကူညီချက်ပြုတ်၊ ထမင်းခူးခပ်ကျွေး၊ အိမ်သန့်ရှင်းရေးကအစ လှည့်ကြည့်စရာမလို။

ညအိပ်ယာဝင်လျှင်. . .

"အဖေနဲ့အမေကို ကန်တော့ပါတယ်"

ဆို၍ ဝတ်ပြုပြီးမှ အိပ်ယာဝင်ရှာသည်။ ဦးကောင်းမြတ်ရော ဒေါ်စိန်ရှင်ပါ ကလေးမအပေါ် ချစ်ခင်သနားစိတ်များက



www.burmeseclassic.com

www.burmeseclassic.com



တားဆီးမရအောင် ပြည့်လျှံနေပါတော့သည်။

သို့နှင့် ရက်များ ရှည်လာသည်နှင့်အမျှ ဦးကောင်းမြတ်နှင့် ဒေါ်စိန်ရှင်တို့မှာ ကံကြမ္မာရိုင်းက တွန်းပို့ပေးလိုက်သဖြင့် သူတို့ထံ ရောက်ရှိလာသော မိန်းကလေးကို သမီးရင်းနှင့်မခြား သံယောဇဉ် နှောင်ဖွဲ့လာလေတော့သည်။

"စိန်စိန်ရေ. . . မနက်ဖြန် မင်းရဲ့ကျန်းမာရေး စစ်စရာရှိတာ ဒေါက်တာကိုယ်တိုင် လာမယ်နော်၊ မေ့မနေနဲ့ဦး"

"ဟုတ်ကဲ့ပါတော်"

တကယ့်တကယ်မှာ ဦးကောင်းမြတ်တို့ ကြိုတင် ညှိနှိုင်းထားခြင်း ဖြစ်သည်။ ကလေးမလေးကို တမင် ကြားသိစေရန် ပြောနေခြင်း ဖြစ်သည်။

ဦးကောင်းမြတ် ပြောသော မနက်ဖြန် ရောက်လာပြီးနောက် နံနက်ခင်းပိုင်းမှာ ဒေါက်တာ ဦးသော် ရောက်လာခဲ့သည်။ ကလေးမကို ဆေးပြန်စစ်ရန် ဦးကောင်းမြတ်ရော ဒေါ်စိန်စိန်ပါ ဟန်ဆောင်၍ ဆေးစစ်ပြရသည်။ ပြီးမှ. . .

"သမီးလေးလည်း ဝင်စစ်ကြည့်ပါဦး"

ဘာရယ်မသိ။ လူကြီးသူမများ လုပ်ဆောင်သမျှကို လိုက်နာ ဆောင်ရွက်ရှာသည်။ တကယ့်တကယ်တော့ ဒေါက်တာ ဦးသော်နှင့် မိန်းကလေး၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို စစ်ဆေးကြခြင်းပင်။





သေချာစွာ ကြားသိရရုံနှင့် အားလုံး စိတ်မကောင်းကြပေ။ ကုတင်ထက်မှာ ငိုရှိုက်စွာ ပင်ပန်းတကြီး ခံစားနေရရှာသော ကလေးမကို သူမ ခံစားခဲ့ရသော အကြောင်းလည်း သိရလေလေ ဦးကောင်းမြတ်နှင့် ဒေါ်စိန်ရှင်တို့ ရင်မှာ ကလေးမအပေါ် တရုဏာစိတ်က တားမရတော့ပေ။ ဒေါက်တာ ဦးသော်မှာ ခေါင်းတညိတ်ညိတ် လုပ်ရင်း. . .

"ခင်ဗျားတို့ ကြားပါတယ်နော်၊ ဒီကလေးမ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ အကြောင်းအရာတွေက သွေးပျက်စရာ အကြောင်းတွေ များခဲ့ပုံ ရတယ်၊ မိန်းကလေးဘဝ ဖျက်ဆီးမခံခဲ့ရတာပဲ ကံကြီးလှတယ်၊ ဒါကြောင့် ကလေးမရဲ့ သိစိတ် မသိစိတ်မှာ ဒီကြောက်လန့်စရာကိစ္စတွေကို သူ့ဦးနှောက်ထဲမှာ လက်မခံချင်တဲ့ သဘောပဲ၊ ခပ်လွယ်လွယ် ပြောရရင် အတိတ်မေ့ ဝေဒနာမျိုးပေ့ါ၊ ဒါကလည်း ကြာချင်လည်း ကြာမယ်၊ ခဏတစ်ဖြုတ် မေ့လျော့တာလည်း ဖြစ်ကောင်းဖြစ်မယ်၊ အဲ. . . သူ့အတိတ်နဲ့ ပစ္စုပ္ပန် ဆက်စပ်ချိန်မှာ တုန်လှုပ်ခြောက်ခြားမှု မပြင်းထန်ဖို့ပါပဲ"

"အေးဗျာ၊ ခုနက အိပ်မွေ့ချပြီး ခုလို. . . ကလေးမကြုံတွေ့ရတာမျိုး သူ့အသက်အရွယ်နဲ့ မမျှလိုက်တာ၊ ကျွန်တော့်မှာ သူနဲ့ ပတ်သက်တဲ့ စုံစမ်းမှုမျိုး လုပ်ပေးပြီး ဆွေမျိုးရှိရင်လည်း ပြန်အပ်နှံပဲ့မယ်"

ဦးကောင်းမြတ် ပြောသမျှကို ဒေါက်တာ ဦးသော်က



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေပြီး. . .

"ဒါပေါ့ဗျာ၊ သတ္တဝါတစ်ခု ကံတစ်ခု ဆိုတာ ယုံရမလိုပဲ ဒီကလေးမ အခြေအနေက ခုပုံစံအတိုင်းဆို သာမန် လူကောင်းနဲ့မခြား နေထိုင် စားသောက် သွားလာနိုင်ပါတယ်၊ နောင် ဆက်စပ်မှု ကြုံတွေ့လာတဲ့ ကာလ အပိုင်းအခြား ရှိလာမယ့်အချိန်ကိုပဲ သတိထားရမှာပါ။ ခင်ဗျားတို့ ဇနီးမောင်နှံနဲ့ ကလေးမ ကြုံဆုံရတာ အတော် ကံကောင်းတာပါ"

"ကျုပ်တို့နဲ့ ရေစက် ထင်ပါရဲ့၊ နောင်တစ်ချိန် ကြုံဆုံရမှာလည်း အဲဒီအခါကျမှ တစ်မျိုး စီစဉ်ကြရမှာပေါ့"

"ကဲ. . . လူနာအတွက် ကျန်တဲ့ ကျန်းမာရေးက အကုန် အိုကေပါတယ်၊ စိတ်ပိုင်းဆိုင်ရာလည်း အထူးတလည် ညက်ရည် နိမ့်ပါးတာမျိုး မရှိပါဘူး၊ ပုံမှန် သင်ကြား နာယူနိုင်တဲ့ အနေအထားပါ"

"ကျေးဇူး အထူးတင်ပါတယ် ကိုသော်ရယ်"

"ပြောနေစရာလားဗျာ၊ ခင်ဗျားတို့ မိသားစု ကျန်းမာရေး ကိစ္စ ရှိရင် အားမနာနဲ့၊ ဖုန်းသာ ဆက်လိုက်၊ မကြာခင် ကျွန်တော့်သားလည်း ဟောက်စ် ဆင်းကာစ ဆိုတော့ ကျွန်တော် မအားလည်း သူ့ကို လွှတ်ပေးပါ့မယ်"

"ကောင်းပါပြီ ကိုသော်ရယ်၊ အားကိုးရပါပေတယ်၊ အိမ်အထိတော့ လိုက်မပို့တော့ဘူးဗျာ၊ ဒရိုင်ဘာနဲ့ပဲ ပို့ခိုင်းပါရစေ"





"ပြောစရာ လူတွေမှ မဟုတ်တာ၊ ကဲ. . . ကဲ၊ ကလေးမ နားလည်း နေပေးကြဦး"

ကလေးမ, ခမျာ အိပ်ရေးဝ၍ နိုးထလာသူပမာ လန်းလန်းဆန်းဆန်းပင်။ သူမအနီး လာနှုတ်ဆက်သော ဆရာဝန်ကြီးအား. . .

"ဟာ. . . အန်ကယ်ရယ်၊ ကန်တော့ ကန်တော့နော်၊ သမီး အိပ်ရေးပျက်ပြီး အိပ်ပျော်သွားတယ် ထင်တယ်၊ အားနာလိုက်တာ"

"မလိုပါဘူး သမီးရယ်၊ သမီးက ကျန်းမာရေး အာရုံကြော အားနည်းလို့ ခုလို ဖြစ်ရတာလေ၊ ဒီတော့ သမီး အိပ်ရေးဝဝ အိပ်ရမယ်၊ လောလောဆယ် စာတွေ အပြင်းအထန် မဖတ်ရဘူး၊ စိတ်ကို သက်သောင့်သက်သာ နေရမယ်နော်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ သမီး နားထောင်ပါ့မယ်"

"ပေးထားတဲ့ဆေးတွေ မှန်မှန်သောက်ရမယ်နော်"

"စိတ်ချပါ အန်ကယ်"

ကလေးငယ်လေးတစ်ဦးလို ခေါင်းညိတ်နေရှာသည်။

"ကဲ. . . အန်ကယ် သွားပြီနော်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်ကယ်"

ဒေါက်တာ ဦးသော် ပြန်ထွက်သွားမှ ဒေါ်စိန်စိန်ရွှေ ကလေးမပါ စားစရာ သောက်စရာများအတွက် စီစဉ်ကြရပြန်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မီးဖိုချောင်ကိစ္စကအစ မကြည့်ရ။ တစ်အိမ်လုံး သန့်ရှင်းတောက်ပြောင်နေတော့သည်။

"စိန်စိန်ရေ. . . ကလေးမရဲ့ ကျောင်းသားကဒ်ထဲက လိပ်စာအတိုင်း ငါ သွားစုံစမ်းချေဦးမယ်"

"ဖြစ်ပါ့မလား ကိုကောင်းမြတ်ရယ်၊ ရှင်နဲ့ စန်းမောင်နဲ့ နှစ်ယောက်တည်း ဖြစ်ပါ့မလား"

"ငါတစ်ယောက်တည်း လေယာဉ်နဲ့ သွားလိုက်မယ်၊ ငါ့သမီးကြီးဆီက ဖုန်းလာရင် ကြည့်ပြောထားလိုက်ဦး၊ နို့မို့ အိမ်ပေါ်ကို သူစိမ်း ခေါ်တင်ထားရမလားဆိုပြီး စိတ်ပူပင်နေမှာ စိုးရတယ်"

"ရှင် ပြန်လာမှ အကြောင်းစုံ စာရေး ပြောကြတာပေါ့"

"ကဲ. . . ယူခဲ့ပါဦး၊ ကလေးမရဲ့ ကျောင်းသား မှတ်ပုံတင်"

ဦးကောင်းမြတ်ရော ဒေါ်စိန်ရှင်ပါ တိတ်တိတ် ကြိတ်၍ ဆွေးနွေးနေကြခြင်း ဖြစ်သည်။ အနီးအပါးမှာ သားရင်းသမီးရင်း မရှိ၍ ကလေးမအပေါ် ရောက်ရှိသည့်ရက် ကြာလေ သံယောဇဉ် ပိုလာရလေ ဖြစ်လို့နေသည်။

"ရော့. . . ရော့. . . မြန်မြန်ဖတ်ကြည့်၊ ကလေးမ ဝင်လာလို့ မြင်သွားဦးမယ်"

"အေးပါကွာ နေပါဦး၊ သူ့နာမည်က ဘာတဲ့. . . ပီတိနှို





ဆိုပါလား"

"နာမည်လေးကလည်း ချစ်စရာ၊ ရုပ်ရည်လေးကလည်း ချစ်စရာ၊ သိပ်လိုက်ဖက်တာပဲ၊ သူ့မိဘများ ဘယ်လောက် ချစ်လိုက်မလဲလို့၊ ပီတိနှို ပီတိနှို"

...ဆက်ရန်...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

ဦးကောင်းမြတ် ပီတိနို နေခဲ့သောကျောင်းသို့ ကလေးမ အပေါ် သံယောဇဉ်ကြောင့် ရောက်ရှိရခြင်း ဖြစ်သည်။

"ပီတိနိုဆိုတာ. . . မနှစ်က ဒီကျောင်းကနေ ဆယ်တန်း အောင်သွားတဲ့ ကလေးပါခင်ဗျာ"

"ဟုတ်ကဲ့၊ ဒီကလေးမလေးရဲ့ ကျောင်းဝင်စာရင်းမှာ သူ့မိဘရဲ့လိပ်စာများ သိခွင့်ရမလားလို့ပါ"

"ဒီလို ဆောင်ရွက်ကြည့်ပါခင်ဗျာ၊ ဆယ်တန်းနှစ်က သူ့အတန်းပိုင်ဆရာမနဲ့ မေးကြည့်ပါ"

ကျောင်းအုပ်ဆရာကြီးမှ သူ့ရုံးစားပွဲ လူခေါ်ဘဲလ် နှိပ်လိုက်ပြီး ကျောင်းအကူ ရောက်ရှိလာသည်။





"ဆယ်တန်းစီက ဆရာမ ဒေါ်ခင်အေးမူကို ခေါ်ခဲ့ပေးပါ"

"ဟုတ်ကဲ့ ဆရာကြီး"

ဆယ့်ငါးမိနစ်ခန့်အကြာ ဆရာကြီး ရုံးခန်းအတွင်းသို့ ဆရာမတစ်ဦး ဝင်လာပြီး. . .

"ဆရာကြီး ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် ဆရာမ၊ မနှစ်က ဆယ်တန်းအောင်သွားခဲ့တဲ့ ဆရာမ တပည့် ပီတိနိုကို သူ့ဘကြီးဖြစ်သူက လာမေးတာပါ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီက ဦးလေးက ဘယ်လိုကိစ္စ ရှိလို့ပါလဲ"

"ကလေးတွေနဲ့ ကွဲသွားတာ ကြာလို့၊ အဲဒါ အဆက်အသွယ် ရလိုရငြား လာခဲ့တာပါ။ ကူညီနိုင်ရင် ကူညီပါခင်ဗျာ"

"ရပါတယ် ဦးလေး၊ သူက နယ်ဘက်ကနေ ကျောင်းလာနေကြတာပါ။ ဒီမြို့မှာတော့ သူတို့ ငှားနေခဲ့တဲ့အိမ်က ကျွန်မနဲ့ ဟိုဘက်ဒီဘက် နေကြတော့ အတူနေကြသလိုပါပဲ၊ မောင်နှမနှစ်ယောက်တည်း ငှားနေတာ၊ ခုတော့ ကျောင်းဆက်တက်ဖို့ ရန်ကုန်ဘက် သွားတယ် ကြားတာပဲ၊ နယ်က သူ့မိဘ လိပ်စာ ပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ဆရာမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ပီတိနို ကျောင်းဆက်တက်မယ်ဆို စာမေးပွဲ အမှတ်စာရင်း လာထုတ်ဖို့ လာတာ မတွေ့သေးဘူး၊ တော်ကြာ ကျောင်းတက်ခွင့် နစ်နာမှာ စိုးလို့ပါ၊ ဦးလေး သူတို့နဲ့ တွေ့ရင် ဒီကိစ္စ ပြောဖြစ်အောင် ပြောပေးပါနော်"

ဆရာမက ပြောလည်းပြော စာရွက်မှာလည်း လိပ်စာကို ကောက်ရေးပေးနေသည်။

ဦးကောင်းမြတ် အတွေးထဲမှာတော့ ဒီဆရာမလည်း ပီတိနို အဖြစ်သနစ်ကို သိပုံ မပေါ်တာတော့ သေချာနေပြီ။ ဘာပဲဖြစ်ဖြစ် ကလေးမရဲ့ ရပ်ရွာကို ရောက်ပြီးမှ အကြောင်းစုံ သိရတာပဲ ကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်သည်။

"ဒါက လိပ်စာ. . . ဦးလေး၊ ဒီကနေ အဲဒီရွာကို ဒါရိုက် ရောက်တဲ့ လိုင်းကား စီးလို့ရတဲ့ လမ်းညွှန်"

"ဟုတ်ကဲ့. . . ဆရာကြီးကိုရော ဆရာမကိုပါ ကျေးဇူး တင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျ"

ဦးကောင်းမြတ် နှုတ်ဆက်ပြီး ကျောင်းဝင်းထဲမှ ထွက်ခွာ အပြီး ကလေးမ မိဘ နေထိုင်ရာသို့ အချိန်မဆိုင်းဘဲ ထွက်ခွာလာ ခဲ့တော့သည်။ တစ်နေ့လုံး နေမှ ကားတစ်စီးသာ ရောက်ရှိသော ရွာကလေးမို့ ကားခေါင်မိုးပေါ် ကျပ်ကျပ်တည်းတည်း ဒုက္ခခံ၍ ရောက်အောင် သွားခဲ့ရသည်။

လူစိမ်းတစ်ယောက်အနေနှင့် ရောက်လာခြင်း ဖြစ်၍





...ဝန်းကျင်ရှိ လူများက စူးစမ်းသလို ကြည့်ရှုကြသည်။ နောက် ...း ရပ်ရွာလူကြီးထံ ဝင်ရောက် စုံစမ်းရတော့သည်။

"ကျွန်တော် ရန်ကုန်က လာတဲ့ ဧည့်သည်ပါ ခင်ဗျ"

"ဟုတ်ပါပြီ၊ ဘယ်လိုကိစ္စ ရှိလို့ပါလဲ"

"ဒီရွာမှာ ဦးဘတင့်အိမ်ကို သွားချင်လို့ပါ"

"ဗျာ"

ရပ်ရွာလူကြီး အံ့ဩတကြီး ပြန်ထူးသံ ဖြစ်သည်။

"ဒီလိုပါ၊ ကျွန်တော်က သူ့ရဲ့မိတ်ဆွေပါ၊ မတွေ့ရတာ ...အတော်ကြာလို့ ဒီနယ်ဘက် ရောက်တုန်း တွေ့ချင်လို့ပါ"

တကယ့် အမှန်အတိုင်း မပြောပြရခြင်းက ပီတိနို အ...က် အန္တရာယ် ကျရောက်မည် စိုးရိမ်သဖြင့် မပြောပြခြင်း ...ပါသည်။

"အေးဗျာ၊ ခင်ဗျား အလာကောင်းပေမယ့် အခါနှောင်း ...

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ခင်ဗျား မလာခင် လေးငါးလက သူတို့အိမ် မီးလောင် ...တာ၊ လင်မယား နှစ်ယောက်လုံး မီးထဲ ပါသွားတယ်ဗျ"

"ဖြစ်မှဖြစ်ရလေဗျာ"

"ကိုဘတင့်က ဒီရွာသားဆိုပေမယ့် ကျောက်တွေ ဘာ...အောင်ပြီး ကျောက်တွင်းတွေဘာတွေ ပိုင်ခဲ့တယ်ဗျာ၊ ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ဒွေးဗျ"

"သူတို့ ဘာကြောင့် မီးထဲ ပါသွားလဲ၊ သိချင်လိုက်တာ"

"သူတို့က ချမ်းသာတော့ ရွာထဲမှာ သူတို့က မီးစက်ရှိ တော့ မီးစက်မောင်းဖို့ ဓာတ်ဆီထည့်ရင်း ဖြစ်သွားတာလို့ ပြော ကြတာပဲ"

"စိတ်မကောင်းစရာဗျာ"

"ဪ. . . နေပါဦး၊ ခင်ဗျားရဲ့လိပ်စာ ပေးခဲ့ပါလား သူ့ကလေးနှစ်ယောက် မြို့မှာ ကျောင်းသွားတက်ကြတယ်၊ ဒီနှ ကျောင်းပိတ်တာတောင် ပြန်မလာဘူး၊ သူတို့ ပြန်မလာသေ တော့ သူတို့ မိဘတွေအတွက် သပိတ်မသွတ်ကြရသေးဘူး"

သည်လို အကြောင်း သိရတော့ ဦးကောင်းမြတ် ရင် မကောင်းလွန်း၍. . .

"ဒီလိုလုပ်ပါ ဆရာရယ်၊ ကျွန်တော်က တစိမ်းသည့်သ ဆိုတော့ ခုနက ကိုဘတင့်တို့ လင်မယားအတွက် အားလုံး ကို စား ဆွမ်းသွပ်၊ အမျှဝေပေးချင်ပါတယ်၊ စီစဉ်ပေးနိုင် ကူညီ နိုင်မလား ခင်ဗျာ၊ ငွေကတော့ များများ ပါမလာလို့ပါ"

ဦးကောင်းမြတ်က စကားလည်း ဆုံး၊ ငွေတစ်သောင်း ထုတ်ပေးလိုက်ရာ. . .

"အေးဗျာ၊ ခင်ဗျား မိတ်ဆွေကောင်း ပီသပါတယ် ဒီ လုပ်၊ ရွာက ဘုန်းကြီးကျောင်းမှာ ခင်ဗျား ဒီည တည်းခိုလို





ခင်ဗျားငွေနဲ့ မ,တည်ပြီး ကိုဘတင့်တို့အတွက် ကုသိုလ်ပြုကြတာ ပေါ့"

ဦးကောင်းမြတ် တွေးရပါပြီ။ ရွာမှာ ရှိတဲ့ မိဘနှစ်ပါး လည်း သေဆုံး၊ ကလေးများလည်း ရွာပြန်မလာဆိုတော့ တစ် ဘက် လောကသားတို့သည် ရွာပြန်လာသော ကလေးနှစ်ဦးကို အငိုက်မိ လမ်းမှ ကြားဖြတ် ခေါ်ဆောင်လာခြင်း ဖြစ်ပေမည်။

ရွာကလည်း ကလေးနှစ်ယောက် မြို့သွားကျောင်းတက် နေသည်။ ကျောင်းကလည်း ကလေးနှစ်ယောက် ရွာပြန်သွားကြ သည်။ တစ်ဘက်ရန်သူတို့သည် လျှင်မြန်စွာ အလစ်အငိုက် ဆောင့်၍ လုပ်ဆောင်သွားခြင်း ဖြစ်ပေသည်။ ကျောက်လောက သားချင်း ဖြစ်မည်ဆိုတာတော့ ဦးကောင်းမြတ် သဘောပေါက် သွားပါသည်။

နောက်တစ်နေ့ နံနက်စောစောပိုင်းတွင် ဦးဘတင့်တို့ အတွက် အလှူဒါန ပြုပေးခဲ့ပြီးပြီးချင်း ဒီရပ်ရွာမှ ခွာရန် ဆုံးဖြတ် သွားရပါသည်။ နို့မဟုတ် တစ်ဘက်ရန်သူတို့ ခြေရာကောက်လာ သည် စိုး၍ ဖြစ်သည်။

ရွာမှ အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့ပါသည်။ သူက ဆေတနာနဲ့ ဆောင်ရွက်ပေးချင်ပေမယ့် တစ်ဘက်က လိုက်၍ နှောင့်ယှက်ခြင်း ပြန်မှ ဖြစ်ပေမည်။ လျှင်မြန်သွက်လက်စွာ သွားလာ နေသော ဦးကောင်းမြတ်အား ရွာရှိ လူကုန် ထွက်၍ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ခဲ့လေသည်။

နောက်နေ့ ကျောင်းတက်ချိန် ပီတိနို နေခဲ့သော ကျောင်းသို့ ဦးကောင်းမြတ် ပြန်လည် ရောက်ရှိသွားပြန်ပြီ။

"ကလောင်. . . ကလောင်"

ကျောင်းတက်ခေါင်းလောင်းသံကြောင့် ကျောင်းသားအားလုံး စာသင်ခန်း အသီးသီးသို့ ဝင်ကုန်ကြလေသည်။ ဦးကောင်းမြတ် တစ်ယောက် ကြိုတင်၍ ကျောင်းရုံးခန်း ဧည့်ထိုင်ခုံမှာ ကျောင်းအုပ်ဆရာကြီး အလာကို စောင့်မျှော်နေမိသည်။

ကျောင်းသားများအား စစ်ဆေးပြီး ဝင်လာသော ဆရာကြီးက ဦးကောင်းမြတ်အား မြင်တာနှင့်. . .

"ဧည့်သည်စောင့်နေတာကိုး"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်က ဟိုးတစ်နေ့က"

"ပီတိနိုဆိုတဲ့ ကလေးမအတွက် လာတာ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ကိစ္စအရေးတကြီး ရှိလား"

"မရှိပါဘူးခင်ဗျ"

"ဒါဆို ကျွန်တော် ကျောင်းအစီရင်ခံစာ ရေးပြီး လက်မှတ် ထိုးစရာလေး ဆောင်ရွက်ပြီးရင် စကားပြောလို့ ရပါပြီ"

"ရပါတယ် ဆရာကြီး၊ အေးအေးဆေးဆေး ဆောင်ရွက်ပါ ခင်ဗျ"





ရုံးခန်းမှာ ထိုင်ရင်း ဦးကောင်းမြတ် ခေါင်းထဲမှာ အတွေးများ တစ်ခုပြီးတစ်ခု စီးဝင်နေတော့သည်။ သူတို့ လင်မယားမှာ ပီတိနို ဆိုသည့် ကလေးမ၏ သံယောဇဉ်က တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ဖြစ်နေသည်။ ကလေးမ,ခမျှာ သူ့ဘဝ သူ့အကြောင်း မသိနေတာဘဲ ခပ်ကောင်းကောင်း ဆိုရပေမည်။

အတန်ကြာမှ ဆရာကြီးဆိုသူက ရုံးခန်းထဲ ဝင်ရန် ခေါ်သဖြင့် ဦးကောင်းမြတ် ဝင်ကာ ဖြစ်ကြောင်းရယ်ကုန်စင် သိပြောပြရှာသည်။ ကျောင်းအုပ်ဆရာကြီးမှ ခေါင်းတညိတ်ညိတ် နားထောင်ရင်း စိတ်မကောင်း ဖြစ်နေပုံရသည်။

"ကျွန်တော် သိရ ကြားရ ကြုံရသမျှ ကလေးမနဲ့ ပတ်သက်တာ အကုန်ပါပဲ ဆရာကြီးခင်ဗျာ၊ ကလေးမလေး ကျွန်တော့် မိသားစုဆီမှာ ဒီလိုပုံစံနဲ့ ရောက်ရှိနေတာ ဘယ်သူမှ မသိစေချင်ပါဘူး ခင်ဗျာ"

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော့်ကျောင်းမှာ ပညာရည်နို့ သောက်ခဲ့ပြီး ဆယ်တန်းအောင်သွားတဲ့ ကလေးအပေါ် သားသမီးလို ဖြစ်နေရတာပါ၊ ကြားရတာ စိတ်မကောင်းစရာဗျာ"

"အဲဒါ ကျွန်တော် တစ်ခု အကူအညီတောင်းချင်တာက ဒီကလေးမ ပညာဆက်သင်ဖို့ ဆရာဝန်က ခွင့်ပြုရင် ကျောင်းပညာ ဆက်ထားပေးချင်ပါတယ်၊ အဲဒါ ဒီကလေးရဲ့ ပညာရေး ဆိုင်ရာ ထောက်ခံချက်၊ အောင်လက်မှတ်က အစ လိုအပ်တာ


www.burmeseclassic.com

www.burmeseclassic.com



များ စိစဉ် ဆောင်ရွက်ပေးနိုင်မလားလို့ပါ"

ဦးကောင်းမြတ်၏ စကားအဆုံးမှာ ဆရာကြီးက ခေါင်း တညိတ်ညိတ် ပြုရင်း. . .

"ခင်ဗျားရဲ့ စေတနာမေတ္တာကို လေးစားပါတယ်ဗျာ ဂုဏ်ယူပါတယ်၊ သားသမီးချင်း ကိုယ်ချင်းစာသူ လက်ထဲမှာ ဒီ ကလေး ရောက်ရှိသွားတာ အလွန်ကံကောင်းတာပါပဲ၊ အင်း. . အစ်ကိုအတွက်က ဝမ်းနည်းစရာပဲဗျာ၊ ဒီလိုလုပ်၊ ဒီကနေ့ မှ ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးထားမယ်၊ မနက်ဖြန် တစ် ရက်တော့ စောင့်ပေးပါ ဦးကောင်းမြတ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျာ"

...ဇွဲဇွဲ...





# အခန်း (၂၂)

"ဟူး. . . ကျွိ"

အိမ်ရှေ့တွင် ကားရပ်သံ ကြားလိုက်ရသည်နှင့် ပီတိနို့ အပြေးလေး ထွက်ကြိုလာသည်။

"ဟယ်. . . ဖေကြီး ပြန်လာပြီ၊ မေကြီးရေ. . . ဖေကြီး ပြန်လာပြီ"

ကလေးငယ်တစ်ယောက်ကဲ့သို့ ပျော်ရွှင်နေသော ပီတိ နို့ မျက်နှာလေးကို ကြည့်ပြီး ဦးကောင်းမြတ် ရင်ထဲမှာ မကောင်း။ စိတ်ထဲမှာ မကောင်းသည့်အပူကို မျက်နှာပြင်ပေါ် မပေါ်အောင် ထိန်းထားပေမယ့် ပီတိနို့က သတိထားမိသည်မို့. . .

"ဖေကြီး မျက်နှာလည်း မကောင်းပါလား၊ နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ပေး. . . ပေး. . . အဖေ့အိတ်တွေ"

ခရီးဆောင်အိတ်များကို ကားပေါ်မှ ဆွဲယူချကာ ရှာ သယ်ရှာသည်။ တကယ့် မိဘရင်းသဖွယ် ခံယူထားပုံရသည်။

ဦးကောင်းမြတ် ပီတိနိုက်ကိုစ္စ စကားပြောရန် ဇနီးဖြစ်သူ ကို မျက်လုံးဝေ့ ရှာဖွေစဉ်. . .

"ဖေကြီး အမောဖြေပြီး ဒီက စောင့်နေ၊ သမီး သံပုရာ ရည် ဖျော်ခဲ့ပေးမယ်နော်"

"သာဓုပါ. သမီးရယ်၊ သမီးရဲ့အမေကို ခေါ်ပါဦး"

သားသမီးမေတ္တာ ဝတ်ရသူမို့ ဒီကလေးမအပေါ် သမီး ရင်းကဲ့သို့ သနားနေကာ အမှန်ပင်။

"မေကြီးရေ. . . ဖေကြီး ပြန်ရောက်နေပြီ၊ ဆင်းခဲ့ပါဦး"

အိမ်အောက်ထပ်မှ ဆူညံသံများ ကြားနေရတာမို့ ဒေါ် စိန်ရှင် အောက်ဆင်းလာခဲ့သည်။

"ဟော. . . ကိုကောင်းမြတ်၊ ပြန်လာတာ ဖုန်းမဆက် ဘာမဆက်နဲ့"

"ရပါတယ်ကွာ၊ ကိစ္စဝိစ္စ ပြီးအောင် စောင့်ရလို့ နည်း နည်း ရက်ကြာသွားတယ်"

လင်မယားနှစ်ဦးသာ သိသည့် သင်္ကေတနှင့် ပြောဖြစ် ခြင်း ဖြစ်သည်။ ဦးကောင်းမြတ် ဒေါ်စိန်ရှင်အား ခပ်တိုးတိုး လေသံဖြင့်. . .





"မင်း ဒီဓာတ်ပုံထဲက လင်မယားပုံကို သေသေချာချာ ကြည့်ကြည့်စမ်း"

ခရီးဆောင်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံ ထုတ်ပြရာ. . .

"ဟင်. . . ဒါ အလှတို့ လင်မယား ဓာတ်ပုံပဲ၊ သူတို့ မင်္ဂလာဆောင်တုန်းက ကျွန်မတို့ သွားကြသေးတယ်လေ"

"အေး. . . ဒီပုံကို ကလေးမ မောင်နှမ ငှားနေတဲ့ အိမ် နီးချင်း ဆရာမက ယူပေးတာ"

"ဘုရား. . . ဘုရား၊ ဘယ်လို ဖြစ်တာပါလိမ့်၊ ကို ကောင်းမြတ်. . . သမီးလေးကို ဆရာဝန် စစ်တုန်းက ပြောတဲ့ အတိုင်းပဲလားဟင်"

ဦးကောင်းမြတ် အသာအယာ ခေါင်းညိတ်ပြရှာသည်။

"ဒါဆို သမီးလေးက သူတို့ သမီးလေးပေါ့၊ မြတ်စွာ ဘုရား၊ ရေစက်ကလည်း ကြီးမားလိုက်တာ၊ နတ်တွေက နှိုးဆော် ပြီး ပို့ပေးသလား မှတ်ရတယ်၊ ဒါနဲ့ အလှတို့ကိုရော တွေ့ခဲ့လား"

ဒေါ်စိန်ရှင်အား အသာ သတိပေးရသည်။ သတိလက် လွတ် စကားသံ ကျယ်သွားမှာစိုး၍ ဖြစ်သည်။

"ရှူး. . . တိုးတိုးပြောပါကွာ၊ ငါ သူတို့ရွာ ရောက်တော့ သူတို့အိမ် မီးလောင်ပြီး လင်မယား နှစ်ယောက်စလုံး မီးထဲ ပါ သွားတယ် ပြောတယ်"

"ရှင်. . . တကယ်၊ ဖြစ်မှဖြစ်ရလေရှင်၊ အလှတို့ မိဘ



www.burmeseclassic.com

www.burmeseclassic.com

တွေ ကိုယ်တိုင် ကျွန်မတို့ကို လက်ထပ်ပေးခဲ့တာပဲ၊ အလှ အိမ်ထောင် ကျမှ သူ့ယောကျ်ား ဇာတိဘက်ဆိုလား ပါသွားပြီး အဆက်ပြတ်သွားခဲ့တာ၊ အဟင့် ဟင့်"

ဒေါ်စိန်ရှင် ဝမ်းနည်းပမ်းနည်း ငိုမိတော့သည်။ တကယ်တော့ ဒေါ်စိန်ရှင်နှင့် ပီတိနို မိခင်မှာ ဆွေရိပ်မျိုးရိပ် မကင်းကြသူများ ဖြစ်ကြ၏။ ကံကြမ္မာ ဆုန်းကြယ်ပုံများ ပြောလျှင် ယုံ့ဖွယ်မရှိ။ အလှတစ်ယောက် ကျောက်ကုန်သည် ကိုဘတင့်နှင့် အကြောင်းပါပြီး ရန်ကုန်မြို့နှင့် ဝေးကွာသွားသူ ဖြစ်သည်။

"ဟင့်. . . ဟင့်"

"ကဲ. . . ကဲ. . . စိန်စိန်ရေ၊ မင်း ငိုတာ ရပ်တော့၊ ဟိုမှာ ကလေးမ လာနေပြီ၊ မျက်ရည် မြန်မြန် သုတ်လိုက်ဦး"

ဦးကောင်းမြတ် ဇနီးဖြစ်သူ ပခုံးလေးအား ပုတ်၍ အားပေး နှစ်သိမ့်ရင်း သတိပေးရသည်။ သံပုရာရည်ခွက် ကိုင်၍ ဝင်လာသော ကလေးမအား ကြည့်ရင်း စိတ်ထဲမှ ဒေါ်စိန်ရှင် မှတ်ချက် ချမိတော့သည်။

"ဒါကြောင့်မို့ ဒင်းကလေးကို သံယောဇဉ်စိတ် မြင်မြင်ချင်း ဖြစ်ပေါ်မိတာ ထင်ပါရဲ့"

ပီတိနိုကတော့ ဘာမှ သိရှာသူ မဟုတ်၍ သံပုရာရည်ခွက် နေရာချရင်း. . .

"ဟောဒါက ဖေကြီးအတွက် ချိုချိုချဉ်ချဉ်၊ ဟောဒါက မေကြီးအကြိုက် မချိုတချို"

"ဟား ဟား. . . ငါ့သမီးက အဖေအမေ အကြိုက် သံပုရာရည် အိတ်စပတ် ဖြစ်နေပါလား"

"ဒါပေ့ါ၊ ဖေကြီး သွားတာ ကြာလိုက်တာ၊ သမီးဖို့ ဘာဝယ်လာလဲ"

တကယ့် မိရင်းဖရင်းကို ပူဆာသလိုမျိုး။

"ပါပါတယ်ဗျာ၊ သမီးအတွက် ဘုရားရှိခိုးရင် မြှုပ်ဖို့ ပုဝါလေး"

"ဟေး. . . ဒါမှ တို့ဖေကြီး"

ဝမ်းသာအားရ လက်ခုပ်လေး တီးကာ ပျော်ရွှင်နေသော ပီတိနို ပုံစံက ဘာကိုမှ အပူအပင် မရှိသလိုပင်။

ကြည့်ရင်းကြည့်ရင်း ဒေါ်စိန်ရှင် မျက်ရည်ဝိုင်းလာတော့သည်။ ဦးကောင်းမြတ်က အခြေအနေကို ရိပ်စားမိ၍ ဇနီးသည်အား ပခုံးတိုက်၍ သတိပေးရသလို. . .

"ကဲ. . . သမီးရေ၊ ညနေစာ အဖေကြီးအကြိုက် ဟင်းစီစဉ်ပါဦး၊ ဟင်းကောင်း ထမင်းကောင်း မစားရတာ ရက်ကြာနေပြီ၊ အတိုးချ စားကြရအောင် ဟုတ်ပြီလား"

"စိတ်ချ၊ ဖေကြီးအတွက် ဂွတ်ရှယ် ချက်ပြမယ်"

...ပြီး...







www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

ဦးကောင်းမြတ်ရော ဒေါ်စိန်စိန်ပါ သားသမီး ရှားပါးသူများ ဖြစ်ကြသည်။ တစ်ဦးတည်းသောသမီးကလည်း အမေရိကားသို့ သွားကာ ကျောင်းပညာသင်ဆဲ ဖြစ်၍ သားသမီးမေတ္တာ ငတ်နေသူများ ဖြစ်နေချိန် ပီတိနို ရောက်လာ၍ ပျင်းရိ ခြောက်သွေ့စရာ ကောင်းသော သူတို့ အိမ်ကလေးမှာ သူတို့ သမီး ရှိစဉ်ကကဲ့သို့ ပြန်အသက်ဝင်လာသည့်နှယ် ခံစားနေရပေသည်။

ခုလို ဆွေမျိုးလည်း တကယ်တော်စပ်သူ သွေးရင်း သားရင်း ဆိုတော့ ပြောဖွယ်ရာမရှိ၊ စောင့်ရှောက်ရန် မေတ္တာစိတ် အပြည့် ထားခဲ့ကြလေသည်။

"တန်. . . တန်"





ဖုန်းမြည်သံကြောင့် ဒီလိုနေ့ ဒီလိုအချိန်သည် အဝေးရောက် သမီးထံမှ ဖြစ်ကြောင်း သိပြီးသား ဖြစ်သည်။

"ဟလို စူဇန်. . . သမီးလား"

"ဟုတ်တယ် မာမီရေ၊ စူဇန် ဒယ်ဒီရော မာမီနဲ့ပါ စကားပြောမှာနော်၊ ဒယ်ဒီရော မာမီပါ နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတော်၊ သမီး ဟိုမှာ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မာမီရဲ့၊ အားတဲ့အချိန်မှာ ပျင်းတာနဲ့ ပတ်...င်း အလုပ်ဝင်လုပ်နေတယ်"

"ပင်ပန်းပါတယ် သမီးရယ်၊ ပိုက်ဆံလိုရင် မာမီတို့ ပို့ပေး...ပေါ့"

"ရပါတယ် မာမီရဲ့၊ စူဇန်က ကိုယ့်အားကိုယ်ကိုးချင်တာ...၊ ဒယ်ဒီရော. . . မာမီ"

"ရှိပါတယ်ရှင်၊ ကဲ. . . ဒယ်ဒီနဲ့ ပြော"

သမီးဖြစ်သူဆီကမို့ မိဘနှစ်ပါးလုံး မျက်နှာမှာ ပြုံးပျော်...င်နေကြသည်။

"သမီး စူဇန်ရေ. . . ဒယ်ဒီ ရေးပို့တဲ့စာ ရပြီလား"

"ရပြီ ဒယ်ဒီ၊ အဲဒါ ပြောမလို့၊ ဒယ်ဒီစာကို စူဇန် သေ...ချာ ဖတ်ကြည့်ပြီးပြီ၊ ကိုယ့်ဆွေမျိုးပဲ ဒယ်ဒီရယ်၊ စူဇန်...ာင် ညီမလေးတစ်ယောက် ရတာပေါ့၊ စူဇန့်ကိုယ်စား ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



တို့ အနားမှာ တိုးတိုးဖော် ရှိသင့်တယ်လေ၊ သူလေး ကျန်းမာနေ
ကောင်းရင် ကျောင်းဆက်ထားပေးလိုက်ပါ ဒယ်ဒီ"

"အဲ့သလိုတော့ စိစဉ်ထားတာပဲ"

"မာမ့်ကို ပြောလိုက်ပါဦး၊ သမီး မရှိလို့ မာမီလည်း အ
လွမ်းပြေစရာ ရသွားလို့. စူဇန့်ကို အချစ်လျော့သွားဦးမယ်လို့
ဟင်း. . . ဟင်း"

"ဟေ. . . အေးအေး၊ ကဲ. . . ကဲ၊ မာမီနဲ့ ပြော"

လင်မယားနှစ်ယောက် ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေကြ
သည်။

"ကဲ. . . စူဇန်၊ ချွေးစုတ်မလေးရေ၊ ပြန်လာဖို့ နီးပြီလား"

"နောက်တစ်နှစ်ခွဲဆို ပြီးပါပြီ၊ စူဇန် အဲဒီက ပြန်တာနဲ့
ဆေးဝါးကုမ္ပဏီ ထောင်ဖို့ အလုပ်ပါလာနိုင်မှ ပြန်လာမယ်"

"သိပ်လောဘမကြီးပါနဲ့ သမီးရယ်၊ အဖေနဲ့အမေက
အသက်ကြီးမှ သမီးကို မွေးခဲ့ရတာ၊ အခု အိုနာချိန်မှာ အကြာ
ကြီး ပစ်မထားပါနဲ့ သမီးရယ်"

"တစ်နှစ်ခွဲတည်းပါ မာမီရာ. . နော်. . နော်၊ နောက်
တစ်ခါ ဖုန်းဆက်ရင် ညီမလေးနဲ့ ပြောမယ်နော် ဘိုင့်ဘိုင်"

ပြောပြောပြီးပြီး ဖုန်းဆက်ကာ ဖုန်းချသွားသူက စူဇန်
ပင် ဖြစ်သည်။ ဦးကောင်းမြတ်တို့မှာသာ သမီးကို လွမ်းရင်း
ကျန်ခဲ့ရခြင်း ဖြစ်သည်။ သက်ပြင်းချရုံကလွဲ၍ ဘာမှ မတတ်နိုင်





တော့ချေ။

"ခုခေတ် လူငယ် သားသမီးများ မွေးရတာ ပညာ
လောဘ,ကလည်း ကြီးလိုက်ကြတာ၊ စီးပွားရေးအမြင်ကလည်း
နီးထိအောင် လုပ်ကိုင်ချင်ကြတာ၊ အေး. . . စိတ်ကို လျှော့ထား
ပါကွာ၊ အချိန်တန်တော့ အိမ်ပြန်ချင်ကြသူချည်းပါပဲ၊ သူ့ရည်
မှန်းချက် မပြည့်သေးလို့,လို့ မှတ်ယူထားလိုက်၊ ဟုတ်ပြီလား"

သမီးဖြစ်သူနှင့် ဖုန်းပြောပြီးတိုင်း မျက်ရည်ကျတတ်သူ
ဒေါ်စိန်ရှင်အား ဦးကောင်းမြတ်က အားပေးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဂီ. . . ဂီ"

ခြံဝမှ တံခါးဘဲလ်သံ ကြား၍ ပီတိနို အပြေးလေး သွား ကြည့်လိုက်သည်။

"အယ်"

ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ဦး ဖြစ်နေ၍ မျ လှမ်းတို့ တန့်သွားရသည်။

"အန်ကယ် ဦးကောင်းမြတ် ရှိပါသလားခင်ဗျာ"

ပီတိနို စိတ်ထဲမှ. . .

'ဟွန်း. . မွန်ရည်နေလိုက်တာ' ဟု မှတ်ချက်ချရင်း

"ရှိပါတယ်၊ ခဏလေး. . . ခဏလေးနော်"

အိမ်ထဲသို့ အပြေးကလေး ဝင်ကာ သွားမေးနေ





ဖြစ်ပေမည်။ ပြီးမှ တံခါးသော့ ကိုင်လာပြီး ဖွင့်ပေးကာ. . .

"ဝင်လို့ ရပါပြီရှင့်၊ ဧည့်ခန်းမှာ ခဏထိုင်နှင့်ပါနော်"

မကြာခင် ဦးကောင်းမြတ် အိမ်ပေါ်မှ ဆင်းလာပြီး. . .

"ဟော. . . မောင်ရင်က ဒေါက်တာ ဝေလင်း မဟုတ် လား"

"ဟုတ်ပါတယ် အန်ကယ်"

"ထိုင်ပါ၊ သမီးရေ. . . ကော်ဖီလုပ်ခဲ့ပါဦး၊ တကယ် တော့ အန်ကယ့် ကျန်းမာရေးထက် သမီးလေးအတွက် အဓိက ပါပဲ၊ မောင်ရင့်ဒက်ဒီ ပြောပြထားမှာပေါ့"

"ဟုတ်ကဲ့ပါခင်ဗျာ၊ အန်ကယ်တို့ မိသားစုရဲ့ မက်ဒီကယ် တို့ရှိကိုရော၊ ထရီမဲန့် ဆက်လုပ်ရမှာကိုရော ကျွန်တော် ကြိုတင် လှလာထားပြီးပါပြီ၊ ဖေဖေက ခရီးထွက်သွားတာမို့ လွှဲခဲ့တာပါ"

"ကောင်းပါပြီကွယ်၊ ခဏနေမှ မင်းအန်တီနဲ့ သမီးကို ဆက်ကပ် လုပ်ကြတာပေါ့။ အဓိက,က သမီးရဲ့ စိတ်အခြေနေကို နှုန်းစစ်ပြီး ကျောင်းပညာ ဆက်သင်နိုင်ခွင့် ရှိမရှိ သိချင်တာပါပဲ"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ စစ်ဆေးပြီး ဆုံးဖြတ်ပါ့မယ်၊ လိုအပ်ရင် ဆေးရုံမှာ ကိရိယာ စုံစုံလင်လင်နဲ့ စစ်ဆေးတာ အကောင်းဆုံးလို့ အကြံပေးချင်ပါတယ်"

"ဒီလိုဆို သမီးကို နားလည်အောင် ပြောပြမှ ဖြစ်မယ်"

ထိုစဉ် ဒေါ်စိန်ရှင် ဝင်လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဦးသော်ရဲ့ သား ထင်တယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"တော်တော် ငယ်သေးတာပဲ"

"ကဲ. . . စိန်စိန်ရေ၊ သမီးကို ခေါ်ပြီး ထုံးစံအတိုင်း ကျန်းမာရေး စစ်ရအောင် ပြောပြထားဦး"

မီးဖိုခန်းထဲမှာ အလုပ်များနေသူ ပီတိနိုအား ချော့ခေါ်လာပြီး. . .

"သမီးရေ. . . နိုင်ငံခြားက သမီးမမက တစ်အိမ်လုံး ကျန်းမာရေး စစ်ပါတဲ့၊ သမီးကျန်းမာရေး အိုကေရင် ကျောင်းတက်ခိုင်းပါတဲ့"

ဒေါ်စိန်ရှင့် စကားအဆုံးမှာ ပီတိနို မျက်ဝန်းလေးများ ဝင်းလက်သွားကာ. . .

"ဟယ်. . . တကယ်၊ ကျောင်းတက်ရမယ်ဆို ပျော်စရာကြီး"

ဝမ်းသာအားရ လက်ကလေးနှစ်ဘက် ပူးကာ ကိုယ်ခန္ဓာလေးကို မြောက်ကြွမြောက်ကြွ လုပ်နေပုံ ကြည့်ရင်း ဒေါက်တာ ဝေလင်းကိုယ်တိုင် အပျော်တို့ ကူးစက် ခံစားသွားရတော့သည်။





အိမ်သို့ ပြန်ရောက်ကတည်းက ဒေါက်တာဝေလင်း ပီတိနိုအတွက် ကော့စ်ကို စဉ်းစားနေမိသည်။ ည(၁၀)နာရီကျော်မှ ခရီးဝေးမှ ပြန်ရောက်လာသော ဖခင်ဖြစ်သူက အိမ်ထဲ ဝင်လာပြီး ဖိနပ်ချွတ်နေရာမှ. . .

"ဟာ. . . သား မအိပ်သေးဘူးလား"

"ဟုတ်တယ် ဒယ်ဒီ၊ ဒီနေ့ သွားခဲ့တဲ့ ပေးရှန့်အကြောင်း စဉ်းစားနေတာ"

"ဟေ. . . ဒါဆို ခဏစောင့်၊ ဒက်ဒီ ရေမိုးချိုးပြီး ထမင်းစားရင်း ပြောကြတာပေါ့"

သည်လိုပါပဲ၊ ဆရာဝန်ကြီး ကိုယ်တိုင် ကွင်းဆင်း ဆေးကုသမှု ဆောင်ရွက်ချိန်များမှာ အိမ်ကို ပုံမှန်ထက် နောက်ကျမှ ပြန်ရောက်ခြင်း ဖြစ်သည်။ မိသားစု ထမင်းဝိုင်းလည်း မိုးချုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သားအဖနှစ်ယောက် ထမင်းစားခန်းမှာ အဆင်သင့်ပဲနော်"

မိခင်ဖြစ်သူ အော်သတိပေးမှ ဝေလင်း ထကာ ထမင်းဝိုင်းမှာ ထိုင်လိုက်သည်နှင့်. . .

"ပြောလေ သား၊ သား သိချင်တာ ဘာကေ့စ်လဲဆိုတာ"

ဝေလင်း ဆရာ့ရှေ့ရောက် တပည့်အလား အစပျိုးရခက်နေသည်။

"ဟုတ်ပြီ၊ ဒီကနေ့ သွားရတဲ့ ဦးကောင်းမြတ်အိမ်က ပီတိနို ကေ့စ်လား"

"ဟုတ်တယ် ဒက်ဒီ၊ သာမန်လူအနေနဲ့ ကြည့်ရင် သူဟာလူကောင်းတစ်ယောက်ပါပဲ"

"ဒါပဲပေါ့၊ ဆရာဝန် မျက်စိလည်တဲ့ ရောဂါမျိုးပေါ့၊ ဒီအတိုင်း ကြည့်နေရင် ဘယ်လိုမှ မထင်ရက်စရာဘဲ"

"ဒါဆို သူ့ရဲ့ သိစိတ်နဲ့ မသိစိတ် နယ်ပယ်ကြားမှာ တစ်စုံတစ်ခု သတိရပြီး လွန်ဆွဲတဲ့အခါ ဆိုးဆိုးရွားရွား ဖြစ်လာနိုင်သလားဆိုတာ စိုးရိမ်မိတာပါ"

"ဟော့ကောင်. . . မင်း ဘာကြောင့် စိုးရိမ်တာလဲ"

ဖခင်မှ သား ဆရာဝန်ပေါက်စကို ကျီစယ်ကာ. . .

"သားက ခုမှ ဆရာဝန် ဖြစ်စနော်၊ ကိုယ်နဲ့ မတိမ်းမယိမ်း ရွယ်တူ မိန်းကလေးလူနာ တွေ့တိုင်း စိတ်လှုပ်ရှားလို့





ရှောဘူးနော်၊ ဆရာဝန်တိုင်း စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်ကိုတော့ မေ့မသွားပါနဲ့ သားရယ်"

"ဟာဗျာ. . . ဒက်ဒီကလဲ"

သည်တစ်ခါ မလုံမလဲနှင့် ရှက်၍ ခေါင်းငုံ့သွားသူက ဒေါက်တာဝေလင်း ဖြစ်သည်။

"အေးကွာ၊ ဒီကလေးမ ကေ့စ်က သူ့စိတ် တုန်လှုပ်ချောက်ချားစရာနဲ့ မကြုံဆုံရမချင်း ကြောက်စရာ မရှိဘူး၊ ကြုံဆုံခဲ့ရင်တော့ အတော် သတိထားရမယ်၊ ဟိုဘက်ဒီဘက် ၅၀%ပဲသား"

"နောက်ပြီး ပီတိနို ကျောင်းပညာ သင်နိုင်ဖို့ သူ့စိတ်အခြေအနေက လက်ခံနိုင်မလားလို့ အန်ကယ် ဦးကောင်းမြတ်က မေးပါတယ်"

"သူက ဦးနှောက်က ပုံမှန်အသိ ရှိနေတယ်၊ စားတာသွားတာ လာတာ စကားပြောတာ လူသာမန်ပဲ၊ သူ့ရဲ့ ခါးသီးတဲ့ အတိတ်ကို သူ့စိတ်က လက်မခံတဲ့သဘောပဲ ရှိတာ၊ မမှတ်မိတဲ့ သဘောပဲ၊ ဒါကြောင့် စာရေးစာဖတ် အိမ်မှာ လေ့ကျင့်ခိုင်း၊ ခေါင်းမကြည်လင်တာ စာရေးမှတ်လို့ မရတာဆို မထားနဲ့တော့၊ ဒီလို ဘာမှ မခံစားရရင်တော့ အိုကေမှာ ပြလိုက်၊ ဟုတ်ပြီလား"

ခုမှပဲ ဒေါက်တာဝေလင်း ရင်ထဲမှာ ပေါ့ပါး ရှင်းလင်းသွားရလေသည်။ နှိုမ့်ဆို မြင်မြင်ချင်း ပီတိနိုအပေါ် စိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



တစား ဖြစ်ပေါ် ခံစားရသူမို့ ပျောက်အောင် ကုသပေးချင်စိတ်က အဆီးအတား မရှိ ပေါ်ထွန်းလာရချေပြီ။

...မှတ်စု...





## အခန်း (၂၅)

ဆေးကျောင်းတက်စကတည်းက ဆရာဝန်ဖြစ်ချိန် ကာလအထိ ဆေးပညာစာအုပ်ကလွဲ၍ ဒေါက်တာဝေလင်း ဖတ်ချိန် မှတ်ချိန် မရခဲ့။ ယခုတော့ စိတ်ကူးထဲမှာ အချစ်ဝတ္ထုစာအုပ်ကို သည်းကြီးမည်းကြီး ဖတ်နေခြင်းကြောင့် အကြောင်းသိ တွေးကို ဆိုသူ ဆရာဝန်ပေါက်စချင်း စချင်စရာ ဖြစ်လာခဲ့သည်။

"အမ်မာ. . . အချစ်ဝတ္ထုတွေဘာတွေ ဖတ်လို့၊ ဝေလင်းတော့ မရိုးတော့ဘူး ထင်တယ်"

တိတ်တိတ်လေး လာချောင်းပြီး ကျီစယ်လိုက်ခြင်းပင်။

"ဟာကွာ"

မျက်နှာတစ်ပြင်လုံး နီရဲကာ ရှက်ရယ် ရယ်ရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူကြီးရှက်တော့ ရယ်သည်ပေါ့။

"ဘာဖြစ်လို့ မင်း ဒီစာအုပ်ကို သည်းကြီးမည်းကြီး ဖတ်ရတာတုန်း၊ မင်းမျက်နှာ ကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ"

ဒေါက်တာထွေးကိုက နှာခေါင်း တရှုံ့ရှုံ့ လုပ်ပြနေသည့်အတွက်. . .

"ဘာလဲ၊ မင်းက ခွေးချေးနံ့ ခံတာလား၊ နေရာမှားနေပြီ"

"သောက်ကောင်. . . မင်းတော့ကွာ၊ ဂျူတီချိန်မို့ပေါ့ကွာ၊ မင်းနဲ့ တွဲလာတာ ကြာပြီ၊ ဟေ့ကောင်. . . မင်း ငါ့ကို ညာလို့ မရပါဘူးကွာ"

ထွေးကိုမှ သူ့မျက်နှာ စေ့စေ့ကြည့် ပြောလာသည်မို့ မလုံမလဲ ဖြစ်၍နေရသည်။

"အေးပါကွာ၊ ပြောပါ့မယ်၊ ငါ မိန်းကလေးတစ်ယောက်ကို မြင်စကတည်းက စိတ်လှုပ်ရှားနေတယ်၊ ဒါပေမယ့် ငါ့ပေးရှန့် ဖြစ်နေလို့"

"မင်းရဲ့ ရင်ခုန်ချက်ကို ထိစေတယ်ပေါ့၊ မင်း မလှုပ်ရှားရဲရင် ငါ အဖော်လိုက်ပေးမယ်"

"တော်. . တော်. . . ဟေ့ကောင်၊ မင်း ပါလာရင် ငါ့အတွက် စိုးရိမ်ရေမှတ် ဖြစ်သွားနိုင်တယ်၊ လက်လျှော့ပါတော့"

"ဒီကောင်တော့လေ၊ စေတနာကို စေတနာမှန်း မသိ





တ်တာပဲ"

ထိုအချိန်မှာ သူနာပြုဆရာမတစ်ဦး ဝင်လာပြီး. . .

"ဆရာတို့ ဆရာတို့ ကုတင်နံပါတ်(၁၀)က လူနာ၊ ဟတ်က အမောဖောက်လာလို့ လာကြည့်ပေးပါ ဆရာ"

နှစ်ဦးသား နားကြပ်ကိုယ်စီ ကောက်ကိုင်လိုက်ပြီး လူနာ ခပ်သွက်သွက် လျှောက်လာရာမှ ထွေးကိုက ပြောချလိုက်ပြန်သည်။

"ဒီပုံစံ နိမိတ်အရတော့ မင်းရဲ့နှလုံးသားလည်း အမောဖောက် ခံစားရမယ်နဲ့ တူတယ် ဟေ့ကောင်"

"မင်းတော့ကွာ၊ ပါးစပ်က ပုတ်လွန်းတယ်"

ဝေလင်း မကျေမချမ်း လက်သီးဆုပ်ပြရုံပဲ တတ်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

စိမ်းစိုသော အလှစိုက် ဂျပန်မြက်ခင်းပြင်များ ဘေးမှာ သပ်ရပ်လှပစွာ စင်နှင့် တင်၍ နိုင်ငံခြား သစ်ခွပင်လေးများကို ပီတိနို ရေလောင်းရင်း. . .

"ဒါ ဒါ ဒီ ဒီး ဒါး"

ပီတိနို သီချင်းသံကြောင့် ဒေါ်စိန်ရှင် ပြုံးစစနှင့် အနား ရောက်လာကာ. . .

"အံမယ်. . . ငါ့သမီးက သီချင်းတွေဘာတွေ ဆိုလို့ပါ လား"

"ဟာ. . . မေကြီး၊ ဟိုမှာ သစ်ခွပင်တွေ သမီး ပြုပြင် ထားတာ၊ ပွင့်မှပွင့် လှမှလှ"





"ဟုတ်ပါရဲ့၊ သမီးရဲ့မမ မရှိကတည်းက သစ်ခွပင်တွေ ပစ်စလက်ခတ် ဖြစ်နေတာ၊ ငါ့သမီးလေး ဂရုစိုက်တော့လည်း ပန်းခြံလေးက အဟုတ်ကြီးပါလား"

ဒေါ်စိန်ရှင် ပီတိနိုအပေါ် ပို၍ မေတ္တာ ကရုဏာ ပိုမိုသသည်။ ခြောက်သွေ့နေသော သူတို့ခြံလေးသည် ဒီကလေးမ ရောက်လာမှ သပ်ရပ်စိုပြေလှပတာ အမှန်ပင်။

"မေကြီး ပန်းပန်မလား၊ သမီး ခူးပေးမယ်"

"မခူးပါနဲ့သမီးရယ်၊ အမေ့အရွယ်နဲ့ ပန်းနဲ့ မတင့်တယ် ပါဘူး၊ သမီးလေး ပန်တာမှ ဟုတ်သေးရဲ့"

"ဟာ. . . သမီးက ပန်းစိုက်တာပဲ ဝါသနာပါတာ၊ ပန်း ပန်တာကို မကြိုက်ဘူး မေကြီးရဲ့"

စကားလည်း ပြောရင်း ပီတိနို ကြားညပ်နေသော ပန်း အိုးကို ရွှေ့ယူလိုက်ကာမှ သစ်ခွစင်ပေါ်မှ ပန်းအိုးက အပေါ်ဆင့် မှ လက်ပေါ်သို့ အရှိန်နှင့် ပြုတ်ကျလို့ လာလေသည်။

"အား လားလား"

ရုတ်တရက်မို့ ဒေါ်စိန်ရှင် လှမ်းဆွဲ၍ မမှီလိုက်ပေ။

"ဟဲ့. . ဟဲ့. . .သမီးလေး"

"အရိုးပေါ် ကျတာ အမေရယ်၊ နာလိုက်တာ"

မျက်ရည်တွေ ကျလာနေသည်မို့. . .

"ဟဲ့ စန်းမောင်၊ ကားထုတ် ကားထုတ်၊ ဆေးခန်းသွားရ



www.burmeseclassic.com

www.burmeseclassic.com



အောင်"

ဒေါ်စိန်ရှင် စိုးရိမ်မှုန်း သိ၍ ပီတိနို ဖော့၍ ရယ်ပြကာ

"ရပါတယ် မေကြီး၊ ဒေါက်ကျော်ဆေး လိမ်းရင် ရပါပြီ"

တကယ်တော့ ပီတိနို လက်က အသည်းခိုက်အောင် နာကျင်နေသည်။

အိမ်ထဲမှာ သားအမိနှစ်ယောက် ဆေးလူး အဝတ်စည်း အလုပ်ရှုပ်နေစဉ် ဦးကောင်းမြတ် လမ်းလျှောက်က ပြန်လာပြီး ပီတိနို လက်ထိခိုက်တာ အပေါ်ယံပဲ ထင်၍ ခပ်အေးအေးပင်။ မိသားစု ညနေစာ ထမင်းကို ပြုံးပြုံးရွှင်ရွှင် စားခဲ့ကြသည်။

ညအိပ်ယာ ဝင်ချိန်မှာတော့. . .

"အား ကျွတ်ကျွတ်"

အိပ်ပျော်ရင်း ယောင်ယမ်း ညည်းညူသံကြောင့်. . .

"စိန်စိန်. . . ကလေးမ အသံများလား"

လင်မယားနှစ်ယောက် ခပ်မြန်မြန် ပီတိနို အခန်းသို့ ရောက်စဉ် လက်ကြီး ယောင်ကိုင်းလို့ နေသည်။ ဒါကြောင့် အော် နေခြင်းကိုး။ ဦးကောင်းမြတ် ဒေါက်တာဝေလင်းထံ ဖုန်းဆက်ရ တော့သည်။

ဒေါက်တာဝေလင်း ဆေးအိတ်ဆွဲကာ ကမန်းကတန်း ရောက်လာပြီး ပီတိနို အိပ်ခန်းထဲ လိုက်ခဲ့ရတော့သည်။ ကုတင် ပေါ်တွင် တရှုံ့ရှုံ့ ငိုနေသည့် မိန်းကလေး ဝေဒနာ ပြင်းထန်စွာ





ခံစားနေရပုံ ရသည်။ ခုနေချိန်မှာ ဝေလင်းအတွက် တရားဝင် ချစ်သူသာ ဖြစ်ခဲ့ပါက ပါးပြင်နုမှ မျက်ရည်စက်များ တယုတယ သုတ်ပေးချင်ပါဘိ။

"လာ. . လာ. . မောင်ဝေလင်း၊ ညနေက လက်မှာ ပန်းအိုးပြုတ်ကျတာလေ"

အဝတ်စ အုပ်ထားသောလက်မှာ ယောင်ကိုင်းနေ သည်။ ဒေါက်တာဝေလင်း အသာကိုင်ကြည့်ရုံနှင့်. . .

"အီး အီး"

ကလေးတစ်ယောက်လို မရှက်တမ်း အော်နေပါတော့ သည်။ ဒါ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်၏ ဟန်ပင် ဖြစ်ပေမည်။

"ဓာတ်မှန်ရိုက်ကြည့်ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ အ ဖြေ ရမယ်၊ ကျွန်တော့်ကားနဲ့ ဓာတ်မှန်သွားရိုက်ကြရအောင်"

ဒေါက်တာဝေလင်း စကားအဆုံးမှာ ပီတိနို ကလေး တစ်ယောက်ကဲ့သို့ ဒေါ်စိန်ရှင်လက်ကို အားကိုးတကြီး ဆုပ်ကိုင် တာ. . .

"မေကြီး. . . မေကြီး၊ သမီးနဲ့ လိုက်ခဲ့ပါနော်၊ သမီးနဲ့ လိုက်ခဲ့ပါနော်"

"လိုက်ခဲ့မယ်၊ သမီးလေးကို မျက်စိ အောက်က မပျောက်စေရဘူး၊ မကြာခင် သမီးလက်က ကျိုးတာမှား၊ အ



www.burmeseclassic.com

www.burmeseclassic.com



ဆစ် လွဲတာလား အဖြေရရင် ပြီးပြီ၊ ကောင်းသွားမှာ၊ တိတ်. . .
တိတ်"

ပီတိနှို သားအမိကို တင်ဆောင်၍ ဒေါက်တာဝေလင်း အထူးကု ဆေးရုံဘက်ဆီသို့ မောင်းထွက်ခဲ့ပါတော့သည်။

...ဇာတ်သိမ်း...





## အခန်း (၂၇)

နေ့စဉ်မှတ်တမ်း ရေးရင်း ဒေါက်တာဝေလင်း ပြုံးမိသည်။ ပီတိနှို ဆိုသော မိန်းကလေးအပေါ် သူ့စိတ်တို့ တိမ်းတိမ်းမူးမူး ဖြစ်နေခြင်းကို အဖြေရှာမရခဲ့။

သည်မိန်းကလေးနှင့် ဆက်နွယ် ခံစားရခြင်း အကြောင်းရင်းကို ကိုယ့်ဘာသာကိုယ် နားမလည်နိုင်တော့။ ရင်ထဲ နှလုံးအိမ်ထဲမှာ အလိုလို ဖြစ်တည်လာသည့် ချစ်မေတ္တာစိတ်ကြောင့်ဟုပဲ ဝေလင်း မှတ်ယူထားလိုက်သည်။

ပီတိနှိုလက် အရိုးအဆစ် လွဲ၍ လက်မှာ ပတ်တီး မဖြည်ခင်း ဒေါက်တာတစ်ဦးအနေနှင့် နေ့စဉ် သွားရောက် စောင့်ရှောက်ပေးရာမှ မိသားစုချင်း ရင်းနှီးမှု ပို၍ လေးနက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ဆုံး ပီတိနို ကျောင်းပညာ ဆက်လက် သင်ကြား နိုင်ခွင့် ရရန် ဒေါက်တာဝေလင်းကသာ ကိုယ်တိုင် တာဝန်ယူပေး မိသည်အထိ ဝေလင်း၏ ကိုယ်ပိုင်အချိန်များ အားလုံးလိုလို ပီတိနို ကိစ္စနှင့် ကုန်လွန်လာတာ ကြာတော့ သူ့မာမီပင် ပြောလာ ရတော့သည်။

"ဒက်ဒီရေ. . . ဒက်ဒီသား အရင်ကလို မဟုတ်ဘူး နော်၊ ပေးရှန့် ကြည့်တယ်ကြည့်တယ်နဲ့ ဂျူတီမရှိလည်း အိမ် မကပ်ဘူး၊ ထမင်းလည်း ပုံမှန် အိမ်ပြန်မစားပြန်ဘူး"

အမေကတော့ သားတော်မောင်အတွက် စိတ်ပူပင်စွာ ဖြစ်နေပေမယ့် ဖခင်ဖြစ်သူကတော့ ယောက်ျားချင်းမို့ ခပ်ပြုံးပြုံး ပင်။ ဆေးအိတ်လေး ဆွဲ၍ ဝင်လာသူ သားအား. . .

"သားရေ. . . မင်း ပေးရှန့်က တော်တော် ဖြစ်နေ သလား"

ဝေလင်း သူ့ဒက်ဒီမျက်နှာအား အကဲခတ်ပြီးမှ ပုံမှန် မျက်နှာထားနှင့်မို့ အဆူခံစရာ မဖြစ်နိုင်တာ သဘောပေါက်ပြီး သားမို့. . .

"ပီတိနို လက်ကျိုးထားတယ် ဒက်ဒီ၊ ပြီး. . . သူ ကျောင်းဆက်တက်နိုင်ဖို့ သား လိုက်ကူညီနေတာပါ"

"ဟော့ကောင်. . . မင်း ကောင်မလေးကို သဘောကျ





နေတယ်မို့လား"

"ဟာ. . . ဒက်ဒီကလဲ"

ဆရာဝန်ဆိုပေမယ့် မိဘနှစ်ပါး ရှေ့မှာ ပီဘိ ကလေး တစ်ယောက် အသွင်မို့ ပါးနှစ်ဘက် နီမြန်းသွားလေသည်

"သားအဖချင်းပဲကွာ၊ သဘောကျ. . ကျတယ်ပေါ့"

"ဟို. . . သားဘက်က ဖြစ်တာပါ၊ သူက မသိသေးပါ ဘူး"

"ယောက်ျားပဲကွာ၊ ကြိုးစားကြည့်ပေါ့၊ အညံ့တော့ မခံနဲ့ ကြားလား"

ဖခင်ဖြစ်သူ စကားကြောင့် သူ့မာမီ၏မျက်စောင်းက သားအဖ နှစ်ယောက်စလုံးအပေါ် ဝေ့လာတော့သည်။ ဒက်ဒီက [illegible]တ်၍ မာမီ ကျေနပ်စေရန် သားဘက်သို့ မျက်စိမှိတ်ပြရင်း. .

"အေးလေ. . . စေတနာ့ဝန်ထမ်းလည်း ဝန်ထမ်းပေါ့၊ [illegible]မာမီ စိတ်ပူအောင်တော့ အချိန်ကုန်အောင် မသွားလာနဲ့ဦး၊ ကြားလား"

ပြီးမှ လက်မလေး ထောင်ပြကာ သားဖြစ်သူကို ဆက် [illegible]စားဟု မီးစိမ်းပြပေးရာသည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဟဲ့. . . ဒီနေ့ မောင်ဝေလင်း မလာသေးပါလား"

ပီတိနို့ထက် ဒေါ်စိန်ရှင်ကသာ ခြံဝအနီး ကားသံကြား တိုင်း တမျှော်မျှော် ဖြစ်နေရသည်။

"မေကြီးကလဲ. . . သူ လာချိန်တန် လာမှာပေါ့"

ပီတိနို့ ပုံစံက ခပ်အေးအေးပင်။ ဒေါ်စိန်ရှင်က ငယ်ရ က ကြီးလာသူပဲ။ လူကဲခတ်တော့ မညံ့ပါ။ ကိုယ့်သမီးပျိုဘက် ရိုးရိုးသားသားစိတ်ဆိုတာ သိပေမယ့် ဆရာဝန်လေးခမျာ ကိုယ့် သမီးအတွက် ကျန်းမာရေးကိစ္စ၊ ကျောင်းကိစ္စ၊ အစစအရာရာ လိုက်ပြီး ဆောင်ကြဉ်းပေးနေတာ ဘယ်လို စိတ်ကြောင့်ဆိုတာ သိပြီးသားပင်။





နှစ်ဘက်မိဘများ ရင်းနှီးကြသူချင်းမို့ ဆွေမျိုးရိပ် မကင်း သူချင်း နီးစပ်သွားလည်း ပိုတောင် စိတ်အေးရပေသည်။ ကလေးနှစ်ဦး မနီးစပ်မှာကိုသာ ဒေါ်စိန်ရှင် စိုးရိမ်ပိုနေရခြင်း ဖြစ်သည်။

"မေကြီး. . . သမီးလက် ပြန်ကောင်းသွားရင် အိမ်မှာ အစ်ခုခု ချက်စားရအောင်"

"ကောင်းတာပေါ့ သမီးရယ်"

"ကိုလင်း လာရင် မေကြီးက ဆီးချို သွေးချို ရှိတော့ သွေးချို တိုင်းခိုင်းရဦးမယ်၊ ဆောင်ရန်ရှောင်ရန် မှတ်ထားပြီး သမီးကိုယ်တိုင် ချက်ကျွေးမယ်နော်"

ပီတိနို့ ပြောစကားကြောင့် သူမ မျက်နှာနုနုလေးကို ကြည့်ပြီး တကယ့် သမီးအရင်းလေးလိုပါပဲလား၊ သူ့ခမျာ မိရင်း ရင်း မှတ်ပြီး စိုးရိမ်ပူပန်တတ်ကာ ပြုစုစောင့်ရှောက်ရှာသည်။ ဒါတွေကြောင့်လည်း ဒီကလေးမအပေါ် သံယောဇဉ် ကြီးသ ထက် ကြီးလာရခြင်း ဖြစ်သည်။

"တီ. . . တီ"

"ဟော. . . ကိုလင်း လာပါပြီ၊ မေကြီး မျှော်နေတဲ့သား လာပါပြီ"

ကလေးတစ်ယောက်နှယ် ပြောသင့်မပြောသင့် ချိန်ဆ နေ။ ပြောချင်သလို ပြောချလိုက်ပုံများက ချစ်စရာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းနေသည်။ ပီတိနို့ အိမ်တံခါး ဖွင့်ပေးရင်း ဒေါက်တာဝေလင်း အား. . .

"ကိုလင်းရေ. . . ကိုလင်း လာတာ နောက်ကျလို့တဲ့ မေကြီး မျှော်နေပါရဲ့"

ပြုံးပြုံးရွှင်ရွှင်နှင့် ပြောနေသော ပီတိနို့ မျက်နှာလေးကို ကြည့်ပြီး ဒေါက်တာဝေလင်းက. . .

"မိနိုကရော မမျှော်ဘူးလား"

"မျှော်နိုင်ပေါင်၊ ဝေးသေး. . . အိမ်ကို ရောက်တာနဲ့ လူကို သွေးပေါင်ချိန်ပြီးတာနဲ့ ဆေးသောက်လား ရောဂါရှာလား နဲ့ ရှုပ်ယှက်ခတ်နေတော့ အေးအေးဆေးဆေးမှ မနေရတာ"

နှုတ်ခမ်းစုစုလေးကို ခပ်စူစူ လုပ်ရင်း ပြောနေပုံက အသည်းယားစရာပင်။ ပီတိနို့ ဗြူစူစိတ် ဖြစ်မယ်ဆိုလည်း ဖြစ် စရာပင်။

ဒေါက်တာဝေလင်း ရင်ထဲမှာတော့ ပီတိနို့အပေါ် အရိပ် တကြည့်ကြည့် ဖြစ်ကာ သူ့ရင်ထဲမှာ အစိုးရိမ်ပိုကာ ဂရုစိုက်မှု လွန်ကဲသွား၍ ဖြစ်ပေမည်။ ချစ်ရသူ မိန်းကလေး ဗြူစူစိတ် ဖြစ်လာမှာ အသေကြောက်သူမှာ ဒေါက်တာဝေလင်း ဖြစ်သည်။

"အေးပါကွာ၊ ဒီကနေ့ မိနို အလိုကျ သွေးပေါင်လည်း မချိန်တော့ဘူး၊ ဒါပေမယ့် ကျောက်ပတ်တီး ဖြည်ပြီးမှ လက်ကိုတော့ သေသေချာချာ ဆန့်ပြရမယ်နော်"





"အိုကေ. . . ဒီမှာကြည့်"

ဒေါက်တာဝေလင်း အနီးသို့ ကပ်ရပ်ကာ. . .

"ဟော့ဒီမှာ တွေ့လား"

လက်ကို ကွေးဆန့် လှုပ်ရှားပြကာ ဝေလင်းကို ကျေနပ် သွားစေသည်။

"မိနိုတို့က ဟောဒီလက် ကောင်းသွားရင် ကိုယ်တိုင် မီးဖိုချောင် ဝင်ပြီး စပယ်ရှယ် ချက်ကျွေးမှာ၊ ဖေကြီးအကြိုက် တစ်ရက် မေကြီးအကြိုက်တစ်ရက် ကိုလင်း ကြိုက်တာတစ်ရက်၊ စာရင်းပေးထားကြနော်၊ နောက်ကျတဲ့သူ မစားရဘဲ နေမယ်"

အဲ့သလို အပျော်စကားများဖြင့်လည်း ပီတိနိုက ကျီစယ် စကား ဆိုတတ်ပြန်သေးသည်။ သူ့အပေါ် မမေ့မလျော့ ချက်ပြုတ်ကျွေးဖို့ စာရင်းထဲ ထည့်ထားတာနှင့်ပင် ကြည်နူးကျေနပ် စိတ်တို့ အရိပ်တဝေဝေ ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပီတိနိုနှင့် ဆုံကြုံရချိန်ကစ၍ ဝေလင်းတစ်ယောက် ခံစားမှုတို့ကို ဒိုင်ယာရီ ရေးမှတ်ထား၍ သိုမှီးတတ်လာခဲ့သည်။

"ချစ်သူ့လေသံ ဆည်းလည်းသံတမျှ ရင်မှာစွဲထင် ထာဝရ ကြားချင်"

ဒေါက်တာဝေလင်း ဂျူတီစောင့်ရင်း စာရွက်မှာ ချရေးထားသော စာသားကို နောက်မှ ရောက်လာသော ထွေးကိုက အသံကျယ်ကြီးနှင့် အော်ဖတ်ပြီး နှုတ်က ငြိမ်ငြိမ်မနေ။

"အလို့. . . ဒေါက်တာဝေလင်းက ကဗျာတွေစာတွေ ဖွဲ့လို့၊ ဘယ်လို အခြေအနေမျိုး ရောက်နေပြီလဲ ဟော့ကောင်"

"တိုးတိုးပြောပါကွာ"

"မင်းကလဲ၊ ကိုယ့်အခန်းထဲ ကိုယ်ရောက်မှ စိတ်လွတ်လပ်ရတာလေ၊ လူနာတွေ ရှေ့မှာ မှင်သေသေနဲ့ သံပတ်ရှပ်လုပ်ထားရတာ၊ ပြောပြစမ်းပါကွာ မင်းအခြေအနေ"

"ပုံမှန်အတိုင်းပါပဲ၊ နဂိုဆက်ဆံရေး အတိုင်းပဲ၊ ဘာမှ





ပြောင်းလဲဘူး၊ ခက်နေတာက လူကြီးမိဘတွေက ငါ့အပေါ်ယုံကြည်အားကိုးပြီး အစစအရာရာ တိုင်ပင်နေကြတာ ဆိုတော့ ဒီလို အခြေအနေပေါ် နင်းပြီး အခွင့်အရေး ယူတယ်လို့ အဲ့သလို ငါ့စိတ်က အထင်ခံရမှာ စိုးနေလို့ပဲ"

ထွေးကို ဝေလင်းကို ကြည့်ပြီး ခေါင်းခါရမ်းလိုက်ပြီး. .

"မဟုတ်သေးပါဘူး၊ မင်းတို့ အပြင်တွေဘာတွေ သွားရင်းနဲ့ ဖွင့်ပြောလိုက်ပေါ့"

"အေး. . . ငါလည်း ချိန်တော့ ချိန်နေတာပဲ၊ ကျောင်းသည်း တက်ကာစ ဆိုတော့ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးတာလည်း ပါတယ်"

"အေး. . . မင်းကောင်မလေးကို မင်း မပြောရသေးရင်ငါ ရအောင် စုံစမ်းပြီး လိုက်တော့မှာနော်"

"ဟော့ကောင်. . . အကျင့်ပုတ်၊ ဒါကြောင့် မင်းကို အဖော် မခေါ်သွားရဲတာ"

"အဲ့သလောက် ပြောတာနဲ့တင် မင်း သိပ်အူတိုမနေစမ်းပါနဲ့၊ ငါတို့လို အချစ်နဲ့ အဝေးကြီး ထိတွေ့သူကို အားကျစမ်းပါကွာ"

ထွေးကိုမှာ ငယ်သူငယ်ချင်းလည်း ဖြစ်၊ ကျောင်းပြီးတော့လည်း အတူတူမို့ အတွင်းသိ အစင်းသိ။ စာမှာသာ နစ်မြုပ်နေခဲ့သော သူငယ်ချင်းကို အစွဲထုတ်စေချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နို့မို့ ဝေလင်းမှာ မန္တးမနပ်သမားမို့ ခပ်သွက်သွက် ခပ်လည်လည် မိန်းကလေးများနှင့် တွေ့မှ ဟုတ်ပေ့ ဖြစ်နေမှာလည်း စိုးရသည်။ ဒါကြောင့် တွေ့တိုင်း မခံချင်အောင် စ၍ ဝေလင်း၏ စိတ်ကို ဆွပေးနေခြင်း ဖြစ်သည်။ ဒါကို ဝေလင်းက သဘော မပေါက်ရှာ။

ပီတိနိုအပေါ် မမြင်ဖူးဘဲနှင့် တမင် စကားလုံးများဖြင့် ရိတိတိ ပြောတာကိုပင် ဒီကောင် ဝန်တိုနေပုံများ။ မျက်စိရှေ့မှာ ဆို အတော် ကို့ရို့ကားယားနိုင်မယ့် ကောင်မျိုး။ ထွေးကိုက သူ့အတွေးဖြင့်သူ ဝေလင်းအား ပြုံးစိစိ ကြည့်နေခြင်းကြောင့်. .

"မင်းက ငါ့ကြည့်ပြီး ဘာပြုံးနေတာလဲ"

"ဒီလိုပါကွာ၊ မင်းကို ငါ ဘယ်လို ကူညီရမလဲလို့ စဉ်းစားနေတာ"

"မင်း တကယ်လား"

"အေး. . . မင်းကို အကြံပေးမယ်၊ ဒီတစ်ခါ နှစ်ယောက်တည်း သွားရင် ကောင်မလေးကို နမ်းပစ်လိုက်"

"ဟာကွာ. . . မဖြစ်နိုင်တာ၊ ဆေးကုဖို့ လက်ကလေး ကိုင်ရင်တောင်မှ ဆရာဝန်ဆိုတဲ့ စိတ်နဲ့မို့၊ နို့မို့ မလွယ်ဘူး"

"သေစမ်း၊ မင်းက လူသေကောင်ပဲ ကိုင်ရဲတာကိုး၊ ကျွတ်. . . ကျွတ်"

"ဒါပေါ့ကွ၊ လူသေက ဘာမှ ထမလုပ်နိုင်ဘူးလေ၊ လူ





ရှင်က ထရိုက်မှာ၊ အဲဒီခါကျမှ ငါ လုံးလုံး သိက္ခာကျသွားမယ်၊ ငါတို့ရဲ့အရွယ်က ဆယ့်ခြောက်နှစ်သားလို မိန်းမ ပိုးပန်းရမယ့် အရွယ် မဟုတ်ဘူး၊ လူကြီးလူကောင်း စတိုင်နဲ့ ငါ ချဉ်းကပ်နေတာ၊ မင်း နားမလည်ပါဘူး"

"အေးပါကွာ၊ ငါက နားမလည်ဘူးပဲ ထား၊ ငါ မြင်နေတာတော့ မင်း ကျန်ရစ်ဖြစ်မှာ သေချာပါတယ်၊ ဟား. . ဟား ဟား"

"အကျင့်ပုပ် စိတ်ပုပ်ကောင် အပုပ်ကောင်. . . အမြင်မြန်မြန်ကွ"

တကယ့် တကယ်မှာ ဒေါက်တာထွေးကိုက အချစ်ကျမ်းကျေဆရာ မဟုတ်ဘဲ ဒေါက်တာဝေလင်းကသာ အချစ်ကျမ်းပြုဆရာ ဖြစ်နိုင်ပါသည်။

"ထွေးကိုရေ. . . ငါက ငါ မြတ်နိုးတဲ့ မိန်းကလေး တစ်ယောက်ကို အတင်းအဓမ္မ ချစ်ရေးဆိုပြီး ရယူတာထက် ကိုယ့်ရဲ့ လိုအင်ဆန္ဒထက် သူ့ရဲ့လိုအင်ဆန္ဒကို သူ့အပေါ် ငါ ဘယ်လောက် ဖြည့်ဆည်းပေးတယ်ဆိုတာ နှုတ်က ဖွင့်မပြောဘဲနဲ့ သူ့ဘာသာ သဘောပေါက် လက်ခံတာကိုပဲ လိုချင်တာ၊ သမားရိုးကျ နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်သလား အမေးမြေမှုနဲ့ ငါ မသွားချင်ဘူး၊ ငါဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဖို့ ဘဝတစ်ခုကို အချိန်ယူ တည်ဆောက်မှ ရမယ်လို့ သဘောပေါက်ထားလို့ ထွေးကို



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ၊ မင်းက ငါ့ထက် အချစ်ကိုရော ဘဝကိုပါ အနုစိတ် ဖောင်ဒေးရှင်း ချလွန်းတော့ ငါ ဆက်မပြောရဲတော့ပါဘူးကွာ"

ထွေးကိုမှ ခေါင်းပေါ် လက်တင် ဆလံပြု၍ အခန်းထဲမှ ထွက်သွားတော့သည်။ ဒေါက်တာဝေလင်း ရင်ထဲမှာလည်း စကားများစွာ ပီတိနိုအတွက် မြည်၍ ကျန်ခဲ့လေသည်။

ဟုတ်ပါတယ် ပီတိနို။ ကိုယ့်ရင်ထဲက ဆန္ဒအမှန်က ဥပမာ ကိုယ် တန်ဖိုးထားတဲ့ ပစ္စည်းတစ်ခုကို အလုအယက် လောဘတကြီး မရယူချင်ဘူး၊ တန်ဖိုးထားတဲ့ပစ္စည်းအပေါ် တန်ဖိုး မြှင့်တဲ့ သဘောမျိုးနဲ့ ကိုယ် အချိန်ယူပြီး အချစ်ကို တည်ဆောက်ချင်တာလေ။

အဲ့ဒီအချိန်ကျတော့ တစ်ဖက်သတ်ဆိုတဲ့ အရာလည်း မရှိစေရပေ့။ လူသားနှစ်ဦး ပေါင်းစပ်ဖို့ရာ လွယ်ကူသလောက် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်နှစ်သက်မြတ်နိုးမှု တွယ်တာစိတ် ကြင်နာစိတ်တွေ ဖြစ်တည်ဖို့ကတော့ အချိန်ယူမှ ဖြစ်လိမ့်မယ်ထင်လို့ ဖွင့်မပြောသေးဘဲ နေနေတာ ကိုယ့်ရင်တွင်းဆန္ဒပါ ပီတိနို။





## အခန်း (၂၉)

"တန်. . . တန်"

"ဟလို ဟလို. . . ကိုလင်း ကိုလင်းလား၊ မိနိုပါ"

အိပ်ချင်မူးတူး ဖြစ်နေရာမှ ချစ်ရသူ၏ လေသံ ကြားရရုံမျှနှင့် အရာအားလုံး ကြည်လင် လန်းဆန်းသွားတော့သည်။

"မိနို ပြောလေ"

"ကိုလင်းဖေဖေရော ရှိလား၊ အိမ်ကို အမြန်လာခဲ့ပါနော်"

"ဘယ်သူ ဘာဖြစ်တာလဲ၊ ပြောဦးမှပေါ့"

"ဖေကြီး နေမကောင်းဘူး၊ မထနိုင်ဘူး၊ မြန်မြန်လာခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com

"အိုကေ အိုကေ"

ပီတိနို ဖုန်းချသွားတာနှင့် ဝေလင်း ဖခင်ဖြစ်သူကိုပါ ခေါ်၍ ပီတိနိုတို့ အိမ်သို့ ထွက်လာခဲ့တော့သည်။ စိတ်ထဲမှာတော့ ဦးနှောက်သွေးကြောပြတ် ဒါမှမဟုတ် ဆီးချို သွေးချို သွေးတိုး တက်တာလား ရောဂါဗေဒ ခွဲခြားရင်း လိုက်ပါလာတော့သည်။

အိမ်ဝမှာ အသင့်စောင့်နေသော ပီတိနိုက ခရီးဦးကြိုပြုကာ ဦးကောင်းမြတ် လှဲနေသော အိမ်ခန်းသို့ ခေါ်သွားလေသည်။ ဒေါက်တာဦးသော်မှာ ခေါင်းတညိတ်ညိတ် ပြု၍ လူနာကို စမ်းသပ် စစ်ဆေးမှု ပြုလုပ်ပြီး ဝေဒနာ ခံစားရပုံ၊ ကြုံတွေ့ရပုံများကို မေးမြန်းပြီး. . .

"လောလောဆယ် နေထိုင်ရ သက်သာအောင် ဆေးထိုးပေးခဲ့မယ်၊ ဆေးရုံတင်ပြီး လိုအပ်တာ စစ်ဆေးပြီးမှ ခွဲစိတ်ဖို့ လိုအပ်ရင် ခွဲစိတ်ကြတာပေါ့"

သည်လို ပြောသွားကြားတာနှင့် အားလုံး ဆေးရုံပို့ဖို့ လှုပ်ရှားကြတော့သည်။ ဖေကြီး လုံးဝ လမ်းမလျှောက်နိုင်တော့။ ဖေကြီးကို ကြည့်ပြီး မျက်ရည်ဝဲနေသည်။

"မေကြီး မေကြီး. . . အားမငယ်ပါနဲ့၊ သမီး ရှိတယ်၊ ကိုလင်း ရှိတယ်၊ မမဆီကိုလည်း အကြောင်းကြားတာပေါ့နော်"

ဒေါ်စိန်ရှင့် လက်ကို ဆုပ်ကိုင်၍ တတ်သလောက် အား





ပေးရှာသည်။ ဦးကောင်းမြတ် ရောဂါဝေဒနာကို စစ်ဆေးပြီးချိန်မှာတော့ ဆီးကြိတ်ကင်ဆာဟု ရောဂါအမည်တပ်၍ ရပြီ။

အားပြည့်အောင် အားမွေးပြီး ခွဲစိတ်ဖို့ ရက်ကို သတ်မှတ်ရက် ရပြီးနောက် ဒေါက်တာဝေလင်းနှင့်အတူ မမစုဇန်ထံ ဖုန်းဆက်ရသည်။ အီးမေးလ် ပို့ရသည်။

မမစုဇန်ကတော့ ဒေါက်တာဝေလင်းတို့ကို ဆောင်ရွက်ရော ရှိတာ ဆောင်ရွက်ထားနှင့်ကြရန်၊ အဖေရော အမေ့ကိုပါ ပြုစုပါရန် မှာကြားထားသည်။ ပြီး သူ ခွင့်ရတာနှင့် ပြန်လာခဲ့မည် ဖြစ်ကြောင်း ပြောလာသည်။ မမစုဇန်က အဝေးမှ ကျောင်းကို ပြီးအောင် တက်ပြီးမှ ပြန်ချင်သည့်ဆန္ဒ ရှိပုံရသည်။

"စိတ်ချပါ မမ၊ မိနိုက အိမ်မပြန်တမ်း အဖေ့နားမှာ ရှိနေမှာပါ၊ အမေ့ကိုလည်း မပင်ပန်းစေရပါဘူး၊ စိတ်ချပါနော်"

"ကောင်းပါပြီ ညီမလေးရယ်"

"ဟုတ်ကဲ့"

ဖုန်းချသွားပြီးနောက် ပီတိနို စဉ်းစား၍ မရသဖြင့် ဒေါက်တာဝေလင်း ရင်ထဲမှာ မကောင်း ဖြစ်သွားရသည်။

"ကိုလင်း. . . မမနဲ့ ခွဲရတာ ကြာပြီထင်တယ်၊ မမရဲ့ မျက်နှာကို မှန်းဆမရ ဖြစ်နေတယ်"

ပီတိနို ပြောပုံလေးက သနားစရာ ကောင်းနေသည်။ ပီတိနိုခမျာ သူ မေ့တတ်၍သာ သည်လို ဖြစ်ရခြင်းဟု ထင်နေ


www.burmeseclassic.com

www.burmeseclassic.com



ရှာသည်။

"ဖေကြီးက သူကိုယ်တိုင် ခဏခဏ ကျန်းမာရေး စ
ဆေးနေလျက်နဲ့ ခုလို ဖြစ်ရတယ်လို့"

ဝေလင်း မသိဘဲ နေမလား။ ပီတိနိုအတွက် ဦးကောင်
မြတ် ဟန်ဆောင် ဆေးစစ်ခံခဲ့တာ မသိရှာခဲ့ဘူး။ မင်းတို့ရဲ့ မြေ
ရတဲ့ သံယောဇဉ်ကြိုးတွေကလည်း အံ့သြဖို့ ကောင်းလိုက်တာ
ဒီမိသားစုရဲ့ အကူအညီ ရခဲ့တာ မင်း ကံကောင်းပါတယ် ပီတိနို

...ဇြေစာ...





## အခန်း (၃၀)

မြင်ကွင်းအားလုံးက ဆန်းသစ်နေသည်။ လေယာဉ်
ကွင်းကို ရောက်အောင် လာရသည်။ တစ်ကြိမ် တစ်ခါမျှ
ရောက်ဖူးသလို ခံစားနေရသည်။ လူအများကြား တိုးဝှေ့ရင်း
ဆိုင်ရန် နေရာရှာရသည်။ နောက်ဆုံး ကော်ဖီရှော့ပ်မှာ ထိုင်၍
စကားပြောရင်း စောင့်ကြသည်။

"ကိုလင်း. . . မမစူဇန်ကို နို မှတ်မိအောင် စဉ်းစားတာ
ရဘူး ဖြစ်နေတယ်၊ နို ငယ်ငယ်ကတည်းက ခွဲသွားတာ ထင်
တယ်"

ပီတိနိုအတွက် ဝေဒနာ တိုးလာမည်စိုး၍. . .

"ဟာ. . . မစဉ်းစားနဲ့ မစဉ်းစားနဲ့၊ ကိုယ့်အစ်မ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ချက်ချင်း မှတ်မိမှာ၊ ဒီမှာလေ၊ ဘုတ်လေး ထောင်ပြီး ကြိုနေတဲ့ဟာ၊ ဒီကိုပဲ လာမှာပေါ့"

မရအရ အကြောင်းအရာတစ်ခုကို စဉ်းစားရင်း ... ကြား သူကြားထဲ တစ်စုံတစ်ခု ဖြစ်သွားမှာစိုး၍ အာရုံပြောင်း... ရခြင်း ဖြစ်သည်။

"ဟော. . . လေယာဉ်ဆိုက်လာပြီ၊ လာ. . . လာ ... ဘက်နားကနေ ကြည့်နေ"

ခရီးသည်များ အတွင်းခန်းမထဲမှ စစ်ဆေးမှုများ ပြီး... ၍ အလျှိုလျှို ထွက်လာကြပြီ။ စူဇန်လည်း သူတို့အနား ရောက်... လာပါပြီ။ ဝေလင်းတို့နှင့် ဖုန်းထဲမှာ ကြိုတင် ပြောထား၍ စူဇန်... အလိုက်သင့်ပင်. . .

"ညီမလေး. . . မမစူဇန်လေ၊ ညီမလေး နေကောင်း... တယ်နော်"

"အယ်. . . မမ မမ စူဇန်နော်"

"ကျွန်တော်က ဝေလင်းပါ မမ"

ပီတိနိုကတော့ အစ်မဖြစ်သူကို မျက်တောင်လေး ... ခတ် ပုတ်ခတ် လုပ်ရင်း ငေးကြည့်နေရှာသည်။

"အေးကွယ်၊ တွေ့ရတာ ဝမ်းသာပါတယ်၊ မမစူဇန် ... တဲ့ အချိန်မှာ ဒက်ဒီတို့ကို လာစောင့်ရှောက်တာ ကျေးဇူးအ... တင်ပါတယ်၊ ဒက်ဒီ အခြေအနေကကော"





"ခုတော့ ဆေးရုံပေါ်မှာပဲ ဆေးနဲ့ ထိန်းပေးထားရတယ်၊ သဘက်ခါ အော်ပရေးရှင်း ဒိတ်လုပ်ထားတယ်"

"တော်ပါသေးရဲ့၊ အချိန်မီ ရောက်လာပေလို့၊ ဆေးရုံကို ... ပဲ တန်းသွားရအောင်"

စူဇန့် လက်မောင်းလေးကို ခိုတွယ်ရင်း ပီတိနို လိုက်ပါ လာသည်။ ဝေလင်းကတော့ ပီတိနို လှုပ်ရှားမှု မှန်သမျှ အရိပ်လို ကြည့်နေဆဲပင်။

ဆေးရုံရောက်သည်နှင့်. . .

"ဒက်ဒီ"

ဖခင်ဖြစ်သူ၏မှာ ဆေးပိုက်တန်းလန်းနှင့် ကုတင်ထက် မှာ မြင်လိုက်ရသဖြင့် စူဇန့် ရင်ထဲမှာ မကောင်းလှချေ။ စူဇန့် ခေါ်သံ ကြား၍ မျက်လုံးဖွင့်ကြည့်လာသော ဦးကောင်းမြတ် လက်ကို ဆန့်တန်း၍ သမီးကို ခေါ်ရှာသည်။

နှစ်အကြာကြီး ခွဲခွာနေရသော သမီး အနီးနား ရောက်ရှိ လာပြီ ဖြစ်၍ သားအမိ သားအဖ သုံးဦး သိုင်းဖက်၍ ဝမ်းသာ မျက်ရည်လည်ရင်း ခေတ္တမျှ လောက ဝန်းကျင်ကို မေ့လျော့ သွားကြသည်။

ရုတ်တရက် မိုက်ကနဲ တွေ့ကာ ယိုင်လဲမလို ဖြစ်သွား သော ပီတိနို၏ ခန္ဓာကိုယ်လေးအား ဝေလင်းက ထိန်းမတ်ပေး ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မိနို မိနို သတိထားနော်၊ တော်ကြာ မိနို ဖေကြီး မြ
သွားရင် စိတ်မကောင်း ဖြစ်သွားမယ်"

"ဟင့်. . . ဟင့်"

ဝမ်းနည်း ငိုရှိုက်သံ ကြားလိုက်ရမှ စူဇန်တို့ သားအ
တွေ သတိဝင်လာကြပြီး. . .

"လာ. . . လာ ညီမလေး၊ ဒက်ဒီက မေးနေတယ်"

ပီတိနို အခြေအနေကို ထိန်းပေးကြခြင်း ဖြစ်သည်
သည်လိုဆိုတော့ ပီတိနို မျက်လုံးလေး ဝင်းလက်လာပြီး မျက်
လေး ပြန်ပြုံးယောင်သမ်းလာခဲ့သည်။

"ဖေကြီး အားရှိသွားပြီနော်၊ သမီးနဲ့မမ ဖေကြီးဘေး
ရှိနေမှာ၊ နေကောင်းရင် သမီးတို့နဲ့ ဘုရားဖူး သွားကြမယ်၊ ဟု
ပြီလား"

လူကြီးသူမ လေသံနှင့် ဦးကောင်းမြတ်ကို အားပေး
စကား ဆိုရှာသည်။

"ကဲ. . . သမီးမမလည်း နားချင်ရှာရော့မယ်၊ အိမ်ပြ
နားကြဦး"

"ဟင့်အင်း၊ မေကြီးနဲ့မမ ပြန်လေ၊ ညီမလေး ဖေကြီ
နားမှာ စောင့်ပေးမယ်၊ အကုန်လုံး ပြန်ရင် ဖေကြီး ငိုတော့မ
ကရော်. . ကရော်"

ကလေးငယ်တစ်ဦးပမာ ပြောချင်ရာ ပြောတတ်ပြ





သည်။

"စိန်စိန်. . . သမီးကြီးနဲ့ အိမ်ပြန်ချင် ပြန်လေ၊ ဒီမှာ
လင်းနဲ့ သမီးလေး ရှိနေမှာပဲ"

သို့နှင့် သားအမိနှစ်ဦး အိမ်ပြန်လမ်းတလျှောက်မှာ
တော့ လူနာ၏ ရောဂါအခြေအနေ၊ ပြီး. . ပီတိနို၏ စိတ်ဝေဒနာ
အခြေအနေ၊ နောက်ဆုံး. . .

"ဆွေရိပ်မျိုးရိပ်ကလည်း မကင်း၊ သိတတ် လိမ္မာတဲ့
ကလေးမို့ ပစ်မထားရက်ဘူးလေ"

"စူဇန်ကလည်း သဘောကျပါတယ်၊ တိုးတိုးဖော် ရမ
ယ် မာမီရယ်၊ အပိုင်မွေးလိုက်တော့နော်"

ဝန်တိုမှု ကင်းပြီး ကိုယ့်အားကိုယ်ကိုးတတ်သော စူဇန်
သဘောထား ပြည့်ဝစွာဖြင့် မိခင်အား ပြောလိုက်လေသည်။

နောက်နေ့ မနက်ခင်းမှ နေ့လည်ခင်းအထိ ဦးကောင်း
တ် ဝေဒနာကို ခွဲစိတ်ကြလေသည်။ မေ့ဆေးရှိန်နှင့် လူနာ
တိမရသေးသလို လူနာစောင့်ရင်း ဒေါ်စိန်ရှင့် ပေါင်ပေါ်
ခေါင်းအုံး၍ ကွေးကွေးလေး အိပ်နေရှာသော ပီတိနို၏ ပုံစံလေး
အပြစ်ကင်းသည့် လမင်းလေးလိုပါပဲ။

ပီတိနိုရေ. . . မင်းအနားမှာ ရှိနေရပေမယ့် ရွှေလက်
မ်းခွင့် မရသေးပါလားနော်။ တစ်ယောက်တည်း ဒေါက်တာ
လင်း ရင်ထဲမှာ စကားပြောနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစု ကျန်းမာရေးကိစ္စ ဝမ်းနည်း စိတ်ရှုပ်ရချိန်မှာ ဝေလင်းဘက်ယောက် လိုအပ်သမျှ ကူညီပံ့ပိုးပေးရုံမက မိသားစုဝင် တစ်ဦးသဖွယ် အရာရာ အားကိုး တိုင်ပင်လာ၍ သူ့နှလုံးသားကိစ္စ ခေါင်းလျှိုလို့ ထားရတော့သည်။

"မမစူဇန်. . . အန်ကယ့်ရဲ့ ဘိုင်အိုစီ တက်စ် ရပြီ"

"ဆရာဝန်ကြီးရဲ့အဖြေက ဘာတဲ့လဲ"

"အင်း. . . ကင်ဆာဆဲလ်က သိပ်ပျံ့နေပုံ ရတယ်၊ (၆) လနဲ့ တစ်နှစ်အတွင်းပဲ အသက်ရှင်နိုင်ပါမယ်"

စူဇန် နားထောင်ရင်း မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာရသည်။ ဝေလင်း နားလည်ပါသည်။ ငွေကြေးမြောက်မြားစွာ အကုန်ခံ၍ နိုင်ငံရပ်ခြားမှာ ပညာတစ်ပိုင်းတစ်စနှင့် သည်မှာဖခင်၏ ကျန်းမာရေး အခြေအနေက အနှုတ်လက္ခဏာမို့ ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေရှာမည်။ စူဇန့်အပေါ် ဝေလင်းအားပေးစကား ပြောရသည်။

"ဒါ. . . သဘာဝရဲ့ သဘောတရားပါ မမစူဇန်၊ မမစူဇန်ရဲ့ ပညာရေးခရီး ဆုံးအောင် လျှောက်ပါ၊ နောက်ဆံမတင်းပါနဲ့ ဒီမှာ ကျွန်တော်တို့ သားအဖရော၊ မိနိုလည်း အားကိုးရပါတယ် စိတ်ချလက်ချသာ ပညာသင်ပါ မမ"

"အေးလေ၊ ဒီလိုပဲ စိတ်ကို ဖြေသိမ့်ရမယ်ဆိုတာ မမနားလည်ပါတယ်၊ ဒက်ဒီ့အတွက် စိတ်မကောင်းလွန်းလို့ပါ၊ နေပါ





ဦး ပီတိနိုလေးကရော တကယ် နောက်ကြောင်း မေ့နေပြီလား"

"ဒါမျိုးက တွေ့ကြုံလာတဲ့ အခြေအနေပေါ် မူတည်ပြီးပြောင်းလဲတတ်တယ်၊ သူ စိတ်လှုပ်ရှားမယ် စိတ်ထိခိုက်မှာမျိုး ကျွန်တော်တို့ သတိထားရမယ်"

"သူ့ခမျာ ဒီဝေဒနာက လွဲလို့ သူလေး ရောက်လာတာ ဆ်ကောင်းကောင်းပါပဲ၊ မာမီ့နားမှာ ပြုစုမယ့်သူ ရှိတာပဲ စိတ်ချ ပါပြီ၊ မမစူဇန် စာမေးပွဲ ပြီးတာနဲ့ ပြန်လာမှာပါ၊ စိတ်ချ"

ထိုစဉ် သူတို့အနီးသို့ ပီတိနို ရောက်လာပြီး. . .

"မမ. . ဖေကြီးက မမနဲ့ စကားပြောချင်လို့တဲ့၊ နောက်ြီး ဖေကြီး ဗိုက်ဆာနေမှာစိုးလို့ ညီမလေး ဖေကြီး အကြိုက် ခင်းဟင်း ပြန်ချက်ဦးမယ်"

"ညီမလေး ဘာနဲ့ ပြန်မှာလဲ"

"ဟိုမှာလေ၊ ဖန်မလီ ဒေါက်တာ စိမ်းတူ ဖန်မလီ ဒရိုင်ဘာ၊ သိတယ်မို့လား"

"ဟဲ့. . . ဟဲ့၊ ဒီလို မပြောရဘူးလေ ညီမလေးရဲ့၊ စိတ်ရှိပါနဲ့ ကိုလင်းရယ်"

စူဇန်ကတော့ ပြောချင်ရာ စွတ်ပြောနေသော ပီတိနိုအားလုံးများကြောင့် ဝေလင်းကို အားနာ တောင်းပန်နေခြင်းဖြစ်သည်။ ဝေလင်းကတော့ ပီတိနို ပြောသမျှ သဘောတကျရယ်လို့ နေရှာသည်။ တကယ်တမ်းမှာ မိသားစုအရေးကိစ္စ ရှုပ်၍



www.burmeseclassic.com

www.burmeseclassic.com



ပီတိနိုအား ရှောင်ခိုင်းခြင်း ဖြစ်ကြောင်း ဝေလင်း သဘောပေါက်လိုက်သည်။

ပီတိနို တစ်ယောက် အိမ်ပြန်သယ်မည့် ပစ္စည်းပစ္စည်း တစ်ပုံနှင့် ထွက်ချလာပါပြီ။ ဝေလင်းမှာ ဆေးရုံပတ်ဝန်းကျင် ဖြစ်နေ၍ ကူသယ်ရခက် မသယ်ရခက်နှင့် ဖြစ်နေရသည်။

နောက်ဆုံး မိနို ဘေးမှ ဆွဲခြင်းကို ပိုင်းကူဆွဲတော့ ဆေးရုံ ဝန်ထမ်းများက မြင်၍ ပစ္စည်းများ လာကူသယ်ပေးရာ မိနိုပင် သယ်စရာ မလိုတော့။ ဒါကို သဘောကျပြီး. . .

"ဟီဟိ. . . ကိုလင်းတို့က တကယ် တကယ် ပိုင်တယ်ကွာ၊ ဆရာ ဆရာနဲ့ ရှိသေလိုက်ကြတာ ဟုတ်လို့"

ပီတိနိုက ခပ်လျှောင်လျှောင်ပင် အပျော်စကား ပြောတတ်ရာသည်။ သည်နေ့လို အခွင့်အရေးမျိုးကို လက်လွတ်မခံဘူး ဆုံးဖြတ်ပြီး အေးဆေး ငြိမ်သက်သော နေရာလေးသို့ ကားမောင်းကာ ခေါ်သွားခဲ့သည်။ ကားခဏမျှ ရပ်ပြီး ပီတိနိုအား ငဲ့စောင်းကြည့်ကာ. . .

"မိနို. . . ဒီနေရာလေးက မသာယာဘူးလား"

"ဟား. . . သာယာတာပေါ့ ကလေးဘဝသာဆို စိန်ပြေးတမ်း ကစားပစ်မှာ"

ပီတိနို အသွင်ပြင်ကို ကြည့်ရသည်မှာ သူ့အပေါ် စိတ်ဝင်တစား ရှိ၍ ချစ်စကား ကြိုက်စကား ပြောဖို့ ခေါ်လာတာဟု





သည်း သိရှိရိပ်မိပုံ မပေါ်။ ရုပ်ရှင်တွေထဲကလို မင်းသားက မင်းသမီးကို ချစ်စကား ပြော၍ မင်းသမီးက ရင်ခုန်စွာ စိတ်လှုပ်ရှားပြီး လက်ချောင်းလေးတွေ ချိုး၊ မူနွဲ့နွဲ့ အကဲတင်ခံတာမျိုးသည်း မရှိ။

ပီတိနို သူ့အပေါ် ရိုးစင်းစွာ သဘောထားသည်ကတော့ သေချာသည်။ သည်တော့ ချစ်စကားပြောဖို့ နှုတ်က အလိုလို တွန့်ဆုတ်သွားရသလို. . .

"မိနို. . . ဒီနေရာလေးက သာယာတော့ မုန့်လေး ဘာလေး စားပြီး စကားပြောရရင် ဇိမ်ပဲနော်"

"ဘယ်လိုလုပ် ဇိမ်ကျမှာလဲ၊ ထမင်းဟင်းချက်ဖို့ စဉ်းစားတာ ခေါင်းရှုပ်ရတဲ့အထဲ"

သွားပါပြီ။ သည်လိုအဖြစ်မျိုး တွေးကို မြင်လို့ကတော့ ခွက်ထိုးခွက်လန် ရယ်တော့မည်။

"မဟုတ်ဘူးလေ မိနိုရယ်၊ ဒီလိုနေရာလေးကို ခုလို နှစ်ယောက်တည်း အေးအေးဆေးဆေး လာရတာ ရင်မခုန်ဘူးလား"

ဝေလင်း ဒီစကားကို ရဲဆေးတင်၍ မနည်း ကြိုးစားပြောရခြင်း ဖြစ်၏။

"ကျွတ်. . . ရင်ခုန်ရအောင် အရူးလား၊ ဆေးရုံမှာ နေ့စဉ် ရက်ဆက် ပင်ပန်းထားသမျှ ခုလို နားအေးပါးအေး လေ



www.burmeseclassic.com

www.burmeseclassic.com

တဖြူးဖြူးနဲ့ သည်နေရာမျိုး ကြာကြာထိုင်လို့ကတော့ အိပ်ပျော်သွားမှာ သေချာတယ်၊ ကဲ. . . ကဲ၊ အိပ်မငိုက်ခင် ကိုလင်းရေ ဖေကြီး စားချင်တာ အချိန်မီ ချက်နိုင်ဖို့ မောင်းပါတော့ဗျို့"

သွားပြီ။

သေလိုက်တော့ ဝေလင်းရေလို့ပဲ အော်လိုက်ချင်တော့သည်။ လူနာများစွာကို ဝေဒနာရောဂါ ပျောက်ကင်း သက်သာအောင် ကုစားတတ်ပေမယ့် ပီတိနို ဆိုသော ချစ်ဝေဒနာကိုတော့ သူ့ဘာသာ မကုစားတတ်တာ ဝန်ခံရမလိုပင်။

...ဖဖဖ...





## အခန်း (၃၁)

စူဇန် ပြန်သွားပြီး ခြောက်လအကြာမှာ ဦးကောင်းမြတ် လူ့လောကမှ ထွက်ခွာသွားပါတော့သည်။ ဒေါ်စိန်ရှင် စိတ်အားမငယ်ရန်အတွက်ရော ပီတိနို့ စိတ်လှုပ်ရှားမှု များ၍ ဝေဒနာ မဖြစ်ပေါ်စေရန် ဝေလင်းတို့ မိသားစုက ဂရုတစိုက် ကြပ်မတ်ကူညီစောင့်ရှောက်ပေးကြသည်။

ပီတိနိုကတော့ ပုံမှန်ပင်။ ဘယ်အချိန် ဘယ်ကာလက မှတ်ယူထားခဲ့သည်မသိ။ ဒေါ်စိန်ရှင်ကိုပင် ရုပ်တရား၊ နာမ်တရားတွေ ခွဲခြားပြရင်း တရားချနေပြန်သည်။

ဝေလင်း၏ဒက်ဒီက သဘောပေါက်စွာ ခေါင်းညိတ်ရင်း. . .


www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးမရဲ့အတိတ်က ဘာသာတရား လိုက်စားထားပုံ ရတယ်"

ဟု မှတ်ချက်ချလိုက်သည်။ အားလုံး ကိစ္စဝိစ္စ ပြီးစီးချိန်မှာတော့ ဒေါ်စိန်ရှင်ကပင် စ၍. . .

"အင်း. . . နဂိုကတည်းက လူနည်းရတဲ့အထဲ ရှိတဲ့လူက ထပ်လျော့သွားပြန်ရော၊ လောလောဆယ် နေသားကျမယ် မထင်ဘူး မောင်လင်းရေ၊ မကြာခဏ လာလည်ပါ သားရယ်၊ နောက်ပြီး သမီးငယ်လေး ပညာဆက်သင်နိုင်ဖို့ ကူညီပေးပါဦးကွယ်၊ မင်းအန်ကယ် မသေခင်က တဖွဖွ မှာခဲ့ရှာလို့ပါ"

"ဒီ့အတွက် စိတ်မပူပါနဲ့ အန်တီ၊ အိမ်ရဲ့ကိစ္စ အကြောင်းကြီးငယ် ရှိရင် တူသားလို သဘောထားပြီး ခိုင်းပါ အန်တီ"

"အေးကွယ်၊ ကျေးဇူးကြီးလှပါပေတယ်"

"ကျောင်းတွေလည်း မကြာခင် ဖွင့်တော့မှာဆိုတော့ စုံစမ်းပေးထားပါ့မယ်"

ဝေလင်း စကားအဆုံးမှာ ရုတ်တရက် ထအော်သူက ပီတိနို ဖြစ်သည်။

"ဟေး"

လက်ခုပ်လက်ဝါး တီး၍ ဝမ်းသာအားရ တီးလိုက်ခြင်းဖြစ်၍ ပီတိနို ပျော်နေပုံ ဖြစ်ကြောင်း သိလိုက်ရ၍ စိတ်အေးသွားရသည်။





"ကျောင်းတက်ရင် ကိုလင်း ပို့ပေး ကြိုပေးမှာလား"

"ဟုတ်ကဲ့၊ သခင်မ ခိုင်းသလို ကျွန်တော်မျိုး ဆောင်ရွက်ပါ့မယ်"

"ဟင်း ဟင်း၊ ကိုလင်းလည်း မိနို ပေါသလို ပေါရဲတာပဲ၊ တစ်ခါတလေ စိတ်လွတ်ကိုယ်လွတ် နေလိုက်စမ်းပါ၊ ငါ ဆရာဝန် ဆိုတဲ့ စတယ်ကြီးနဲ့ စိတ်ကို ချုပ်တီးမထားစမ်းပါနဲ့၊ မိနိုတို့လို ပေါ့ပါးလွတ်လပ်စွာ နေပစ်လိုက်ပေါ့"

တကယ့်ကို လူကြီးသူမပုံ ဖမ်း၍ ပြောနေသည်။

"သာလိကာမလေးနော်. . . လူကို သိက္ခာချရမယ်ဆို ရှေ့ဆုံးက၊ ငါ ထုလိုက်ရ"

"ဟား ဟား. . . ထုလည်း မထုရဲဘဲနဲ့၊ ကိုလင်း သတ္တိရှိလား မရှိလားလို့၊ ဆေးထိုးတာတောင် လက်က တုန်နေတာ၊ ဟား. . . ဟား"

ပီတိနို အနိုင်နှင့် ပြော၍ ပြေးခြင်းမို့ ဒေါ်စိန်ရှင့်ရှေ့မှာ ရှက်ရွံ့နှင့် ငြိမ်နေရသည်။ မဟုတ်လို့ကတော့ ဖမ်းချုပ်ပြီး ဆွဲမွှေပစ်မိမည် ထင်သည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဟူး"

ခြေပစ်လက်ပစ် ထိုင်ချရင်း လေပူ မှုတ်ထုတ်နေသော ပီတိနိုက. . .

"ကျောင်းတက်ရတာ အဝေးကြီးပဲ၊ မောလိုက်တာ"

"ကိုလင်း လိုက်မပို့ဘူးလား"

"ပို့တော့ ပို့တာပေါ့ မေကြီးရယ်၊ သူ ဂျူတီရှိတဲ့နေ့ လာကြိုတာ နောက်ကျရင် စိတ်ညစ်ရတယ်"

"အေးကွယ်၊ သမီးလေးကို ကားမောင်း သင်ပေးထားရင် ကောင်းမယ်"

"ဟာ. . . မလုပ်ပါနဲ့ မေကြီးရယ်၊ မိနို ကြောက်တယ်





မမောင်းရဲပါဘူး၊ မိနိုက သူမျှား မောင်းတာကို ဖိမ်နဲ့ပဲ စီးချင်တာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ငါ့သမီးလေးကို သည်းခံမယ့်သူက မောင်လင်း တစ်ယောက်ပဲ ရှိတာ"

"အာ. . . မေကြီးကလဲ"

"မေကြီး တကယ် ပြောတာ၊ သမီးကရော မောင်လင်းကို သဘောမကျဘူးလား"

ဒေါ်စိန်ရှင် အခွင့်ရေးရစဉ် စကားဖြင့် ပီတိနို၏ သဘောထားကို တီးခေါက်နေခြင်း ဖြစ်သည်။

"သမီးတို့က မောင်နှမတွေပဲဥစ္စာ"

ပီတိနို မျက်ဝန်းထဲမှာ ရိုးစင်းမှုတွေ အထင်းသား ပေါ်လွင်နေသည်။

"သမီးကသာ အဲ့သလို ပြောနေတာ၊ အင်း မောင်လင်းက. . ."

"သူက မေကြီးကို ဖွင့်ပြောလို့လား"

"ဒီလိုတော့ ဘယ်ပြောရဲပါ့မလဲကွယ်၊ သူ့အမူအယာ သူ့မျက်လုံးတွေက ပေါ်လွင်နေတာပဲဟာ"

"ဟာ. . . သမီးက သိတောင် မသိဘူး၊ မေကြီးက သိတယ်"

"အမေတို့က ငယ်ရာက ကြီးလာတာ၊ သိတာပေါ့"

"ဟိ ဟိ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိစိနှင့် ကလေး တစ်ယောက်နှယ် ရယ်နေတော့သည်။

"ဒါ ရယ်စရာလား၊ ခွေးစုတ်မလေး"

"မဟုတ်ပါဘူး၊ သမီးကို ပိုးပမ်းတာ သမီးက မသိဘဲ အမေက သိနေတာကို တွေးပြီး သဘောကျမိလို့ပါ"

"တကယ်လို့ မောင်လင်းက တောင်းဆိုလာရင် သမီးက လက်ခံမှာလား"

ဒေါ်စိန်ရှင့်အမေးကို ပီတိနို့ တွေတွေလေး စဉ်းစားနေပြီးမှ. . .

"မေကြီးတို့က လက်ခံစေချင်လို့လား"

"ခေတ်ကာလအရ သမီးနဲ့ သင့်တော်ဆုံးပဲ"

"ဒါပေမယ့် သမီးစိတ်ကို မေးကြည့်ရဦးမယ်၊ ဘယ်သူမှ မတိုက်တွန်းဘဲ သူ့အလိုလို လက်ခံသင့်မသင့်ကို ပြောတာပါ မေကြီး"

လိမ္မာယဉ်ကျေးသူလေးမို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်၍ ဒေါ်စိန်ရှင် စိတ်သက်သာရာ ရလေသည်။





ညဘက်. . .

"တန်. . . တန်"

စူဇန့်ထံမှ ဖုန်းလာချိန်မှာ သားအမိနှစ်ဦး အလွမ်းသယ်ထား ပြောရင်း. . .

"ညီမလေးက သူ့သဘောထားကို အဲ့သလို ပြောသွား မာမီ"

"အေးလေ၊ ဟိုဘက်က စကားစပြောလာရင် သူ ဘယ်လို တုန့်ပြန်မလဲဆိုတာ စောင့်ကြည့်ရမှာပဲ၊ နှစ်ဦးနှစ်ဘက် အဆင် ပြေတယ်ဆို ပေးစားလိုက်ရုံပဲပေါ့၊ သူ့ရှေ့ရေးလည်း ကောင်း၊ မာမီတို့လည်း စိတ်အေးရတာပေါ့"

"သမီးရင်ထဲမှာလည်း သူ့ကို ညီမလေး အရင်းလိုပါပဲ ခံစားရမယ်၊ ကိုလင်းရဲ့စိတ်ဓာတ်ကလည်း လူတော်တစ်ယောက်ပါ သမီး ပြန်လာရင် လုပ်ငန်းထဲမှာ ကိုလင်းအတွက် တစ်နေရာ ချထားတာမို့ အမျိုးတော်ရတော့ ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကဲ၊ သမီး စာမေးပွဲ အောင်အောင် ကြိုးစား မြန်မြန် ပြန်ခဲ့တော့နော်"

"စိတ်ချပါ မာမီရယ်၊ သမီးက စာမေးပွဲ ပြီးတာနဲ့ မြန်မာပြည်မှာ လုပ်ရမယ့်အလုပ်ပါ တစ်ခါတည်း ရှာလာခဲ့မှာ"

"ငါ့သမီးလေးတွေ တော်ရှာပါတယ်၊ မွေးရကျိုးလည်း နပ်ပါတယ်ကွယ်"

"မာမီလည်း နေကောင်းအောင် နေနော်"

"အေးပါ၊ သမီးလည်း နေကောင်းအောင် နေ"

"မာမီ ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ် ဘိုင့်ဘိုင်"

"အေးအေး"

တစ်ဘက်က ဖုန်းချသွားပေမယ့် စိတ်ထဲမှာ လွမ်းပြီး ကျန်ခဲ့သူက ဒေါ်စိန်ရှင်ပင် ဖြစ်တော့သည်။





## အခန်း (၃၃)

ညနေဆည်းဆာ၏ လေနုအေးတို့ ဖြတ်သန်း တိုးဝင်ပုံသည် ခံစားရသူ စိတ်ကို အေးမြ လန်းဆန်းစေ၏။ ကားကို ဖြည်းညင်းစွာ မောင်းဝင်ရင်း အေးချမ်းသောအရိပ်မှာ ထိုးရပ်လိုက်သည်နှင့်. . .

"ဟာ. . . ကိုလင်း ဟိုတစ်ခါ ခေါ်လာတဲ့နေရာ မဟုတ်လား"

"မိန္ဒီ မှတ်မိသားပဲ၊ ဒီနေရာကို အခု ဘာလို့ ခေါ်လာရသလဲ၊ သိလား"

သည်တစ်ခါတော့ ဒေါက်တာဝေလင်း စိတ်ထဲမှာ ချီတုံချတုံလည်း မရှိ၊ ယုံကြည်စိတ်အပြည့်နှင့် ဖြစ်နေချိန်မို့ ရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးများ ထွက်ကျလာကုန်သည်။ မိနို လက်ဖောင်းပြည့်ပြည့် လေးကို ဆွဲကိုင်ယူရင်း. . .

"မေးနေတယ်လေ၊ ကိုယ်မေးတာကို ဖြေဦး"

"ဒီနေရာကလေးက သာယာတယ် အေးချမ်းတယ်၊ မိနို စိတ်အေးလက်အေး အပန်းဖြေရအောင်ပေါ့"

ကလေးငယ်တစ်ယောက် စာရွတ်ဖတ်သလို အသံနှင့် နှုတ်ခမ်းနှစ်လွှာကို ချစ်စဖွယ် လုပ်ရင်း ပြောနေပုံက တမင်တို အမူပို လုပ်ပြောခြင်း မဟုတ်ဘဲ ဝေလင်းကို ကျီစယ်လိုစိတ်နှင့် ပြောခြင်း ဖြစ်တာ ပီတိနို မျက်နှာလေးမှာ ရိုးစင်းစွာ ပေါ်လွင်လို့ နေသည်။

သူရယ်မှ မဟုတ်ပါဘူး။ ပီတိနိုရဲ့ ဖြူစင်သိမ်မွေ့တဲ့ ပင်ကိုယ် အလှများကြောင့် မြင်သူတိုင်း နှစ်ခြိုက်သဘောကျမှာ အမှန်ပင်။ ပီတိနို၏ ဖူးပြည့်ပြည့် မျက်နှာလေးကို ငေးစိုက်ကြည့် ရင်း ဒေါက်တာဝေလင်း စိတ်မှာ ဝန်တိုစိတ် ဝင်လာပြီး မဖြစ်ပါ ဘူး၊ သူများ မဦးခင် ငါ အရင်ဦးမှ ဖြစ်မယ်၊ ပီတိနိုရဲ့အချစ်ဦးဟာ ဝေလင်းပဲ ဖြစ်ရမယ်။

"မိနို. . . မိနိုကို ပြောစရာ ရှိလို့ ခေါ်လာတာ၊ သိလား"

"ပြောမှ မပြောသေးဘဲနဲ့၊ သိလားဆိုတော့ ဘာကို သိရ မှာလဲ"

"မိနိုနော်. . . စကားပြောရင် ဂွပဲ ပြောတယ်"





"ဟောတော့. . . ဆရာဝန်ကြီးက စိတ်ဆိုးတတ်တယ်၊ ဘရော်. . ကရော်"

ပီတိနိုက လက်ညှိုးလေး ထောင်ကာ ကွေးချည် ဆန့် ချည် လုပ်ပြရင်း ကျီစယ်ပြန်သည်။ ဝေလင်း ပီတိနို၏ ပါးလေးကို ဆွဲ၍ ဖျစ်ညှစ်လိုက်ပြီး. . .

"ပြောတာ သေချာနားထောင်"

"အား. . . နာတယ် နာတယ်၊ နားထောင်ပါ့မယ်"

နီရဲတွတ်သော ပါးနှစ်ဘက်ကို လက်ဝါးလေးဖြင့် ပြန် ပွတ်ဖြည်ပေးရင်း. . .

"ဒါဆို ကိုယ့်မျက်နှာကို သေသေချာချာကြည့်"

"ဟုတ်"

"ကိုယ် မိနိုကို ချစ်နေတာ သိလား"

"သိသားပဲ"

တုံးတိကြီး ပြန်ဖြေနေပုံက ရှက်ရွံ့နေပုံ မရှိ။ ဝေလင်းပင် ဘာဆက်ပြောရမှန်း မသိ။ ပြီးမှ. . .

"ဒါဆို မိနိုရဲ့သဘောက. . ."

"စဉ်းစားကြည့်မယ်လေ၊ ကိုလင်းဘက်က တရားဝင် ဆောင်းဆိုလာတော့ မိနို စဉ်းစားကြည့်မယ်၊ ဒါပေမယ့် မလောရ ဘူး၊ အချိန်အကာန့်အသတ် မရှိနော်၊ မိနိုရဲ့စိတ်ရယ် ဦးနှောက် ရယ် နှလုံးသားရယ် ဒါတွေကို အမေးအဖြေ လုပ်ရဦးမှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကြာမယ်၊ စိတ်ရှည် သည်းခံမှ ဖြစ်မယ်”

ပီတိနို၏စကားကြောင့် ဝေလင်းပုံစံက ငေးငေးငိုင်ငိုင် ဖြစ်သွားရသည်။

“ဟာ. . . ဒါက ဘယ်လို ဖြစ်နေတာလဲ၊ ကိုလင်း ဝုံ ကြီးက ဆရာဝန်ပုံ ပျောက်နေပြီ”

“မိနိုနော်. . . မိနိုနဲ့ ကိုလင်းကြားမှာ အဲဒီ ဆရာဝန် ဆိုတာ မပါကြေး”

“ကောင်းပါပြီ ကောင်းပါပြီ၊ ဒါဆိုလည်း ပုံမှန်အတိုင်း ကျောင်းပို့ကျောင်းကြို ဆက်လုပ်စေ၊ အချိန်တန်ရင် အဖြေတစ်ခု တော့ ရမှာပေါ့”

“ဟူး”

ဝေလင်းအတွက် မျှော်လင့်ချက် မီးစိမ်းကို မြင်ရ၍ ရင် ထဲမှ အလုံးကြီး ကျသွားရသည်။

“ပြောစရာ ကုန်ရင် ပြန်မယ် ဆရာကြီး၊ အိမ်ပြန် နောက် ကျရင် မေကြီး မျှော်နေမယ်”

“ကောင်းပါပြီတဲ့ ခင်ဗျာ”

ပီတိနို ခမျာ ဒေါ်စိန်ရှင်အပေါ် မိခင်ရင်းပမာ သံယော ဇဉ် ကြီးမားတာကို မြင်ရကြားရသဖြင့် ပီတိနို တကယ့် မိခင်ရင်း အပေါ် မှာဆို ဆိုဖွယ်ရာမရှိ ဖြစ်ပေမည်။

မိနိုရယ်. . . မင်းရဲ့စိတ်ကလေးတွေ ခုလိုပဲ ဒီအသိ နဲ





စိတ်နဲ့ ဒီပတ်ဝန်းကျင်က လူတွေအပေါ် မှာပဲ တစ်သက်လုံး ရှိနေ ပါတော့ကွယ်။

ဒေါက်တာဝေလင်း ရင်ထဲမှ တိုးတိတ်စွာ ဆုတောင်း နေခြင်းကို ပီတိနိုကတော့ မသိရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝေလင်း ပီတိနိုကို ပို့ခဲ့ပြီး ဆေးရုံသို့ ပြန်ရောက်တော့ ဂျူတီ နားနေခန်းထဲမှာ လေတချွန်ချွန် ဘိုတေတသသ ဖြစ်နေသော ဒေါက်တာဝေလင်း၏ ခါတိုင်းနှင့် မတူသော အမူအယာတို့ကို ကြည့်၍ ဒေါက်တာထွေးကို သဘောပေါက်နေသည်။

"ကေန္တ ငါ့ကောင်ကြီး အချစ်နှင့်သူ၏ကိုကို ဇာတ်ကားရိုက်နေပြီနဲ့ တူတယ်"

"အဲ့သလို မဟုတ်သေးပါဘူးကွာ၊ ဖွင့်ပြောရုံပဲ ရှိသေးတယ်၊ မိနိုက အဖြေမပေးသေးဘူးကွ"

"ဟော. . . ဒါဆို မင်း ဖွင့်ပြောတုန်းက ကောင်မလေး ရှက်ပြီး ပါးတွေ မျက်နှာတွေ နီရဲမနေဘူးလား"

"ပုံမှန်ပဲကွ၊ ရှက်တာရွံ့တာ မရှိဘူး၊ နဂို နေမြဲစားမြဲ သွားမြဲတိုင်းပဲ၊ တချို့မိန်းကလေးတွေဆို ချစ်စကား ပြောခံရရင် အလှပိုပြင်လာတာတို့ဘာတို့လည်း မရှိဘူး၊ သာမန် နေရိုးနေစဉ်





အတိုင်းပဲ"

ဝေလင်း ပြောသမျှကို ထွေးကို သေသေချာချာ နားထောင်ပြီးမှ. . .

"မင်း သူ့ကို ဖွင့်ပြောတော့ ဒေါကန်တာရော မဖြစ်ဘူးလား၊ မတားမြစ်ဘူးလား"

"သူ့ရဲ့ခံစားမှုက သာမန် ကြုံတွေ့ရတဲ့ ယောကျ်ားလေး မိန်းကလေး သဘာဝလို့ နားလည်ထားပုံပဲ၊ သူကိုယ်တိုင်က နေမြဲတိုင်း သွားမြဲတိုင်း နေပါတဲ့၊ သူ့ကို စဉ်းစားဖို့ အချိန်ကန့်သတ်မရှိ တောင်းဆိုထားတယ်"

"အင်း. . . မင်းပြောပုံအရဆို သူ မင်းအပေါ် သိပ်ရင်မခုန်သေးဘူးနဲ့ တူတယ်၊ အမြဲ မြင်တွေ့နေရလို့များလား၊ မင်း မသွားဘဲ အကြောင်းရှာပြီး လေးငါးရက် နေကြည့်ပါလား"

"ဖြစ်ပါ့မလား"

"ငဒူရေ. . . ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ ရှိတယ်လေကွာ"

"အဲဒါ ဘာဖြစ်လဲ၊ ငါကြိုက်တော့ သွားရမှာပေါ့"

"အောင်မာ. . . မင်း မယုံရင် ဒီနည်း စမ်းကြည့်၊ သူကြိုက်ရင် မျှော်တော်ရောင် လုပ်လိမ့်မယ်"

"ငါ ကျောင်းပို့ကျောင်းကြို မလုပ်ရင် သူ ကျောင်းတက်ရ ခက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းက ပူပန်စွာ ပြောလိုက်သည်။

"ကျောင်းက အဝေးကြီး၊ လိုင်းကားလည်း သူ မစီးတတ်နဲ့"

"မင်းဟာလေ၊ ပြောလေ တုံးလေပဲ၊ ကားတစ်စီးစီး ခဏ စီစဉ်ပေးထားပေါ့။ သူ့ကိုတော့ ကြိုမပြောနဲ့ပေါ့။ အနားကပ်ပြီးမှ ဖုန်းနဲ့ နှုတ်ဆက်ပေါ့၊ ခရီးထွက်ရမယ် ဘာညာပေါ့။ အဲဒီအခါကျမှ သူ့စိတ်ကို မင်း သိခွင့်ရမှာလေ"

"မင်း ပြောသလို ငါ ကြိုးစားကြည့်ပါ့မယ်"

"ဟော့ကောင်. . . ခုကတည်းက လေသံပျော့မလာနဲ့၊ ဒီပုံစံဆို မင်း ပန်းဝင် နောက်ကျနေမယ်၊ ဒါပဲ ဟေ့ကောင်၊ ငါ ဆေးခန်းဝင်ချိန် နီးနေပြီ၊ လစ်ပြီဟေ့"

အချစ်နည်းပြဆရာကြီး ထွေးကိုကတော့ ဂျူတီကုတ်ကမန်းကတန်း ချွတ်ကာ သူ့ဆေးအိတ် ဆွဲ၍ လစ်ရှာပြီ။ အချစ်ဆိုတာ မလွယ်ပါလားဟု တွေးရင်း ခေါင်းစင်းစင်း ကျန်ခဲ့သူက ဝေလင်း ဖြစ်ပေသည်။

...ညတော...





## အခန်း (၃၄)

ခြံဝန်းထဲသို့ ကားဝင်လာသံ ကြားသည်နှင့် ဒေါ်စိန်ရှင် ပြေးထွက်ကြိုလိုက်သည်။ သမီးငယ်လေး ကျောင်းအပြန်ကို မျှော်ရတာ မောလှပြီ။ ပြောစရာ စကားတွေက ရင်ထဲမှာ ပြည့်နေသည်။ ဒေါ်စိန်ရှင် သနပ်ခါး အဖွေးသားနှင့် ပျော်ရွှင် သွက်လက်နေတာ အမှန်ပင်။ ကားတံခါး ဖွင့်ပေးရင်း. . .

"သမီးလေး. . . သမီးလေးကို မျှော်နေတာ"

ချက်ဆို ပီတိနိုက သဘောပေါက်ပြီးသား။

"မေကြီး မျှော်နေပုံ ထောက်ရင် အိမ်မှာ တစ်ခုခု ထူးခြားမှု ရှိနေပြီ ထင်တယ်၊ ကဲ. . . ပြောပါ မေကြီးရယ်၊ မြန်မြန်စသတည်း"



www.burmeseclassic.com

www.burmeseclassic.com



ပီတိနို ပါးလေးနှစ်ဘက်ကို ဒေါ်စိန်ရှင် နမ်းကြူလိုက်ပြီး ပီတိနိုက သိုးငယ်လေးကဲ့သို့ ငြိမ်နေစဉ်. . .

"သမီးမမ သဘက်ခါ အပြီးပြန်လာမှာတဲ့"

"တကယ်. . . တကယ်၊ ပျော်လိုက်တာ၊ ကိုလင်း. . . ကိုလင်း သဘက်ခါ မိန္ဒို ကျောင်းမသွားဘူးနော်၊ ကိုလင်း အားရင် လေဆိပ်လိုက်ပို့ပေးနော်၊ တာ့တာ. . . ဘိုင့်ဘိုင်၊ ဒီနေ့ ကိုလင်းနဲ့ စကားမပြောတော့ဘူး"

သားအမိနှစ်ဦး ပျော်ရွှင်ကြည်နူးရိပ်တို့ မပျက်စီးစေလို၍ အလိုက်သိစွာပင် ထွက်လာပေးခဲ့ရင်း. . .

"ထွေးကိုရေ. . . မင်းပြောပြတဲ့ ပရိုဂရမ်ကို ငါ မဆွဲနိုင်သေးတာ ခွင့်လွှတ်ပါကွာ"

သူငယ်ချင်းဖြစ်သူကို တိုးတိတ်စွာပင် တောင်းပန်နေလိုက်မိတော့သည်။



ဝေလင်း ညီမကို လိုချင်သဖြင့် အစ်မဖြစ်သူ စူဇန်ကို ဖားနေရသည်။ စူဇန် မြန်မာပြည်သို့ ပြန်ရောက်ချိန်မှစ၍ ပီတိနို ကျောင်းပို့ပြီးတာနှင့် စူဇန်၏ အမြတ်ခွန်ကိစ္စ၊ နိုင်ငံခြားငွေ ဘဏ်စာရင်းကိစ္စ၊ အကောက်ခွန် ပစ္စည်းရွေး ကိစ္စတွေအတွက် ဆေးရုံမှ အော့ဖ်ရက်များတွင် အဖော်အဖြစ် လိုက်ရတော့သည်။

ယခင်အခေါက်များကတည်း ရင်းနှီးပြီးသားမို့ စူဇန်က ပွင့်ပွင့်လင်းလင်းပင် မေးတော့သည်။

"မောင်လေးနဲ့ ညီမလေး အခြေအနေ ပြောပြပါဦး"

ခုလို ရုတ်ချည်း အမေးခံရ၍ ဝေလင်း မျက်နှာမထားတတ်တော့။ မနည်း ဣန္ဒြေဆည်၍. . .

"အာ. . . ဟုတ်ကဲ့ မမ၊ မိန္ဒိုနဲ့က သာမန် ခင်မင်မှုပါပဲ၊ ကျွန်တော့်ဘက်ကသာ တောင်းဆိုထားတာပါ"

"ဒီလိုပါ၊ မမတို့ မိသားစုက opening type ပဲ၊ အခု မမတို့ မိသားစုမှာ ယော့က်ျားသား လိုအပ်နေတာ အမှန်ပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးနဲ့ ညီမလေး အဆင်ပြေသွားရင် ဘာမှ သိပ်ပြောစရာ မရှိဘူးဆိုတာ ပြောပြထားတာပါ။ ပြီး မင်းနဲ့က ဆေးကုမှုကိစ္စမှာ အကူအညီ အများကြီး ယူရဦးမှာ"

"ကျွန်တော့်အပေါ် အခုလို စေတနာ ထားတာ အများကြီး ကျေးဇူးတင်ပါတယ် မမ"

"အေးကွယ်၊ ညီမလေးကိုတော့ စိတ်ရှည်ပါ၊ သူ့အကြောင်း မင်း အသိဆုံးပါ"

"စိတ်ချပါ မမ"

ဝေလင်းအတွက် အရာအားလုံးက မီးစိမ်းပြလို့ နေပေသည်။ ပီတိနိုသာ ဦးခေါင်းတစ်ချက် ညိတ်ပြရုံနှင့် အရာရာ ပြီးပြည့်စုံတော့မည်။





# အပိုင်း (၃)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၅)

ဒေါက်တာဝေလင်း ရှေးဖြစ်နောက်ကြောင်းများ စီကာစဉ်ကာ တွေးရင်း လုံးဝအိပ်မရခဲ့။ နာရီမြည်သံသာ ပြောင်းသွားသည်။ လုံးဝ မျက်လုံးက အိပ်မရ၊ စိတ်ကလည်း အတိတ်ကိုရောရှေ့ပွန်မှာ ပြေးလွှားလို့ နေသည်။ ဆေးစာတွေ ဖတ်လို့လည်း မျက်လုံးထဲ မမြင်တော့။

"တန်. . . တန်. . . တန်"

လက်ကိုင်ဖုန်း မြည်သံကြောင့် ဖုန်းကာဗာကို ဖွင့်လိုက်ပြီ. . .

"ဟလို. . . ဟလို"

"ဟုတ်ကဲ့၊ ကျွန်တော် ဝေလင်း စကားပြောနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း. . . မမစူဇန်ပါ၊ နေ့ခင်းက မင်း ပြောပြခဲ့

ကိစ္စ မာမီ့ကို အကျိုးကြောင်း ပြောပြတော့ ဒက်ဒီနဲ့မာမီ ည

လေးကို ကယ်ခဲ့စဉ်က ကောက်ရတဲ့ မှတ်ပုံတင်တစ်ခု ရှိတ

အဲဒါ မင်းကို ပြချင်လို့ ရုံးခန်းကို ဝင်လာခဲ့ဖို့ မှာတာပါ၊ ဒီကိစ္စ

ညီမလေး မသိစေချင်ဘူးကွယ်"

"စိတ်ချပါ မမ၊ အခု မမ လက်မှာ ရှိတဲ့ဥစ္စာက ခိုင်လုံ

အထောက်အထား ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊

မိန့် အခြေအနေကရော"

"သူကတော့ အစစအရာရာ ပုံမှန်ပါပဲ၊ သူ့ကို မျက်

မပြတ် မသိမသာ စောင့်ကြည့်နေတယ်လေ၊ ဖုန်းလည်း

မကိုင်ထားဘူး"

"သူ့ကိုတော့ သိပ်အတင်းအကျပ် မချုပ်ချယ်ပါနဲ့ မ

တစ်ဘက်ကို စိတ်တအားယိုင်သွားမှာစိုးလို့ပါ"

"အေးပါကွယ်၊ ငါ့မောင်လည်း စိတ်ရောလူရော ပင်ပ

လှပါပြီ၊ ဂွတ်နိုက်နော်"

"ဂွတ်နိုက် မမ"







"ရှုတ်"

ရုတ်တရက် ပီတိနို အိပ်ခန်း ပြတင်းဝမှ လှရိပ်ကို ရုတ်တနဲ မြင်လိုက်ပြီး အသံကြားရုံနှင့် မင်းထွဋ် ဖြစ်မှန်း သိလိုက်သည်။ ခပ်မြန်မြန် အိပ်ခန်း ဝရံတာတံခါး ဖွင့်၍ပေးလိုက်သည်။

အခန်း၏ ထောင့်အကွယ်ကို အကာကွယ် ယူ၍ သူတို့နှစ်ဦး ဝေးကွာနေသော အချိန်များအစား ခန္ဓာကိုယ်ချင်း ပူးကပ်ဖက်တွယ်ထားမိသည်။

အတန်ကြာကြာ နေပြီး စိတ်ကျေနပ်မှ တစ်ဦးကိုတစ်ဦး ကြည့်ကာ စကားဆိုမိကြသည်။

"ဘယ်လိုလုပ် ဝင်လာတာလဲဟင်"

"ကိုယ်က အောင်ခန့်လေ၊ မင်းရှိတဲ့နေရာ ကိုယ် အရောက် လာရမှာပေါ့၊ မင်း ကိုယ့်ဆီ အဆက်အသွယ် မရတာတည်းက သဘောပေါက်တယ်၊ ရော့. . . ဒီမှာ ဖုန်းစအသစ်၊ ဒီဖုန်းက မင်းနဲ့ ကိုယ့်အတွက်ပဲ သုံးနော်၊ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိမမြင်စေနဲ့ မင်း အပြင်ထွက်ဖို့ ချောင်ရင် ဆက်သွယ်လိုက် ကိုယ် လာခေါ်မယ်၊ ဟုတ်ပြီလား”

ဆေးညွှတ်ကွင်း မိနေသည့်အလား ပီတိနို မင်းထွဋ် ပြောသမျှ ခေါင်းက ညိတ်ရုံမျှပင်။ နှုတ်ဆက်ခြင်း သင်္ကေတ အောက်မှာ မျက်လုံးလေး မှေးစင်း၍ စိတ်ကို လျှော့ထားလိုက် သည်။

သည်ရင်ခွင်နွေးထဲမှာ ထာဝရ လွတ်လပ်စွာ နေခွင့် ရချင်ပါသည်။ ခုတော့ လှစ်ကနဲ ပျောက်ကွယ်သွားသော သူ့ နောက်ကို ငေးမောကြည့်ရင်း ခန္ဓာအိမ်မှာ ကပ်ကျန်ခဲ့သော ချစ်သူ၏ အငွေ့အသက်တို့ကို တရှိုက်မက်မက် ရှူရှိုက်ပြီး အလွမ်းဖြေရုံကလွဲလို့ ဘာမျှ မတတ်နိုင်တော့ချေ။





ညက ပီတိနိုနှင့် တိတ်တိတ်လေး ခိုးတွေ့ပြီးနောက်ပိုင်း မင်းထွဋ်၏ ရုံးခန်းမှ လုပ်ငန်းဖိုင်များ အိမ်သို့ သယ်လာပြီး မည် သည့် အကူအညီ လက်ထောက်မျှ မပါဘဲ လုပ်ငန်းစဉ် စရတော့ မည်။

ယခင်ကလို မြသစ်လွှာ ဝင်ချင်ဝင် ထွက်ချင်ထွက် မရ အောင် တံခါးကို သော့ချထားရသည်။ နောက်ထပ် မည်သည့် လုပ်ငန်းမှ ဆက်သွယ် မလုပ်ကိုင်တော့ဘဲ ရှိရင်းစွဲ လုပ်ငန်းအချို့ တို့ အင်တာနက်မှတစ်ဆင့် လျှို့ဝှက်စွာ ရှယ်ယာ ရောင်းချရ တော့မည်။

မြသစ်လွှာ မရိပ်မိခင် လှုပ်ရှားရပေမည်။ ပြီး. . . တစ် ဆင့်ပြီး တစ်ဆင့် မင်းထွဋ်၏ ဦးနှောက်ဉာဏ်တို့ကို မြသစ်လွှာ မတားဆီးနိုင်မီ အကွက်ကျကျ ချထားရလေပြီ။ ရှိသမျှ ဖုန်းအား လုံး ပိတ်ထားပြီး ပီတိနိုနှင့် ဆက်သွယ်ရန် ဖုန်းကိုသာ ဖွင့်ထားခဲ့ သည်။



www.burmeseclassic.com

နှစ်ကာလ ကြာရှည်စွာ မြှုပ်နှံထားရသော နှလုံးသား အရှိန်တို့သည် အားကောင်းစွာ ဒရစပ် လည်ပတ်ရင်း နှလုံးသား ၏ တောင်းဆိုမှုအောက်မှာ စိတ်က အလိုလိုက်ကာ လုပ်ဆောင် မိနေသည်။

မင်းထွဋ်ဆိုတဲ့ဘဝကို ခံယူရင်း ဒီမြေကို ရောက်ရှိလာရ တာ၊ တစ်ခဏတာ ရင်ခွင်မှာ ခိုလှုံဖူးသည့် ချစ်ခဲ့ရသူကို တွေ့ လိမ့်နိုးနှင့် ရှာဖွေနေခဲ့ရတာ။ ခုတော့ ချစ်အမောတို့ ပြေလေပြီ မင်းအတွက်ဆို အရာအားလုံး အသင့်ဖြစ်ဖို့ စွန့်လွှတ်ဖို့ ရဲဝံ့နေပေ ပြီ။

...❀❀❀...





## အခန်း (၃၆)

"တန်. . . တန်. . . တန်"

ဟဲန်ဖုန်း တီးလုံးသံကြောင့် မင်းထွဋ် လျင်မြန်စွာ ကောက်ကိုင်လိုက်သည်။

"ကိုယ်. . . နိုနိုပါ၊ ခုလေ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ ကြီးလည်း အိပ်ပျော်နေတယ်၊ အဲဒါ ကိုယ်နဲ့ တွေ့ချင်တယ်"

"ရက်စ်. . . ဆယ့်ငါးမိနစ်အတွင်း လမ်းထိပ်ကို ရောက် ယ်၊ နို. . . ကြိုထွက်ခဲ့၊ ဟုတ်ပြီလား"

"ဟုတ်"

တကယ့်ကို အချစ်နတ် ဖမ်းစားခံသူပမာ တစ်ချိန်လုံး မ်မွေ့ ရိုးအေးစွာ နေတတ်သူလေး ဖုန်းခိုးဆက်တတ်လာပြီ။

www.burmeseclassic.com



တိတ်တိတ်လေး ဖွတ်ခိုးထွက်တတ်လာပြီ။ ခုချိန်မှာတော့ ဒီ ကြားမင်း ဆင်းတားတောင် ရနိုင်ဖွယ်မရှိ။

"တီ တီ"

ခပ်လှမ်းလှမ်း အကွယ်တစ်နေရာမှ ဟိုဒီ ငေးမျှော်နေ သူလေးအား ဟွန်းသံပေး၍ ခေါ်လိုက်သည်။ 'ကျွီ'ကနဲ ကား အရပ်၊ ခပ်မြန်မြန် ဖွေ့ကနဲ ကားပေါ်တက်၊ ပါလာသူလေးကို သူ့ကိုယ်နှင့် နီးကပ်အောင် ဆွဲခေါ်ယူလိုက်သည်။ ပြီး. . .

"ဘယ်ကို သွားချင်လဲ"

"ဟင့်. . . တစ်ခုခု စားပြီး စကားပြောမယ်လေ"

ပီတိနိုတစ်ယောက် ချွဲချွဲနွဲ့နွဲ့ လေသံတွေ သုံးတတ်လာပါ ရောလား။

"ဘာစားချင်လဲ"

"လူရှင်းတဲ့ဆိုင်မှာ ဘာစားရစားရ"

"ဝေါ"

မင်းထွဋ် ကားကို လီဗာမြှင့်၍ ခပ်လျှင်လျှင် မောင်းကာ ဝတ္တာလစ်ဘက်သို့ မောင်းလာခဲ့သည်။ စင်ကာပူစတိုင် ဆိုင်ရှေ့ သို့ ကားရပ်ပြီး ပီတိနို ကားတံခါး ပြေးဖွင့်ပေးကာ တစ်ဦးခါး တစ်ဦး ဖက်၍ ဆိုင်တွင်း ဝင်လာသောစုံတွဲကို တစ်စုံတစ်ဦးက မြင်ဖြစ်အောင် မြင်သွားတော့သည်။

"ကြည့်စမ်း ကြည့်စမ်း၊ ကြည်နူးနေလိုက်ကြတာ၊ ငါတို့





တော့ တို့ထိဖို့ ဝန်လေးတဲ့သူက ပီတိနိုဆိုတဲ့ ဟာမလေးကိုတော့ လွတ်သွားမှာစိုးလို့ ဖက်ထားလိုက်တာ၊ ထင်တဲ့အတိုင်းပါပဲ၊ သူ တို့ချင်း မရိုးသားတဲ့အတိတ် ရှိခဲ့မှာပါလို့၊ ရအောင်ကို စုံစမ်းရ မယ်"

ဒေါ်သမီးပုံကြီး ရင်ဝယ် ပိုက်ကာ အော်မရ ဟစ်မရ တလိပ်လိပ် ခံစားရသူက မြသစ်လွှာပင် ဖြစ်တော့သည်။ ချက်ချင်းပင် စူဇန့်ထံ ဖုန်းကောက်ဆက်လိုက်သည်။

"ဟလို. . . စူဇန်လား၊ မြသစ်ပါ"

"ပြောပါ မြသစ်လွှာ"

"စူဇန့် ညီမလေး အိမ်မှာလား ကျောင်းမှာလား"

"နေမှ မကောင်းတာ၊ ကျောင်းမတက်ရဘူးလေ"

"ဒါဆို အိမ်မှာပေါ့၊ သေချာရဲ့လား"

"ဘာဖြစ်လို့လဲ"

"ဒီလို. . . ဒီလို. . . လေ"

"ဟင်"

အံ့သြဝမ်းနည်းရသူက စူဇန်ပင်ဖြစ်သည်။ အပြင်ပနှင့် လုံးဝ အဆက်ဖြတ်ပေးထားတာတောင် ဘယ်က ဘယ်လို ဆက် သွယ်ရသွားတာပါလိမ့်။ ဒီလူ ညီမလေး ပတ်ဝန်းကျင်မှာ အမြဲလို ရှိနေ၍ ဖြစ်မည်။

"ဒေါ်သမဖြစ်ပါနဲ့ မြသစ်ရယ်၊ စူဇန် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြသစ်လွှာ၏လူအနေနှင့် မင်းထွဋ်အပေါ် သိထားရ၍ တောင်းပန်နေခြင်း ဖြစ်သည်။ မြသစ်လွှာကတော့ ရင်ထဲမှာ မအောင့်အည်းနိုင်စွာ. . .

"စူဇန်ကို မြသစ် တစ်ခုမေးချင်လို့၊ ပီတိနိုဟာ စူဇန်ရဲ့ ညီမလေးအရင်း ဟုတ်ရဲ့လားလို့ပါ"

"ဟုတ်ပါတယ်၊ ဒါပဲနော် မြသစ်၊ ဖုန်းဆက်ပြောတာ ကျေးဇူးတင်ပါတယ်"

စူဇန့်မှာ ဖုန်းသာ ချလိုက်ရသည်။ ရင်ထဲမှာ ဗလောင်ဆူနေသည်။ ဘယ်နည်းနဲ့မှ အေးနေလို့ မဖြစ်တော့။ ပီတိနိုသည် မင်းထွဋ်ဆိုသူနှင့် ဘယ်အချိန် ဘယ်ကာလကထဲက ရင်းနှီးခဲ့သည် ဆိုတာ သိဖို့ လိုအပ်လာပြီ။ ဒေါက်တာဝေလင်းနှင့် တိုင်ပင်ရပေဦးမည်။

"ဟင်း. . . မာမီ သိရင် ရင်ကွဲပက်လက် ဖြစ်တော့မှာပဲ"

...ဇဇဇဇ...





## အခန်း (၃၇)

အခန်းတွင်း အောင်းကာ နားကြပ်လေးနှင့် မင်းထွဋ်ကူးယူပေးထားသော ကြည်နူးရိပ် ချစ်သူသီချင်းတို့သည် ပီတိနိုအတွက် အားအင်များသဖွယ် အမ်ပီသရီး စက်ကလေးကို တမြတ်တနိုး နားဆင်နေမိသည်။

"ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် အမ်ပီသရီး စက်ကလေးကိုရော တန်းဖုန်းကိုပါ အလျင်အမြန် ဝှက်ရတော့သည်။ မင်းထွဋ် ကိုယ်တိုင်ကိုက သူပေးထားသည့် ပစ္စည်းလေးများ ဘယ်သူ့ကိုမှ အသိမပေးဖို့ ပြောကြားထားပြီး၍ ဖြစ်သည်။

"ဒေါက်. . ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com

"လာပြီ"

အသံပေး၍ အိပ်ချင်မူးတူး ပုံစံဖြင့် ပီတိနို တံခါးဖွင့်ပေး လိုက်သည်။

"အယ်. . . မမ. . . ကိုလင်း"

ညမိုးချုပ်ကြီး ပီတိနို အိပ်ခန်းထဲ ဝင်လာကြပုံက တစ်ခုခု ဆိုတာ ရိပ်မိလိုက်သည်။ သူတို့မျက်ဝန်းတွေသည် ပီတိနိုအပေါ် စူးစမ်း ဆန်းစစ်နေတာတော့ သေချာနေသည်။

ဟန်ကိုယ့်ဖို့ ဆိုတာ မလိမ်မညာတတ်သော ပီတိနို အတွက် အတော် ကြိုးစား သရုပ်ဆောင်နေရလေသည်။ ခုနေ ကာလမှာ ပီတိနို၏ အတိတ် အကြောင်းအရာတို့သည် ပီပီပြင် ပြင် သိရှိနေခြင်းကို မည်သူမှ္မ သိ၍မဖြစ်။

ပုံမှန် ဖြစ်လေ့ဖြစ်ထ အတိတ်မေ့လျော့သူတို့မှာ ပြင်း ထန်သော ထိခိုက်ခံမှုနှင့် တိုက်ဆိုင်မှ ပြန်လည် နိုးကြားလာကာ အလွန်အမင်း တုန်လှုပ်မှု လက္ခဏာ ပြ၍ ပေါက်ကွဲ ခံစားတတ် လေသည်။

ခုတော့ ပီတိနို ဝေဒနာ အတိမ်အနက်ကို ကိုယ်တိုင် သိဝှက်ကာ ဣန္ဒြေမပျက် နေထိုင်ခြင်းက မင်းထွဋ်အပေါ် ချစ် မြတ်နိုးစိတ်ကြောင့်ဆိုတာ ကိုယ်တိုင် ဝန်ခံပြီးသား ဖြစ်သည်။

"အိပ်ပြီလား ညီမလေး၊ ဒီမှာ ကိုလင်း စာရင်းဖိုင်တွေ လာပို့ရင်း ညီမလေး နေကောင်းမကောင်း ဝင်ကြည့်တာ"





"ကောင်းပါတယ် မမရဲ့၊ နို နေကောင်းလို့ အိမ်မှာ နေရ တာ ပျင်းလို့ပြီ၊ ကျောင်းပြန်တက်ခွင့်ပေးမှာလား"

ပီတိနို၏ တောင်းဆိုစကားကြောင့် ဒေါက်တာဝေလင်း နှင့် စုဇန် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဘယ်လို လဲ ဆိုသည့်သဘောကို အသံတိတ် မေးမြန်းလို့ နေသည်။

"အေးပါကွယ်၊ နောက်တစ်ပတ်ဆို ကိုလင်း အလုပ်အား ပြီ၊ အဲဒီတော့မှ ကျောင်းသွားချေ"

"အာ. . . မမကလဲ၊ အဆိုင်းမင့်တွေက ကိုယ်တိုင် တင် ရတာ၊ အဲဒါ ပျက်ရင် ဖိုင်နယ်မှာ ကျမှာ၊ ဒုက္ခပါပဲ"

ကလေးငယ်လို မျက်ရည်ဝဲ၍ တောင်းခံပြန်တော့ ဝေ လင်းရော စုဇန်ပါ အလိုလိုက်လျော့ချင်စိတ်တို့က ဝေ့ဝဲလာပြန် သည်။

"အေးပါ ညီမလေးရယ်၊ အဆိုင်းမင့် တင်ရမယ့်နေ့ ပို့ ပေးမယ်၊ ဟုတ်ပြီလား"

ပီတိနိုခမျာ သူမ တောင်းဆိုချက် အောင်မြင်သွား၍ မျက်ဝန်းလေး လင်းလက်သွားတော့သည်။ ပီတိနို ဆုံးဖြတ်ပြီး သားပါ။ ဒီလိုအချိန်မှာ အားလုံးနှင့် သင့်တင့်အောင် နေထိုင် ခြင်းက ရှေ့အနာဂတ်အတွက် အကောင်းဆုံးဆိုတာ တွက်ဆပြီး သားပင်။

ပီတိနို၏ နှလုံးသား ဝပ်ကျင်းထဲမှာ ထာဝရ ငြိုးအောင်း


www.burmeseclassic.com

www.burmeseclassic.com



နေသော မင်းထွဋ်အတွက် အရာရာကို ကျော်လွှားနိုင်အောင် ဖြစ်ပေါ်လာသော စိတ်ကိုတော့ မိမိဘာသာ အံ့ဩလို့ နေပေ၏။

...ဇာတ်သိမ်း...





# အခန်း (၃၈)

"ကျွိ"

အခန်းတံခါးပွင့်သံ ကြား၍ မော့ကြည့်ရာ. . .

"လာ. . . ကိုလင်း စောစောစီးစီး"

ရုံးတက်ချိန် မဟုတ်ဘဲ စောစီးစွာ ရောက်လာသူ ဒေါက်တာ ဝေလင်းအား စူဇန် နှုတ်ဆက်ရင်း ထိုင်ခိုင်းလိုက်သည်။

"ဟောဒါ မမတို့ မာမီ ကောက်ရတဲ့ အောင်ခန့်ဆိုသူရဲ့ ရာဇဝင်ပဲ"

စားပွဲပေါ်သို့ စာရွက်စာတမ်းအချို့ တင်ပြရင်း ကောက်ယူ ဖတ်ကြည့်ကာ. . .

"ဪ ဒီလူက စီးပွားရေးနဲ့ ကျောင်းပြီးထားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ၊ သူ ကျောင်းတက်ခဲ့တဲ့ နှစ်အပိုင်းအခြားနဲ့ ကျောင်းသားရေးရာမှာ စုံစမ်းခဲ့ပြီးပြီ"

"ဒီတော့"

"ဒီလူက မိဘများက တစ်ခါမှ လာတွေ့ဆုံတာ မရှိခဲ့ဘူး၊ နယ်က ကျောင်းလာနေသူပဲ၊ တက္ကသိုလ် နောက်ဆုံးနှစ်ဖြေပြီး ဘွဲ့နှင်းသဘင်လည်း လာမတက်သလို အဝေးရောက်ဘွဲ့လည်း မယူဘူး၊ အဲ့ဒီထဲက လုံးဝ ခြေရာပျောက်နေတယ်၊ ဒီမှတ်ပုံတင်က ဓာတ်ပုံနဲ့ ကျောင်းတက်စဉ်က ပုံက တူနေတယ်၊ ဒီမှာ သေချာအောင် ပုံကြီးချဲ့လာတယ်"

ဒေါက်တာဝေလင်းက သေချာစွာ လုပ်ဆောင်လာခြင်းဖြစ်သည်။ စူဇန်က ပုံကြီးချဲ့ထားသော ဓာတ်ပုံကို သေချာစွာ စူးစိုက်ကြည့်ရာ အောင်ခန့်နှင့် မင်းထွဋ် မတူ။ လုံးဝမတူ။ စိတ်ထဲမှာ ပြောနေခြင်း ဖြစ်သည်။ ဒေါက်တာဝေလင်းကလည်း ရိပ်စားနားလည်မိ၍...

"ဒီပုံထဲက အောင်ခန့်နဲ့ မင်းထွဋ်ဆိုတဲ့လူ တစ်ယောက်စီ ဆိုတာကတော့ ဓာတ်ပုံက သက်သေပြနေတာပဲ၊ မင်းထွဋ်နဲ့ အောင်ခန့် ပတ်သက်မှု မရှိနိုင်ဘူး ရှိနိုင်တယ်ဆိုတာ မင်းထွဋ်နဲ့ အောင်ခန့် ဆက်နွယ်မှုမှာ ဘယ်လိုပုံစံနှင့် ခင်မင်ရင်းနှီးမှု ရှိခဲ့တာလဲ၊ ပီတိနိုနဲ့ မင်းထွဋ်ကြားမှာ အောင်ခန့်ဆိုသူ ပတ်သက်သလား ဒါကို သိမှ ဖြစ်မယ်"





"မမစူဇန်လည်း အဲဒါကို စဉ်းစားနေတာ"

"ဒီလိုလုပ်ပါလား၊ ဒေါ်မြသစ်လွှာကို ပြကြည့်ပါလား၊ အဖြေတစ်ခု ရတာပေါ့"

"အေး... ဒါလည်း ဟုတ်တာပဲ၊ ဦးမင်းထွဋ်ဆိုတဲ့လူဟာ သူနဲ့ ရင်းနှီးကျွမ်းဝင်ပြီးမှ ရောက်လာတာ၊ ဒီတော့ မြသစ်လွှာ သိကို သိရမယ်"

စူဇန်နှင့် ဒေါက်တာဝေလင်းမှာ ပြောလည်းပြော၊ ဆုံးဖြတ်ချက်လည်း ချလိုက်ပြီး မြသစ်လွှာထံ ဖုန်းဆက်လိုက်သည်။ ဖုန်းခေါ်၍မရ။ ပြင်ပသို့ ရောက်နေကြောင်းပဲ ဖြေနေသည်။

"တန်... တန်"

စူဇန် ဖုန်းပြန်အချ ဖုန်းကောလ် ဝင်လာ၍ ကြည့်လိုက်တော့ မြသစ်လွှာ ဖုန်းနံပါတ်။ ကမန်းကတန်း ဖုန်းခွက်ကို ကပ်၍ ပြောလိုက်မိသည်။

"အမလေး... မြသစ်ရယ်၊ ခေါ်လိုက်ရတာ"

"မြသစ်လည်း ခေါ်နေတာ၊ စူဇန် ခေါ်တာ ကိစ္စရှိလို့လား"

"ရှိတာပေါ့၊ အခု ဘယ်ရောက်နေတာလဲ၊ စူဇန့်ရုံးခန်းကို နီးရင် ခဏဝင်ခဲ့ပါလား"

"အိုကေ အိုကေ၊ ခုချက်ချင်း လာခဲ့မယ်"

စူဇန့်ရုံးခန်းမှာ သုံးယောက်သား ခေါင်းချင်းဆိုင်လို့ နေ



www.burmeseclassic.com

www.burmeseclassic.com

ချေပြီ။ ဓာတ်ပုံနှင့် မှတ်ပုံတင်ထဲမှ လူပုံကို ကြည့်ပြီး အဖြေထုတ်နေကြသည်။ မြသစ်လွှာမှာ စဉ်းစားရင်း. . .

"ကိုမင်းထွဋ်နဲ့ ညီအစ်ကိုများလား"

"အင်း. . . စဉ်းတော့ စဉ်းစားစရာပဲ၊ ဒီလိုလုပ်ပါလား မမြသစ်၊ ဦးမင်းထွဋ်ကို မသိမသာ မေးကြည့်ပါလား၊ နောက်တစ်ခုက ဦးမင်းထွဋ်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းထဲက တစ်ယောက်ယောက်ကိုရော မသိဘူးလား"

"ပြောရမှာလည်း ရှက်ပါတယ်၊ ဒီလူကို စတွေ့ချိန်ကရော အခုချိန်ထိ သူ့ရဲ့ ခြေလှမ်းမှန်သမျှ သေသပ်ပိရိစွာ အနေထိုင် ကျစ်လစ် သိုသိပ်တဲ့သဘောမှာ ရှိတယ်၊ မြသစ် သူ့အိမ်မှာ ရှာပြီးပြီ၊ ဘာမှ သက်သေ အထောက်အထား မရှိ၊ ဓာတ်ပုံဟောင်း တစ်ပုံတောင် မရှိတာ အမှန်ပဲ"

"ဒါဆို သူ့ပတ်စ်ပို့မှာရော"

"မစ္စတာရန်(ခ)ဦးမင်းထွဋ်ပဲ ဖြစ်နေတယ်"

"သူ့ရဲ့ စီးပွားရေး လုပ်ကွက်တွေကရော"

"ဒီလူရဲ့ဦးနှောက် အဲဒီအတွေးက သိပ်မြင့်တယ်၊ တော်တယ်၊ အမှားမရှိဘူး၊ ဒါကြောင့် မြသစ်တို့ ကုမ္ပဏီနဲ့ မြန်ဒီကုမ္ပဏီ အောင်မြင်တာလေ"

"မြသစ်က ကူညီနေတာဆို"

"ဟုတ်တယ်လေ၊ မြသစ်က အဆက်အသွယ် ကောင်း





တယ်၊ ဒီလူက စီးပွားရေး အကွက်ချတာ တော်တယ်၊ နှစ်ယောက် ပေါင်းပြီး ရှာကြတာလေ၊ ဒါပေမယ့် ဒီလူက စီးပွားရေး အတွက်ပဲ ပေါင်းသင်းလို့ ကောင်းတာ၊ လူမှုရေး ခေါင်းပါးတယ်၊ ဘဝင်မြင့်တယ်"

မြသစ်လွှာ ပြောလည်းပြော၊ ရင်တွင်း မကျေနပ်မှုများကြောင့် မျက်ဝန်းများ အရောင် ဝင်းဝင်းတောက်နေသည်။

"ကျွန်တော်တို့ အခု ဆောင်ရွက်ရမှာက တစ်ဖက်သားကို ဒုက္ခရောက်စေတာမျိုး မဟုတ်ပါဘူး၊ ပီတိနို တစ်စုံတစ်ခုဖြစ်မှာကို စိုးလို့ အချိန်မီ တားဆီးတဲ့သဘောပဲ၊ အဲဒါ မမြသစ်ကို အကူညီ တောင်းခံတာပါ"

"စိတ်ချပါ၊ မြသစ်ကလည်း ကြိုးပမ်းနေတာလေ၊ တစ်ခုခု ထူးရင်တော့ အမြန်ဆုံး ဆက်သွယ်ကြဖို့ သဘောတူတယ် မဟုတ်လား"

နဂိုကတည်းက ဦးမင်းထွဋ်အပေါ် အားလုံး၏ မကြည်လင်မှုများက ပို၍ပို၍ ထုထည်ကြီးလာပေသည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

မင်းထွဋ် ကုမ္ပဏီအတွက် အရေးတကြီးကိစ္စများကို အိမ်ကပဲ ဆောင်ရွက်ပြီး အရေးတကြီး သိမ်းဆည်းစရာများ သိမ်းဆည်းနေဆဲ တံခါးဘဲလ်သံကြောင့် ကမန်းကတန်း လူကြည့် အပေါက်ငယ်မှ ချောင်းကြည့်ရာ. . .

မြသစ်လွှာပါလား. . . ။

ဒီမိန်းမသည် သူ တံခါးမဖွင့်မချင်း ပြန်မည့်သူ မဟုတ်တာ သိထား၍ စိတ်မပါတပါနှင့် တံခါးဖွင့်ပေးလိုက်ရသည်။ လူတစ်ကိုယ်စာ တံခါးဟရုံ ရှိသေး၊ မြသစ်လွှာက မင်းထွဋ်အနီးသို့ ကပ်၍ အတင်း တိုးဝင်တော့သည်။ မင်းထွဋ် ခန္ဓာကိုယ်မှာ မနည်း ကျုံ့ဝင်ထားရသည်။





“ဟွန်း. . . သိပ်ကို မုန်းဖို့ကောင်းတဲ့လူ၊ ငါ့အပေါ်တော့ ရွံစရာသတ္တဝါ ဖြစ်နေလိုက်တာများ”

ရင်တွင်း မကျေနပ်စကားများတို့ အာသံတိတ် မြသစ်လွှာ ဆိုရင်း မင်းထွဋ်၏ရင်ခွင်သို့ တိုးကပ်ကာ မင်းထွဋ် အင်္ကျီ ကော်လံစကို လက်နှင့် တို့ခတ် ကစားရင်း. . .

“ထွဋ်. . . ရုံးလည်း မတက်၊ အဆက်သွယ်လည်း မရလို့လေ၊ နေမှ ကောင်းရဲ့လားလို့”

မြသစ်လွှာ၏ ကိုယ်သင်းရနံ့တို့ကို အလုံးစုံ မရှိုက်ရှုမိအောင် မင်းထွဋ် ထိန်းချုပ်ထားရသည်။ အန္တရာယ်ရှိသည့် အပြင်းစား ပိုးအားကို သွားရောက် မတို့ထိအောင် ရှောင်ဖွင်းနေရသူပမာ ဖြစ်နေရသည်။ စိတ်လည်း တို၊ စိတ်လည်း ကျဉ်းကျပ်နှင့် ဒေါကန်စိတ်ကြောင့် မျက်နှာတို့ နီရဲနေတာ သေချာသည်။

သူ့အမူအယာတို့ကို အလွန်ပါးနပ်သော မြသစ်လွှာ တစ်ယောက် မရိပ်စားမိဘဲ မနေပါ။ သိသိကြီးနှင့် တမင် အတွက်ဆင် ကလိနေခြင်း ဆိုတာ မင်းထွဋ် သိရှိပြီးသားပင်။ ခုချိန်မှာ အားလုံးကို ကလန်လို့လည်း မဖြစ်။ အမျက်နှင့် မနှစ်မြို့မှုကို ကြောင်လက်သည်း ဝှက်သကဲ့သို့ သိုဝှက်ထားလို့ နေရသည်။

တစတစနှင့် မြသစ်လွှာ၏ တို့ခတ် ညို့ငင်မှုတွေက လှုပ်လှုပ်ရှားရှား တိုးမြင့်လာသည်။ ရေမြွေတစ်ကောင်တဲ့သို့ နှလုံးသွင်းကာ မင်းထွဋ် ငြိမ်သက်နေလိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com

"တန်. . . တန်"

ဖုန်းမြည်သံကြောင့် ခေတ္တအခိုက်အတန့်မှာ မင်းထွဋ်မြသစ်လွှာအား အတင်းခွာထုတ်ကာ ခပ်လှမ်းလှမ်းမှ ဖုန်းသံမြည်ရာသို့ ထွက်ခဲ့လိုက်သည်။ ပီတိနိုဆီက မက်ဆေ့ချ် ဖြစ်နေသည်။

"အေး. . . ငါပါကွ၊ ပြီးရင် ပြန်ဆက်မယ်၊ ဘာ. . . အခု လာခဲ့ရမယ်၊ လာပြီ လာပြီ"

တစ်ဘက်မှ အပြောကို မစောင့်ဘဲ ပြောချင်ရာပြောပြီး ဖုန်းပိတ်လိုက်သည်။

မင်းထွဋ် အခြေအနေ ပေးတုန်း ကိုယ့်အိမ်ထဲ ဝင်လာသည့် ပင့်ကူမယ်၏ ရန်ကို လွတ်ကင်းအောင် ခပ်သုတ်သုတ် အပြင်ထွက်ရန် ဆောင်ရွက်ရတော့သည်။

မြသစ်လွှာ၏ မျက်ဝန်းနှင့် မျက်နှာပြင်မှာ မကျေနပ်မှုကြောင့် ညှိုမည်းနေတာ သေချာပေမယ့် သူ မတတ်နိုင်ပါ။ ဘာပြောပြော ဒီစက်ကွင်းမှာ အမိခံလို့ မဖြစ်တာ ကိုယ့်ဘာသာ အသိဆုံးပင်။





"ဝေါ. . . ဝူး"

ပီတိနို စောင့်မျှော်နေရာအနီးသို့ ကားကို ထိုးဆိုက်ရင်း

"ဟူး"

မင်းထွဋ် သက်ပြင်းမောကြီး ချလိုက်ရသည်။ မင်းထွဋ်မှင့်ပေးလာသော ကားတံခါးမှ ခပ်မြန်မြန် ဝင်ထိုင်ရင်း. . .

"ဟွန်း. . . မျက်နှာကြီးက သုန်မှုန်နေတာ ဘာဖြစ်လာသို့လဲ"

"ဝူး. . . မပြောပါနဲ့တော့ နိုနိုရယ်၊ အိမ်ကို ပင့်ကူ တစ်ကောင် ဝင်နေလို့၊ နိုနိုခေါ်တဲ့ ဖုန်းသာ မဝင်လာရင် ကိုယ်တော့ ခတ်နေပြီ"

"အယ်"

မင်းထွဋ်စကားကြောင့် ပီတိနို ခန္ဓာကိုယ်လေး တွန့်သွားရသည်။ မင်းထွဋ်အပေါ် ဝေ့ဝဲ အကဲခတ် ကြည့်နေ၍ သူ၏ သက်မောင်းသန်သန်ကြီးနှင့် ချစ်သူလေးကို ဆွဲယူပွေ့ဖက်ရင်း


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အပေါ် မယုံကြည်သလို မကြည့်ပါနဲ့ကွာ၊ နို့အတွက် ကိုယ့်ဘက်က အများကြီး စောင့်ထိန်းနေပါတယ်၊ စိတ်ချပါလို့ မပြောချင်ဘူး၊ ဒါပေမယ့် ဒီနေ့တော့ ကိုယ် ဆုံးဖြတ်ချက်ချလိုက်တယ်၊ နိုနို စာမေးပွဲ ပြီးတာနဲ့ လစ်ကြရအောင်၊ ကိုယ် နိုနိုနဲ့ မဝေးချင်တော့ဘူး"

"ဟင်း. . . ဟင်း၊ နိုက ပိုတောင် မဝေးချင်တာ သိလား လူပုံအလယ်မှာ အတိတ်မေ့ ရောဂါသည်လို နေရတာရယ်၊ ဆို ဆရာဝန်ကို ရှောင်ရတာရယ်၊ နိုလည်း ကိုယ့်လိုပဲ စိတ်ညစ်လာပြီ"

"အိုကေ ကောင်းပြီ၊ ဘယ်နေ့ နောက်ဆုံးဆိုတာ ပြော ကိုယ် ဒီကြားထဲ နေရာထိုင်ခင်း အားလုံး စီစဉ်ထားမယ်၊ ကိုယ်တို့ အတူနေကြတာပေါ့"

"ရွှတ်. . . ဒါမှ နို့ရဲ့ကို"

ပီတိနိုမှာ ပျော်ရွှင်မှု လှိုင်းဂယက်တို့ အရှိန်နှင့် မင်းထွဋ် ပါးပြင်ပေါ် မွှေးပျံ့စွာ တို့ခတ်ပေးလိုက်သည်။ ခုနက ငရဲ စက်ကွင်းထဲ ဝင်ခဲ့ရသလို ခံစားမှုမျိုး မဟုတ်ဘဲ ခုတော့ အချစ် အိုအေစစ် ရေစီးကြောင်းထဲမှာ မင်းထွဋ်ကိုယ်တိုင် မျောပါလို့ နေချေပြီ။

...ဓမ္မဆော...





## အခန်း (၄၀)

နောက်နှစ်ပတ်အကြာမှာတော့. . .

"စူဇန်ရေ. . . စူဇန်ရေ"

ကုမ္ပဏီရုံးခန်းထဲသို့ ကသောကမျော ဝင်လာသူ မြသစ်လွှာအား အံ့အားတသင့် ကြည့်နေသူက စူဇန်ပင် ဖြစ်သည်။ မြသစ်လွှာအား ထိုင်စရာ ပေးရင်း. . .

"သွားပြီ စူဇန်"

"အလန့်တကြား မြသစ်ရယ်၊ လူကိုယ်တိုင် လာတာ အရေးတကြီး ရှိလို့လား"

"ရှိတာပေါ့၊ စူဇန့် ညီမလေးရော ကျောင်းတက်လား"

"မတက်ရဘူး၊ မနက်ဖြန်မှ ဆိုလား၊ အိမ်မှာ ရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ဖုန်း. . ဖုန်းဆက်ကြည့်ပါလား"

"ဆက်ဆို ဆက်ပါ့မယ်၊ ဘာကြောင့်ဆိုတာ သိခွင့်ရမလား"

အလောတကြီး နိုင်လှသော မြသစ်လွှာ ပုံစံကြောင့် မေးယူရတော့သည်။

"ဆောရီး သူငယ်ချင်းရယ်၊ ကိုယ် လောကြီးသွားတယ်၊ ဟိုလူလေ. . . သူ့တိုက်ခန်းမှာ မရှိတော့ဘူး"

"ဟာ. . . မြန်လှချည်လား"

စူဇန်ပါ မြသစ်လွှာနှင့် ရော၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့သည်။

"သူ့ကို တိုက်ခန်းမှာ သွားရှာတာလေ၊ အဲဒီတိုက်ခန်းကို အခု သူများကို ရောင်းလိုက်လို့၊ ဘယ်အချိန်က ဒီလူ လစ်သွားပြီလဲ မသိ"

"အယ်. . . ဒါဆို ကိုလင်းကို ခေါ်ပြောမှပဲ"

စူဇန်ရော မြသစ်လွှာပါ စိတ်ရော လူပါ ဦးနှောက်စားနေရပြီ။ စူဇန်ကတော့ ညီမကဲ့သို့ သံယောဇဉ်၊ သမီးရင်းကဲ့သို့ တွယ်တာနေသော မိခင်ကြီး သောကပွားမှာကိုပဲ ပူပန်ခြင်းရယ်ပါ။

မြသစ်လွှာကတော့ ထို့ထက်မက ပူလောင် ခံပြင်းနေတာ သေချာပါပြီ။ သေသေချာချာ ချိန်ရွယ် ပစ်မှတ်ထားသော





မြှင့်တစ်ခု။ မကြာမီ မလွဲမသွေ သူမထံ ခိုဝင်လာမည့်သူဆိုပြီး ယုံကြည်ထားတာ အမျှော်ကြီး မျှော်လင့်ခဲ့တာ။ ခုတော့ လူတစ်ယောက်၏ အတွင်းစိတ်ကို မှန်းဆရ ခက်မှန်း ဘာသာ သိလိုက်ရပါပြီ။

"ကျွိ"

အခန်းတံခါးပွင့်လာ၍ ဝင်လာသူက ကိုလင်းဖြစ်သည်။

"ကိုလင်းရေ. . . ဟိုလူ လစ်ပြေးပြီ"

"ခင်ဗျာ"

"ဟုတ်တယ်၊ သူ့ကိုယ်ပိုင် ကွန်ဒိုတိုက်ခန်းမှာလည်း မရှိတော့ဘူး၊ ပြီး သူ့ရဲ့မြန်ဒီကုမ္ပဏီကိုလည်း အင်တာနက်ကနေ ချိတ်ပြီး ရောင်းလိုက်တာ၊ မြသစ်တောင် မသိလိုက်ဘူး"

"တော်တော် ဦးနှောက်ပြေးတဲ့လူပဲ၊ ဒါနဲ့ ပီတိနိုး ဒီနေ့ ကျောင်းမတက်ဘူး မဟုတ်လား၊ အိမ်ကို ဖုန်းဆက်ကြည့်ပါဦး"

"တီတီတီ"

အတန်ကြာ ဟဲန်းဖုန်းကိုယ်စီနှင့် ဖုန်းခေါ်ကြသည်။ အိမ်ဖုန်းလည်း ကိုင်သူမရှိ။ ပီတိနိုးမှာ ဟဲန်းဖုန်းပေးမထား၍ ဆက်သွယ်ရန် မလို။

ဒေါက်တာဝေလေင်း တစ်ချက် စဉ်းစားလိုက်ပြီး. . .

"အင်း. . . အခု ဖြစ်နေတဲ့ အဖြစ်အပျက် အရပ်ရပ်မှာ ပီတိနိုးဟာ သူ မွေ့လျော်နေတဲ့ အတိတ်ကဏ္ဍ အားလုံးနဲ့ မြန်



www.burmeseclassic.com

www.burmeseclassic.com



သတိရနေလောက်ပြီ မမစုဇန်"

စုဇန်က ခေါင်းညိတ်ကာ နားထောင်ပေမယ့် ဒေါက်တာဝေလင်း စကားကြောင့် အံ့သြရသူက မြသစ်လွှာပင်။

"ဘာ. . . ဘာရယ်၊ ပီတိနိုက အတိတ်မေ့သူ၊ အခု ပြန်သတိရလာတာ၊ ဒါဆို သူတို့က နဂိုကတည်းက ရင်းနှီးကြသူတွေပေါ့၊ ဘုရား. . . ဘုရား"

မြသစ်လွှာ ရင်ဘတ်လေး ဖိ၍ ဘုရားတ,နေခြင်းပင်။

"မြသစ်တော့ ခေါင်းလည်း ခြောက်၊ ဦးနှောက်လည်း လည်ကုန်ပါပြီ၊ ဒါပေမယ့် ဒီမင်းထွဋ်ဆိုတဲ့လူက လူဆိုးလား လူကောင်းလား သိဖို့တော့ လိုအပ်လိမ့်မယ်"

"အဲဒါတော့ စုံစမ်းမှ ရမယ် ကိုလင်းရေ"

"စိတ်ချပါ မမ၊ အခု အိမ်ကို ကျွန်တော် ဖုန်းဆက်ချက်သွားကြည့်လိုက်မယ်၊ ပီတိနို ရှိမရှိပေါ့"

"အေး အေး၊ မြန်မြန်သွားပါဟယ်၊ မြန်မြန် အဆက်သွယ် လုပ်ဦးနော်"

ရင်မော၍ ကျန်ခဲ့ကြသူ သုံးဦး အလုပ်ရှုပ်ကုန်လေပြီ။

...ꩤꩤꩤ...





## အခန်း (၄၁)

နောက်ဆုံးပေါ် မှန်အလုံပိတ် ကားလေး အဝေးပြေးလမ်းမပေါ်မှာ တရိပ်ရိပ် ပြေးလို့ နေပေသည်။ ကားမောင်းသူနှင့် ဘေးမှာ အတူထိုင်သူ မိန်းကလေးမှာ တစ်ဦးကိုတစ်ဦး ချစ်ကြည်နူးစွာ ကြည့်ရင်း ပျော်ရွှင်နေကြသည်။

"နိုနို. . . အခုလို ရဲရဲဝံ့ဝံ့ ကိုယ့်နောက်ကို လိုက်ခဲ့မယ်လို့ ကိုယ် မထင်ထားဘူး"

"ဟွန်း. . . ကိုယ်ကရော ဘာဖြစ်လို့ ချက်ချင်းကြီး ခုလိုနဲ့ အဝေးကြီး အတူသွားချင်ရတာလဲ"

"အန္တရာယ်တွေ များလာလို့"

"ဟင်. . . ဘယ်သူတွေလဲ၊ ဟိုတုန်းက လူတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကိုယ်တို့ အနီးနားက လူတွေပဲ"

"တကယ်. . . ဘယ်သူတွေလဲဟင်"

"နိုနို့အနားက ဒေါက်တာဝေလင်း၊ ပြီး. . . ကိုယ့်အနား ကပ်ပြီး ချက်ကင် လုပ်နေတဲ့ မြသစ်လွှာ"

"အယ်. . . နို ထင်တော့ ထင်သားပဲ ကိုလင်းလို့ ဘယ် လိုလုပ် သိတာလဲဟင်"

"ဒီလို ဒီလို၊ တစ်နေ့ ကိုယ် ကားထားတဲ့ ကားပါကင်မှာ ကားထုတ်ဖို့ အသွား လူတစ်ယောက်က အကွယ်ကနေ ကို အောင်ခန့် ဆိုပြီး လှမ်းခေါ်တယ်၊ ရုတ်တရက်ဆိုတော့ ကိုယ့်ခြေ လှမ်းတွေ တန့်သွားတယ်၊ လှည့်ကြည့်မိတယ်၊ အဲ့သလို ခေါ် လိုက်သူက ဒေါက်တာဝေလင်း ဖြစ်နေလို့ အံ့သြရတယ်"

"ကိုလင်းတို့ဆီမှာ အောင်ခန့်ဆိုသူရဲ့ တစ်ခုခုများ ရှိနေ လို့လား၊ ကိုယ့်ရာဇဝင်ကို ရိပ်မိသွားလို့လား"

"အဲ့ဒီလို ခေါ်ပြီး ဒေါက်တာဝေလင်းက အနားရောက် လာပြီး ခင်ဗျား ကိုအောင်ခန့် မဟုတ်လားလို့ ထပ်မေးတယ်၊ ကိုယ်လည်း ဝန်မခံချင်တာနဲ့ ဒေါက်တာ ခင်ဗျား လူမှားနေပြီ ထင်တယ်လို့ ပြောလိုက်ပြီး ကားပေါ်တက် ထွက်ခဲ့တာ၊ အဲ့သည် နောက်ပိုင်း ကိုယ် စဉ်းစားမိလာတယ်၊ မကြာခင် နိုနိုနဲ့ကိုယ် နီးကပ်လာတိုင်း သူတို့နဲ့ ရင်ဆိုင်ရမယ့် အန္တရာယ် ရှိလာမယ်၊ ကိုယ် ဒီပတ်ဝန်းကျင်က ခွာမှ ရတော့မယ်လေ၊ ဒါကြောင့် ကိုယ့်





ကုမ္ပဏီလုပ်ငန်းတွေ၊ အိမ်နဲ့ကားကို သိုသိုသိပ်သိပ် လက်လွှဲ ရောင်းချပြီး နိုနို့ကို လာခေါ်တာ၊ ကိုယ် နိုနိုနဲ့ မဝေးချင်တော့ဘူး လေ"

"တကယ်လို့ နိုက လိုက်မလာရင်ကော"

"ကိုယ့်ရဲ့ ကုသိုလ်ကံပဲပေါ့"

မင်းထွဋ် သည်လို ပြောလာတော့ ပီတိနို၏ ပြည့်ဖောင်း ဖောင်း လက်ချောင်းလေးများနှင့် မင်းထွဋ် နှုတ်ခမ်းပေါ် လှမ်း ထားမြစ်လိုက်သည်။

"ဟင့်. . . ဟင့်၊ နိုနဲ့ ခွဲမယ့်စကား မပြောလာနဲ့နော်၊ အတူတူ သေမင်းတံခါးဝက လွတ်အောင် ရုန်းလာတဲ့အဖြစ်က ခုထိ နီးကပ်စွာ ခံစားနေရတုန်းပဲ၊ ဒါကြောင့် ဝေးရမယ့်စကား မပြောလာပါနဲ့နော်"

"ဩော်. . . နိုနိုရယ်"

လမ်းဘေးသို့ ကားလေးကို ထိုးရပ်လိုက်ပြီး ချစ်သူ မျက် နှာလေးကို ဆွဲယူမော့ကာ မျက်ရည်စများ သုတ်ပေးရင်း ချစ် မြတ်နိုးစွာ နှစ်သိမ့်မှု ပြုရတော့လေသည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

ဒေါက်တာဝေလင်း စာကြည့်ခန်းထဲမှာ အိပ်မပျော်နိုင်ဘဲ စာအုပ်များ လှန်လိုက် သက်ပြင်းချလိုက်နှင့် ဆောက်တည်ရာမရ ဖြစ်လို့နေသည်။ သားဖြစ်သူ၏ လှုပ်ရှားမှုကို အကဲခတ်နေသော ဖခင်ဖြစ်သူမှာ အနားသို့ လာကာ. . .

"သား. . . ဘာအခက်အခဲ ရှိနေလို့လဲ"

"ပီတိနို့ ကိစ္စပါ ဒက်ဒီ၊ သူ အခု သူ့အတိတ်က လူနဲ့ ပါသွားပြီ"

"ဟေ. . . ဒါကြောင့် သား ခံစားနေရတာကိုး၊ ဒီလို ဝေဒနာမျိုးက ဒီအတိုင်းပါပဲ သား"



"ဒါပေမယ့် ပီတိနို့က သူ့ရဲ့အတိတ်ကို ပြန်မှတ်မိပြီး သူ့စိတ်က လက်ခံတာကို ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားခဲ့တာ ဘာကြောင့်လဲလို့ သိချင်တာပါ"

"အင်း. . . ဒက်ဒီက ဒီကလေးကို တောက်လျှောက်ဆေးကုလာတော့ သူ့ရဲ့အဖြစ်က အတော် ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ပုံ ရတယ်၊ ဒါပေမယ့် အဲ့ဒီအချိန်မှာ သူ့ကို လူတစ်ယောက်က ကောင်းကောင်းမွန်မွန် ကယ်ထုတ်ခဲ့ပုံ ရတယ်၊ သူ့ရဲ့ နောက်ပိုင်းက အဖြစ်အပျက်ကို ကောင်းကောင်း သတိရချိန်မှာ ဒီလို မှုမပျက် သတိရလာတာက တဖြည်းဖြည်းချင်း သတိရလာတာ ဖြစ်မယ်၊ ဖွင့်မပြောတာက သူ့အတိတ်က ဆက်နွယ်သူအတွက် ကာကွယ်ပေးဖို့အတွက် ဖြစ်နိုင်တယ်၊ ဒါနဲ့ သူ့အတိတ်က လူနဲ့ ပါသွားတယ်ဆိုတာက"

"ဦးမင်းထွဋ် ဆိုတဲ့လူပဲ၊ ဒီလူက ပြည်ပနိုင်ငံသားအမည်နဲ့ ဗဟိုစပို့ ကိုင်ပြီး ဝင်လာတာလေ၊ သူလာတဲ့ နိုင်ငံနဲ့ ဒီလူရဲ့ နောက်ခံကို အဲ့ဒီကို သံရုံးကတစ်ဆင့် လှမ်းမေးထားပါတယ်"

"အင်း. . . ဒက်ဒီ့ သားလည်း ခုမှ ရှားလော့ဟုမ်းလေးပေါက်စ ဖြစ်နေပြီ"

"ပီတိနို့ ဒုက္ခဖြစ်မှာစိုးလို့ပါ ဒက်ဒီ၊ မမစုဇန်ရဲ့မာမီကလည်း ကျန်းမာရေး မကောင်းတော့ ကူညီပေးတဲ့ သဘောပါ"

"ဒါတော့ ဒါပေါ့၊ သားအတွက် အန္တရာယ် မဖြစ်စေအောင်

www.burmeseclassic.com

www.burmeseclassic.com

ဂရုစိုက်ဖို့ သတိပေးချင်တာပါ"

"စိတ်ချပါ ဒက်ဒီ"





"စူဇန်ရေ့ . . စူဇန်ရေ"

မြသစ်လွှာ လာပြီဆိုတာနှင့် အသံရော လူပါ ပေါ်လာခြင်းပင်။

"ကိုလင်းပါ ခေါ်လိုက်၊ ဒီမှာ ဦးမင်းထွဋ်ရဲ့ လာခဲ့တဲ့ နေရာရဲ့ ဒေါက်ကရူးမဲန့်(အချက်အလက်)တွေ"

စာရွက်စာတမ်းအချို့ စားပွဲပေါ် တင်ပြလာသည်။ ဒေါက်တာဝေလင်းမှ စိတ်ဝင်တစား ဖတ်လိုက်ရင်း . . .

"ဒီလူက အောင်ခန့် တဖြစ်လဲ မင်းထွဋ်ဆိုတာ သူ့မျက်နှာ ဆာဂျယ်ရီ လုပ်ပြီး ပြောင်းလဲခဲ့တာ ပေါ်လွင်နေတာပဲ၊ သူတို့ [illegible]နေရာမှာ ခိုလှုံနေတာ ဖြစ်မယ်၊ မြန်မာပြည်ကနေ ထွက်ခွာတဲ့ အနေအထား မရှိသေးဘူး၊ ပီတိနို့အတွက် စိုးရိမ်တာက ဒီ [illegible] ရာဇဝတ်မှု မကင်းတဲ့လူ ဖြစ်နေခဲ့ရင် တစ်နွယ်ငင်နေမှာစိုးလို့ပါ"

"ကိုလင်း စိတ်ပူသလို ညီမလေးကို အားလုံး စိုးရိမ်နေ


www.burmeseclassic.com

www.burmeseclassic.com



ကြတာပါပဲ၊ တစ်ချိန်လုံး လိမ္မာယဉ်ကျေးတဲ့ ကလေးမပါ၊ ဒီလူနဲ့ တွေ့မှ အကုန်ပြောင်းလဲသွားတာ"

"မြသစ်ကတော့ လက်သည်း ဝှက်ပြီး ဟန်ဆောင်ကောင်းတဲ့လူရဲ့ လှည့်ကွက်ကို ခံလိုက်ရလို့ ခံပြင်းတာ"

ခေတ္တမျှ ဆိတ်ငြိမ်သွားပြီးမှ. . .

"ကဲ. . . ကျွန်တော်တို့ဘက်က ပီတိနိုကို လူပျောက်တိုင်ရပါမယ်၊ ဥပဒေအရကော ကျွန်တော်တို့ အားလုံး ဝိုင်းပြီးရှာကြတာပေါ့"

"စုဇန်ရော မြသစ်ပါ ဝိုင်းကူရှာကြတာပေါ့၊ အစကတော့ ပီတိနိုအပေါ် မနာလို ဖြစ်မိတာ အမှန်ပါ၊ ခုတော့ ဒီလူရဲ့ ရာဇဝင်ကို သိရတော့ မိန်းမသားချင်း ကိုယ်ချင်းစာတယ်၊ ပီတိနို အန္တရာယ်ကင်းကင်းနဲ့ ပြန်တွေ့နိုင်ဖို့ အရေးကြီးနေတယ်"

"ကျွန်တော် အခုပဲ ကွန်ပျူတာနဲ့ ပီတိနိုနဲ့ မင်းထွန်းခိုင် ထုတ်ပြီး သက်ဆိုင်ရာကို သတင်းပို့ ဖြန့်ထားမယ်၊ အီးမေးလ်နဲ့ သက်ဆိုင်ရာကို သတင်းပို့ပြီး ထွက်ပေါက်အားလုံးကို ပိတ်ရမယ်"

"ဒါဆို ဒီကိစ္စ ရုံးခန်းမှာပဲ လုပ်လိုက် မောင်ဝေလင်း အချိန်မရှိတော့ဘူး"

...❀❀❀...





အခန်း (၄၃)

အေးမြသည့် လေညင်းကို တဝကြီး ရှူရှိုက်ရင်း ပခုံးသက် နွဲ့မှီထားသူလေးကို. . .

"နိုနို. . . ကိုယ်တို့ တောက်လျှောက် ခရီးဆက်လို့ မကောင်းဘူး၊ တစ်နေရာရာမှာ ခဏတည်းခို နားပြီးမှ သွားကြတာပေါ့"

"အင်း. . . အင်း"

သည်လို ဝေးလံသော ခရီးရှည်ကြီးကို ပီတိနို မသွားဖြစ်ခဲ့တာ ကြာပါပြီ။ တစ်ရံရောအခါက ပုံစံအတိုင်း ခုလိုမျိုး ပြေးသွားနေရတာ ပီတိနို စိတ်မကောင်း ဖြစ်နေရသည်။ ပီတိနို ခုနိုင်မှာ မှားသည်မှန်သည် မဝေခွဲချင်။

ပင်ကိုယ်ဆန္ဒအရ သူမ နှလုံးသည်းပွတ်ထဲမှာ ဤလူငယ်တစ်ဦးတစ်ယောက်အတွက်သာ ဖြစ်တည်နေချင်သည်။ အားနာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့သော မမစုဇာန်နှင့် မိခင်ကြီးအပေါ် ခွင့်လွှတ်ဖို့ကိုသာ ရင်တွင်းကြိတ်၍ ဆုတောင်းနေမိသည်။

ငြိမ်သက် တိုးတိတ်နေသော ပီတိနို့အား စိတ်ပူစွာ. . .

"နို့နို့ ငိုင်လှချည်လားဟင်၊ ကိုယ်နဲ့ ခုလို လိုက်ပါရတာ နောင်တ ရနေပြီ ထင်တယ်"

မင်းထွဋ်အမေးပြောကြောင့် ပီတိနို့ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားကာ မင်းထွဋ်အား ပိုမိုဖက်တွယ်ထားပြီး. . .

"ဟင့်အင်း ဟင့်အင်း၊ နို့ ဘယ်တော့မှ နောင်တမရဘူး ခုလို ပြန်ဆုံပြီးမှ ခွဲသွားရမှာ နို့ သေမလောက် ကြောက်တယ် အဲ့သလို မပြောပါနဲ့ ကိုယ်ရယ်၊ နို့နို့ရင်ထဲမှာ ကိုယ့်အတွက် ရှင်သန်မှုအပြည့်ပါ"

"ကဲပါ၊ ရွှေနားမှာ ကောင်းတဲ့ တစ်နေရာ တည်းခိုပြီးမှ မနက်ဖြန်မှ ခရီးဆက်ကြတာပေါ့၊ စိတ်အေးလက်အေး နေနော် နို့နို့အနားမှာ ကိုယ်ရှိတယ်"

တစ်ဦးလက်တစ်ဦး ခပ်တင်းတင်း ဆုပ်ကိုင် အားပေး ရင်း နားခိုရာ ရှာကြလေသည်။

တွေ့ပြီ. . .

ဂက်စ်ဟောက်စ်တစ်ခု။





သူတို့နှစ်ဦး ဝင်လာကတည်းက စိတ်ဝင်တစား အကဲခတ် ကြည့်နေကြသည်။ မင်းထွဋ်က သည်လို ပတ်ဝန်းကျင် ချက်ဝန်းများကို ဖတ်ရှုတတ်ဖူးခဲ့သူမို့ လျင်မြန်စွာ ဆုံးဖြတ်ချက် တစ်ခုကို ချဖို့တော့ လုပ်ဆောင်ရတော့မည်။

ယခု တည်းခိုမည်ဆိုပြီး အမည်စာရင်း ပေးပြီးကာမှ ချက်ချင်း မတည်းခိုတော့ဘူး ချက်ချင်း ထွက်ခွာပါက ရုပ်ပျက် ဆင်းပျက် နိုင်သလို ပီတိနို့ပါ ထိတ်လန့် တုန်လှုပ်ပေမည်။

ပီတိနို့ကတော့ မင်းထွဋ် ပတ်ဝန်းကျင်အပေါ် အကဲ ခတ်မှုတို့ကို ဘာမှမသိ။ တကယ့်ကို မင်းထွဋ်အပေါ် အားကိုး အကြီး ရှိလှသည်။ မင်းထွဋ် အစစအရာရာ သတိရှိနေရပါပြီ။

တစ်စုံတစ်ဦးသည် သူတို့နှစ်ဦး၏ နောက်ကြောင်းနှင့် ဝင်ကို ကောင်းကောင်း လှန်လှောဖို့ စောင့်နေတာ သေချာပါ ဟိုတယ်၏ စားပွဲထိုးလေးအား ကော်ဖီနှင့်မုန့်ကို မှာကြားခဲ့ပြီး နေမည့်အခန်းသို့ လာခဲ့ကြသည်။ လက်ဆွဲအိတ်တို့ကို နေရာချ



www.burmeseclassic.com

www.burmeseclassic.com



အပြီး. . .

"နီနီ ရေမိုးချိုးနှင့်လိုက်၊ ကိုယ် ခဏလောက် နားပြီး စောင့်နေမယ်"

"အိုကေ"

သွက်လက် ပျော်ရွှင်နေသော ပီတိနီအတွက် ကြည့်ပြီး ရင်မှာ မကောင်းချေ။ စိတ်ချလက်ချ ရှိပြီဆိုမှ မင်းထွဋ် အသင့် လာသော ဟန်းဖုန်းခလုတ်ကို ဖွင့်ကာ ဖုန်းခေါ် လိုက်သည်။ တစ်ဘက်မှ အသံရှင်သည် သူ့ထံမှ ဖုန်းဖြစ်ကြောင်း အသေအချာ တွက်ဆထားပုံ ရသည်။

"ပြောပါ ကိုမင်းထွဋ်၊ ခင်ဗျား အစီအစဉ်ကို စောင့်မျှော် နေပါတယ်"

"စိတ်ချပါ ဒေါက်တာဝေလင်း၊ ခင်ဗျားရဲ့ဦးနှောက်က အလွန်ပြေးပြီး အကွက်ကျပါတယ်၊ ပီတိနီ မှဲ့တစ်ပေါက် မစွန်းရ အောင် ကျွန်တော် စောင့်ရှောက်မှာပါ"

"ခုချိန်မှာ ကိုမင်းထွဋ် ဆုတ်သာတက်သာ အခြေအနေ ရှိပါတယ်၊ အကယ်၍ ပီတိနီကို ထားခဲ့ပေးမယ်ဆိုရင် ခင်ဗျား အတွက် လမ်းတစ်လမ်း ဖွင့်ပေးထားမယ်၊ သည်လိုမှ မဟုတ်ရင် တော့ ကျွန်တော့်ဘက်ကတော့ ပီတိနီ မိဘနှစ်ပါးနဲ့ အစ်ကို သေဆုံးမှု ကွင်းဆက်ကို ဖော်ထုတ်ရတော့မယ်၊ ဒီကိစ္စမှာ အခ က မိန်းမပွိုင့်က ခင်ဗျား ဖြစ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်





သိမှာပါ"

"ခင်ဗျား ဆိုလိုသလောက် ကျုပ်မှာ အမည်းစက် မစွန်း ထင်းသေးပါဘူး၊ ကျုပ်ကလည်း ဆုံးဖြတ်ချက် ချပြီးမှ ခင်ဗျားဆီ ဆက်သွယ်တာပါ၊ အခု မကြာခင်မှာ ကျုပ် ပီတိနီ မျက်စိရှေ့က နေ မထွက်ခွာရဲဘူး၊ သူ အရှမ်းခံစားရမှာကို ကျုပ် မလိုလားဘူး၊ ဒီတော့ သူ့ကို ကော်ဖီထဲမှာ အိပ်ဆေးအချို့ ထည့်ပြီး တိုက်ခွင့်ပြု ပါ၊ သူ အိပ်မောကျတာနဲ့ ကျုပ်လမ်း ကျုပ်လျှောက်မှာပါ"

"ကောင်းပြီလေ၊ ခင်ဗျား ယောကျ်ားပီသသူတစ်ဦးလို့ ယုံကြည်ထားပါတယ်၊ ခင်ဗျားရဲ့ဂုဏ်သိက္ခာအတွက် ခင်ဗျား တတိတည်ပါစေ"

"ကျုပ်ဘက်က အိုကေပြီဆို ဖုန်းနဲ့ ဆက်သွယ်ပါ့မယ်၊ ခုချိန်မှာတော့ ပီတိနီ ထိတ်လန့်တကြား ဖြစ်အောင် အခန်းထဲ ဝင်ရောက် ခေါ်ဆောင်တာ မလုပ်ဖို့ တောင်းဆိုပါရစေ"

"စိတ်ချပါ၊ ကျွန်တော်တို့အားလုံး အနီးကပ် ရှိနေပေ မယ့် ဘယ်သူမှ မရိပ်မိစေရဘူး၊ စိတ်ချ"

"ကောင်းပြီ၊ ဟိုမှာ ပီတိနီ ထွက်လာပြီ၊ ကျုပ်ကို အချိန် တစ်နာရီ ပေးပါ"

"အိုကေ"

မင်းထွဋ်ဘဝမှာ သည်လို စွန့်လွှတ်မှုမျိုး ကြုံခဲ့ဖူးသည်။ ဘဝကို အေးချမ်းစွာ ဖြတ်သန်းတော့မည်ဟု ယုံကြည်ထားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် နှလုံးသား တောင်းဆိုမှုအောက်မှာ မင်းထွဋ် ကျရှုံးခဲ့ရလေပြီ။

ခွင့်လွှတ်ပါ ပီတိနိုဟု မပြောသာသော်လည်း သည့်ထက် စကားလုံး ရှာမရတော့ချေ။ သည်တစ်ခါ ခွဲခွာရခြင်းသည် တစ်သက်တာ ထာဝရ ဖြစ်ပေတော့မည်။ ခေါင်းမှ ဆံနွယ်စတို့ကို သဘက်နှင့် ဖိသုတ်ရင်း ရေချိုးရာမှ ထွက်လာသော ပီတိနိုအား လက်ကမ်း ဆွဲယူလိုက်ပြီး. . .

“နို. . . အဝတ်လဲပြီး ဒီမှာ ကော်ဖီသောက်လိုက်ဦး”

“ဟား. . . ဗိုက်ဆာတာနဲ့ အတော်ပဲ၊ ဒီလို အလိုက်သိလို့ ချစ်ရတာ. . . ရှတ်”

မင်းထွဋ်၏ နှုးချိုချိုအပြုံးကို ပီတိနို မရိပ်မိစေရန် ဖုံးကွယ်ထားရသည်။ နူးညံ့ညင်သာစွာ သူမ နဖူးဆံနွယ်စများကို သပ်တင်ပေးရင်း နမ်းရှိုက်လိုက်သည်။

“နိုနို. . . ခဏလဲပြီး နားနေနှင့်နော်၊ ကိုယ် ရေမိုးချိုးလိုက်ဦးမယ်”

“ဟုတ်”

ဝိုင်းစက်သော မျက်ဝန်းလေးများ ပုတ်ခတ်၍ ခေါင်းညိတ် ပြောပုံက အပြစ်ကင်းလှသည်။ သည်လိုကာလမှာ ချစ်သူနှင့် မက်မပြေ ချစ်ကြည်နူးချင်ပေမယ့် မင်းထွဋ် စိတ်ရော ဦးနှောက်ပါ အနားမပေး လှုပ်ရှားရင်း စီစဉ်ဆွဲနေရတော့သည်။





သူ ရေချိုးခန်းမှ ထွက်လာချိန်မှာ ပီတိနို အိပ်မောကျလို့နေပေသည်။ နိုးထလာမည် စိုး၍ နောက်ဆုံး ညင်သာစွာ အနမ်းတို့ကို ပေးဆက် နှုတ်ဆက်ရင်း. . .

“ဒီတစ်ခါ ခွဲခွာရခြင်းက တစ်သက်တာ တကယ်ဝေးပြီ ပီတိနို”

လက်မှ ဘောပဲန်နှင့် စာရွက်ပေါ်မှာ စာသားအချို့ ရေးနေမိပြန်သည်။

*နိုနို. . .*

*ကိုယ် နှုတ်ဆက်ခဲ့ပါတယ်။ နိုနိုအပေါ် ကိုယ် စိတ်နှစ်ပါး မချမ်းသာအောင် ကိုယ် ပြုမူခဲ့တာကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ပါရစေ။ ကိုယ်တို့ရဲ့ ရွှေအနာဂတ် ခရီးမှာ အတူလက်တွဲခဲ့ရင်တောင်မှ သားစဉ်မြေးဆက် ကိုယ့်မိဘရဲ့အရိပ်မည်းက မလွတ်ကင်းနိုင်ပါဘူး။ သည်အတွက် တွေးမိတိုင်း လိပ်ပြာမလုံတာမို့ ဆုံးဖြတ်ချက် ပိုင်ပိုင်ချပြီး နှုတ်ဆက်ခဲ့ပါတယ်။ ကိုဝေလင်းတို့ လာခေါ်ရင် လိုက်သွားပါတော့။ ကိုယ့်ကို ရှာလို့လည်း မတွေ့နိုင်တော့ပါဘူး။ ကိုယ် ရှာဖွေခဲ့သော ငွေကြေးအားလုံး နိုနိုအတွက် အပြီးပိုင် လွှဲပြောင်းပေးထားပါတယ်။ ဘယ်အရာမဆို စိတ်ဆန္ဒအတိုင်း မစွမ်းဆောင်*



www.burmeseclassic.com

www.burmeseclassic.com



*နိုင်တာ အများကြီး ရှိပါတယ်။ နိုနို လောကခံနဲ့ တွေ့ကြုံလာရင် ကိုယ့်ကို နားလည်ပေးသူ ဖြစ်လာမှာပါ။*

*တစ်သက်တာ ထာဝရ*
*ချစ်မြတ်နိုးနေမည့်. . .*
*မင်းထွဋ်*

ပီတိနို အိပ်စက်ရာ ခေါင်းအုံးဘေးမှာ စာကို မြင်အောင်ထားပြီး မင်းထွဋ် ခြေသံလုံလုံဖြင့် လိုအပ်တာလောက်သာ ယူငင်၍ ကျောခိုင်း ထွက်ခွာလိုက်တော့သည်။

အခန်း၀ ရောက်တာနှင့် ဖုန်းခလုတ်ကို ဖွင့်ကာ. . .

"ကိုဝေလင်း. . . ခင်ဗျား ရောက်လာပြီလား"

"ကျွန်တော်. . . ခင်ဗျားနဲ့ အနီးကပ်ဆုံးမှာ ရောက်နေပါတယ်"

"ဟုတ်ပြီ၊ နိုနို စိတ်မလှုပ်ရှားအောင် ခင်ဗျား ရှိမှ ဖြစ်မယ်၊ ဒါဆို ကျွန်တော် သွားပြီ"

"ကျေးဇူးတင်ပါတယ် ကိုမင်းထွဋ်"

"ဒါနဲ့ ကျွန်တော်ရဲ့ ရှာဖွေထားတဲ့ ငွေကြေးအားလုံး ဘဏ်မှာ ရွှေနေနဲ့ ပီတိနိုအမည်နဲ့ လွှဲထားခဲ့ပါတယ်၊ ကျွန်တော် အခု ပြောနေတဲ့ ဖုန်းလည်း ခင်ဗျားတို့အတွက် ထားပေးခဲ့ပါတယ်၊ ဂွတ်ဘိုင်"





နှလုံးသား ခံစားချက်မဲ့စွာဖြင့် ညအမှောင်မှာ လူတစ်ယောက် ဖြည်းညင်း တိုးတိတ်စွာ ထွက်ခွာလို့ သွားနေသည်။

သူ ဦးတည်နေသည်က. . .

အတိတ်မှ အမည်းစက်တို့ ဆေးကြောပေးနိုင်မည့် နေရာဆီသို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

အပြစ်ကင်းစွာ အိပ်စက်နေရှာသော ပီတိနို့ တစ်ယောက် အိပ်ယာမှ နိုးထချိန်မှာ သူမ အနီး ရောက်ရှိနေသူသည် သူမ တမ်းမက်ခဲ့ရသော ရင်ခွင်နွေးပိုင်ရှင် မဟုတ်ကြောင်း သိမြင်သွားပါက အတိတ် ပစ္စုပ္ပန် အနာဂတ် ဘယ်ကဲ့သို့ တွေးဆလက်ခံမည်ဆိုတာ. . . အနားမှာ ရင်မောစွာ စောင့်ကြည့်နေသူများက ဒေါက်တာဝေလင်း၊ မမစုဇန်၊ မြသစ်လွှာတို့ ဖြစ်ကြသည်။

BURMESE CLASSIC .com



တစ်သက်တာ၏ တစ်ခါတစ်ရံ အပိုင်းအစမှာ တစ်စတွန့်မျှ ခိုလှုံခွင့် ရလည်း နွေးထွေးသည့် 'ရင်ခွင်နွေး' ကိုတော့ ဘယ်သူ မေ့နိုင်မလဲကွယ်။

ပါးလ်ခင်ခင်





www.burmeseclassic.com